# မြန်မာ့အလင်း

၁၉၁၄ ခုနှစ်က တည်ထောင်သည်။ Established in 1914

Myanma Alinn Daily


## ချမ်းသာကို ဆောင်ရွက်တတ်၏

အလွန့်အလွန် မြင်နိုင်ခဲသော၊ အလွန့်အလွန် သိမ်မွေ့သော အလိုရှိရာအာရုံ၌ ကျလေ့ရှိသော စိတ်ကို ပညာရှိသည် စောင့်ရှောက်ရာ၏။ စောင့်ရှောက်ထားအပ်သောစိတ်သည် ချမ်းသာကို ဆောင်ရွက်တတ်၏။

စိတ္တဝဂ်(ဓမ္မပဒ-၃၆)


၁၃၈၇ ခုနှစ်၊ တန်ခူးလပြည့်ကျော် ၁၂ ရက် ၂၀၂၅ ခုနှစ်၊ ဧပြီ ၂၄ ရက်၊ ကြာသပတေးနေ့ အတွဲ (၆၄)၊ အမှတ် (၂၀၂)


## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ ရှေ့လုပ်ငန်းစဉ် (၅) ရပ်

၁။ လွတ်လပ်ပြီးတရားမျှတသော ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ အောင်မြင်စွာ ကျင်းပနိုင်ရေး ပြည်ထောင်စုတစ်ဝန်းလုံး တည်ငြိမ်အေးချမ်း၍ တရားဥပဒေစိုးမိုးရေး အပြည့်အဝရရှိလာအောင် အလေးထားဆောင်ရွက်သွားမည်။

၂။ တိုင်းရင်းသားပြည်သူတစ်ရပ်လုံးနှင့် အကျိုးဝင်သော စိုက်ပျိုးမွေးမြူရေးကို အခြေခံသည့် ကုန်ထုတ်လုပ်ငန်းများအားမြှင့်တင်၍ နိုင်ငံ့စီးပွားမြင့်မားရေးနှင့် ပြည်သူလူထုတစ်ရပ်လုံး၏ လူမှုစီးပွားဘဝမြင့်မားရေး ဆက်လက်ကြိုးပမ်းဆောင်ရွက်သွားမည်။

၃။ နိုင်ငံတော်၏ ပကတိအနှစ်သာရဖြစ်သော ပြည်တွင်းငြိမ်းချမ်းရေးနှင့် ရရှိထားသည့် ပြည်တွင်းငြိမ်းချမ်းရေးရလဒ်များ တည်ငြိမ်မှုရှိစေရေးအတွက် (NCA) ပါ သဘောတူညီချက်များ အတိုင်း ဖြစ်နိုင်သမျှ အလေးထားလုပ်ဆောင်သွားမည်။

၄။ စစ်မှန်စည်းကမ်းပြည့်ဝသည့် ပါတီစုံဒီမိုကရေစီစနစ် ခိုင်မာစေရေးနှင့် ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကိုအခြေခံသည့် ပြည်ထောင်စုတည်ဆောက်ရေးလုပ်ငန်းစဉ်များကို အရှိန်အဟုန်ဖြင့် ဆက်လက်ဆောင်ရွက်သွားမည်။

၅။ ဆန္ဒမဲပေးပိုင်ခွင့်ရှိသူအားလုံး၏ အခွင့်အရေးများ နစ်နာမှုမရှိစေရေးနှင့် နည်းလမ်းကျနမှန်ကန်မှုရှိသည့် အထွေထွေရွေးကောက်ပွဲတစ်ရပ်ဖြစ်စေရေး ဆောင်ရွက်ခြင်း၊ အရေးပေါ်ကာလဆိုင်ရာ ပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ခြင်းတို့ပြီးစီးပါက လွတ်လပ်ပြီး တရားမျှတသော ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ ကျင်းပ၍ ထွက်ပေါ်လာသည့် အစိုးရအား နိုင်ငံတော်တာဝန်လွှဲအပ်နိုင်ရေး ဆက်လက်ဆောင်ရွက်သွားမည်။




နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်း ငလျင်ဒဏ်ကြောင့် ထိခိုက်ပျက်စီးခဲ့သည့် ပျဉ်းမနားမြို့ အမှတ်(၁) မြို့မဈေး ပျက်စီးမှုများ ဖယ်ရှားရှင်းလင်းနေမှုကို ကြည့်ရှုစစ်ဆေးစဉ်။

# အမျိုးသားသဘာဝဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်း နေပြည်တော်ကောင်စီနယ်မြေအတွင်းရှိ ငလျင်ဒဏ်ကြောင့် ထိခိုက်ပျက်စီးခဲ့သည့် ပျဉ်းမနားမြို့ အမှတ်(၁) မြို့မဈေးနှင့် စိုက်ပျိုးရေးနှင့် မွေးမြူရေးသိပ္ပံ(ပျဉ်းမနား)တို့ကို လှည့်လည်ကြည့်ရှုစစ်ဆေး

နေပြည်တော် ဧပြီ ၂၃

အမျိုးသားသဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်းသည် ပြည်ထောင်စုဝန်ကြီးများ၊ နေပြည်တော်ကောင်စီဥက္ကဋ္ဌ၊ နေပြည်တော် တိုင်းစစ်ဌာနချုပ် တိုင်းမှူးနှင့် အဖွဲ့ဝင်များလိုက်ပါ၍ ယနေ့မွန်းလွဲပိုင်းတွင် နေပြည်တော်ကောင်စီနယ်မြေအတွင်းရှိ ငလျင်ဒဏ်ကြောင့် ထိခိုက်ပျက်စီးခဲ့သည့် ပျဉ်းမနားမြို့ အမှတ်(၁) မြို့မဈေးနှင့် စိုက်ပျိုးရေးနှင့် မွေးမြူရေးသိပ္ပံ(ပျဉ်းမနား)တို့ကို လှည့်လည်ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များ လမ်းညွှန်မှာကြားသည်။ *စာမျက်နှာ ၃ ကော်လံ ၁* ◆

**ယနေ့** *ဖတ် စ ရာ*

### မန္တလေးလျောင်ကြီး လှုပ်ခတ်ပြီးချိန် ပုဂံတွင်ရှိသော ရှေးဟောင်းစေတီများအား ကွင်းဆင်းစစ်ဆေးပြီး ကြံခိုင်ရေးလုပ်ငန်းများ မြန်ဆန်စွာဆောင်ရွက်နိုင်ခဲ့

ပြည်တွင်းသတင်း စာ ၁၂

## ၂၃-၄-၂၀၂၅ ရက် အမြင့်ဆုံးနေ့အပူချိန်များ

| တိုင်းဒေသကြီး/ ပြည်နယ်များရှိမြို့များ | အမြင့်ဆုံးအပူချိန် ဒီဂရီဆဲလ်စီးယပ် | အမြင့်ဆုံးအပူချိန် ဒီဂရီဖာရင်ဟိုက် |
|---|---|---|
| ချောက် | ၄၄.၆ | ၁၁၂.၃ |
| မြင်းမူ | ၄၃.၅ | ၁၁၀.၃ |
| မင်းဘူး | ၄၃.၀ | ၁၀၉.၄ |
| ဆင်ဖြူကျွန်း | ၄၃.၀ | ၁၀၉.၄ |
| မကွေး | ၄၂.၈ | ၁၀၉.၀ |
| ကလေးဝ | ၄၂.၈ | ၁၀၉.၀ |
| ဂန့်ဂေါ | ၄၂.၆ | ၁၀၈.၇ |
| အောင်လံ | ၄၂.၃ | ၁၀၈.၁ |
| မြင်းခြံ | ၄၂.၀ | ၁၀၇.၆ |
| တောင်တွင်းကြီး | ၄၂.၀ | ၁၀၇.၆ |

# လက်နက်ကိုင်အကြမ်းဖက်သောင်းကျန်းသူများ၏ အသုံးချမှုမခံရစေရေးနှင့် ဘေးကင်းလုံခြုံမှုရှိစေရေးတို့အတွက် သတိပြုကြရန် လိုအပ်

**လက်နက်ကိုင်အကြမ်းဖက်သောင်းကျန်းသူများအနေဖြင့် ၎င်းတို့ အစမ္မဝင်ရောက်နေထိုင်နေသည့် မြို့၊ ရွာများ၌ တပ်မတော်၏ တန်ပြန်ထိုးစစ်ဆင်မှုများကို ကာကွယ်ရန်အတွက် ပြည်သူတို့၏နေအိမ်အဆောက်အဦများ၊ အရပ်ဘက်အုပ်ချုပ်မှုဆိုင်ရာအဆောက်အဦများကို အသုံးပြုခြင်း၊ အပြစ်မဲ့ပြည်သူလူထုကို လူသားတံတိုင်းအဖြစ်အသုံးပြုနိုင်ရေး ယာယီနေရပ်စွန့်ခွာနေရသူများကို ပြန်လည်နေထိုင်ရန်ဆွဲဆောင်စည်းရုံးခြင်း၊ အတင်းအဓမ္မလူသစ်စုဆောင်းခြင်းများကို လုပ်ဆောင်လျက်ရှိကြောင်း၊ တပ်မတော်အနေဖြင့် နိုင်ငံတော်၏ အချုပ်အခြာအာဏာကို မဖြစ်မနေကာကွယ်စောင့်ရှောက်သွားမည်ဖြစ်ပြီး အဆိုပါ လက်နက်ကိုင်အကြမ်းဖက်သောင်းကျန်းသူများ၏ သတင်းရရှိမှုနှင့် အခြေအနေအရပ်ရပ်အပေါ်မူတည်၍ လိုအပ်သလိုတုံ့ပြန်ဆောင်ရွက်သွားမည်ဖြစ်သဖြင့် ၎င်းတို့အစမ္မဝင်ရောက်နေထိုင်လျက်ရှိသည့် မြို့၊ ရွာများရှိ ပြည်သူများအနေဖြင့် ၎င်းတို့၏အသုံးချမှုမခံရစေရေးနှင့် ဘေးကင်းလုံခြုံမှုရှိစေရေးတို့အတွက် သတိပြုကြရန် လိုအပ်ကြောင်း။**

( ၃-၉-၂၀၂၄ ရက်နေ့တွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ရှမ်းပြည်နယ်အစိုးရအဖွဲ့ဝင်များ၊ ပြည်နယ်နှင့် ခရိုင်အဆင့်ဌာနဆိုင်ရာတာဝန်ရှိသူများအား ပြောကြားသည့် အမှာစကားမှ ကောက်နုတ်ချက် )

◆ *ရွှေဖုံးမှ*

ဦးစွာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ်နှင့် အဖွဲ့ဝင်များသည် မန္တလေးငလျင်ကြီးနှင့် နောက်ဆက်တွဲငလျင်များကြောင့် ထိခိုက်ပျက်စီးဆုံးရှုံးခဲ့သည့် ပျဉ်းမနားမြို့ အမှတ်(၁) မြို့မဈေးရှိ ပြိုကျပျက်စီးခဲ့သည့် အဆောက်အဦ A အဆောင်နှင့် B အဆောင်နေရာများတွင် တပ်မတော်သားများနှင့် ပူးပေါင်းအဖွဲ့ဝင်များ၊ ပရဟိတအဖွဲ့ဝင်များက ဖယ်ရှားရှင်းလင်းနေမှု၊ ထိခိုက်မှုအနည်းငယ်သာရှိသည့် ဈေးအဆောက်အဦ C အဆောင်နှင့် D အဆောင်ရှိ ဆိုင်ခန်းများ၏ ကြံ့ခိုင်မှုအခြေအနေများကို လိုက်လံကြည့်ရှုစစ်ဆေးပြီး သက်ဆိုင်ရာတာဝန်ရှိသူများကို လိုအပ်သည်များ လမ်းညွှန်မှာကြားသည်။

ပျဉ်းမနား အမှတ်(၁) မြို့မဈေးသည် ၁၉၉၅ ခုနှစ်တွင် စတင်တည်ဆောက်ခဲ့ပြီး မြေဧက ၄ ဒသမ ၃၇၅ ဧက ကျယ်ဝန်းပြီး ဈေးအဆောက်အဦ A၊ B၊ C နှင့် D အဆောင်တို့မှ ဆိုင်ခန်းပေါင်း ၁၃၆၉ ခန်း ရှိသည့်အနက် ငလျင်ဒဏ်ကြောင့် A အဆောင်နှင့် B အဆောင်တို့ ဈေးဆိုင်ခန်းပေါင်း ၃၉၃ ခန်း ပျက်စီးသွားကြောင်း သိရသည်။ ထို့ပြင် ထိခိုက်မှုအနည်းငယ်သာရှိသည့်ဈေးအတွင်းမှ အဆောက်အဦ C အဆောင်နှင့် D အဆောင်ရှိ ဆိုင်ခန်းများကို အခွန်ကင်းလွတ်ခွင့်ဖြင့် ဆက်လက်ရောင်းချခွင့်ပြုထားကြောင်း၊ မြို့မဈေးကြီး အသစ်ပြန်လည်တည်ဆောက်မည့်ကာလတွင် ပျဉ်းမနားမြို့နယ် ရန်ကုန်-မန္တလေး လမ်းဟောင်းအနီးရှိ အောင်မင်္ဂလာဝင်းအတွင်း ယာယီဈေးဖွင့်လှစ်ရောင်းချသွားမည်ဖြစ်ကြောင်း သိရသည်။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်း ငလျင်ဒဏ်ကြောင့် ပျဉ်းမနားမြို့ အမှတ်(၁) မြို့မဈေး ထိခိုက်ပျက်စီးမှုကို ကြည့်ရှုစစ်ဆေးစဉ်။

ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ်နှင့် အဖွဲ့ဝင်များသည် ပျဉ်းမနားမြို့ ရွှေချီရပ်ကွက်ရှိ စိုက်ပျိုးရေးနှင့် မွေးမြူရေးသိပ္ပံ (ပျဉ်းမနား) သို့ ရောက်ရှိကြရာ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမင်းနောင်က အဆိုပါကျောင်းဝင်းအတွင်း ငလျင်ဒဏ်ကြောင့် ထိခိုက်ပျက်စီးဆုံးရှုံးခဲ့သည့် ရှေးဟောင်းသမိုင်းဝင်အဆောက်အဦများနှင့် အခြားကျောင်းအဆောက်အဦများကို ရှင်းလင်းတင်ပြသည်။

ယင်းနောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ်နှင့် အဖွဲ့ဝင်များသည် ငလျင်ဒဏ်ကြောင့် ထိခိုက်ပျက်စီးဆုံးရှုံးခဲ့သည့် လယ်ယာစက်မှုဌာန အဆောက်အဦ(ရာပြည့်အဆောက်အဦ)၊ ကျောင်းအုပ်ကြီးရုံး၊ ကရမက်ဆောင်၊ ဧည့်ရိပ်သာ၊ ယင်းမာဆောင်၊ သရဖီဆောင်၊ ရွှေရောင်ခြည်ခန်းမနှင့် စာသင်ဆောင်တို့ကို လိုက်လံကြည့်ရှုစစ်ဆေးပြီး ပျက်စီးခဲ့သည့် စာသင်ဆောင်များ ပြန်လည်ပြုပြင် တည်ဆောက်နေရာတွင် မူလအဆောက်အဦပုံစံအတိုင်း ဆောက်လုပ်ရေး၊ မဆောက်လုပ်မီ မြေအနေအထား စမ်းသပ်ပြီးမှ ဆောက်လုပ်ရေး၊ အနည်းငယ်ပြုပြင်ရမည့် စာသင်ဆောင်အဆောက်အဦများ ကြံ့ခိုင်ရေး စစ်ဆေးရေးအဖွဲ့ဖြင့် စစ်ဆေးပြုပြင်ခြင်းအား ဇွန်လ ကျောင်းဖွင့်ချိန်အမီ ပြုပြင်သွားရန်၊ အရေးကြီး စာရွက်စာတမ်းများနှင့် သင်ထောက်ကူပစ္စည်းများကို စနစ်တကျ ထိန်းသိမ်းထားရှိရန်နှင့် အခြားလိုအပ်သည်များ မှာကြားသည်။

ဆက်လက်၍ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ်နှင့် အဖွဲ့ဝင်များသည် အဆိုပါကျောင်းရှိ ကျောင်းအုပ်ကြီး၊ ဆရာ ဆရာမများ၊ ဝန်ထမ်းများနှင့် မိသားစုများကို တွေ့ဆုံအားပေးစကားပြောကြားပြီး *စာမျက်နှာ ၄ သို့*



ငလျင်ဒဏ်ကြောင့် ထိခိုက်ပျက်စီးခဲ့သည့် ပျဉ်းမနားမြို့ အမှတ်(၁) မြို့မဈေးပြိုကျပျက်စီးမှုများ ဖယ်ရှားရှင်းလင်းနေမှုကို တွေ့ရစဉ်။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်း ငလျင်ဒဏ်ကြောင့် စိုက်ပျိုးရေးနှင့် မွေးမြူရေးသိပ္ပံ(ပျဉ်းမနား)ရှိ အဆောက်အဦ ထိခိုက်ပျက်စီးမှုကို ကြည့်ရှုစစ်ဆေးစဉ်။

## ❑ ပျက်စီးခဲ့သည့် စာသင်ဆောင်များ ပြန်လည်ပြုပြင် တည်ဆောက်နေရာတွင် မူလအဆောက်အဦပုံစံအတိုင်း ဆောက်လုပ်ရေး၊ မဆောက်လုပ်မီ မြေအနေအထား စမ်းသပ်ပြီးမှ ဆောက်လုပ်ရေး၊ အနည်းငယ်ပြုပြင်ရမည့် စာသင်ဆောင်အဆောက်အဦများ ကြံ့ခိုင်ရေးစစ်ဆေးရေးအဖွဲ့ဖြင့် စစ်ဆေးပြုပြင်ခြင်းအား ဇွန်လ ကျောင်းဖွင့်ချိန်အမီ ပြုပြင်

*စာမျက်နှာ ၃ မှ*

ဆရာ ဆရာမများနှင့်ဝန်ထမ်းမိသားစုများက နေထိုင်စားသောက်မှု အခြေအနေ နှင့် အခြားလိုအပ်သည်များ တင်ပြရာ ဒုတိယဝန်ကြီးချုပ်က အခြေခံစားသောက်ကုန်တစ်လစာ ထောက်ပံ့ပေးမည့်အခြေအနေနှင့် ယာယီကျောင်းရုံးခန်းအဆင်ပြေစေရေး Modular House များဖြင့် စီမံဆောင်ရွက်ပေးမည့်အခြေအနေများကို ပြောကြားကာ တာဝန်ရှိသူများနှင့် ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးသည်။

အဆိုပါ စိုက်ပျိုးရေးနှင့် မွေးမြူရေးသိပ္ပံ (ပျဉ်းမနား)တွင် အဆောက်အဦ ၉၂ လုံးရှိသည့်အနက် ရှေးဟောင်းအဆောက်အဦ ငါးလုံးအပါအဝင် အခြားအဆောက်အဦ သုံးလုံး စုစုပေါင်း ရှစ်လုံး လုံးဝပျက်စီးဆုံးရှုံးခဲ့ပြီး နှစ် (၁၀၀)ပြည့် ရှေးဟောင်းအဆောက်အဦ တစ်လုံးအပါအဝင် အခြားအဆောက်အဦ လေးလုံး စုစုပေါင်း ငါးလုံး အန္တရာယ်ရှိသည့်အဆင့် ထိခိုက်ပျက်စီးခဲ့ကြောင်းနှင့် ပထမနှစ်၊ ဒုတိယနှစ်နှင့် တတိယနှစ်ကျောင်းသား၊ ကျောင်းသူ ၄၆၁ ဦးရှိပြီး စာသင်ဆောင်များ လိုအပ်လျက်ရှိကြောင်း သိရသည်။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်း ငလျင်ဒဏ်ကြောင့် စိုက်ပျိုးရေးနှင့် မွေးမြူရေးသိပ္ပံ(ပျဉ်းမနား) ရှိ အဆောက်အဦ ထိခိုက်ပျက်စီးမှုကို ကြည့်ရှုစစ်ဆေးစဉ်။

အဆိုပါကျောင်းရှိ လယ်ယာစက်မှုဌာန အဆောက်အဦ(ရာပြည့်အဆောက်အဦ) သည် အေဒီ ၁၉၂၃ ခုနှစ်တွင် ကျောင်းသစ်အဖြစ် ဆောက်လုပ်ခဲ့ပြီး ကျောင်းသား ကျောင်းသူများကို သံဂဟေဆက်ခြင်း၊ မော်တာစက်ပြင်ခြင်း၊ ပန်းပဲလုပ်ငန်း၊ သစ်သားလုပ်ငန်းများကို ပစ္စည်းအပြည့်အစုံဖြင့် သင်ကြားပေးခဲ့သည့်နေရာဖြစ်ကြောင်း၊ ကရမက်ဆောင်သည် အေဒီ ၁၉၂၆ ခုနှစ်တွင် ဆရာများ နေထိုင်ရန် ဆောက်လုပ်ခဲ့ပြီး ဗမာ့ကာကွယ်ရေးတပ်မတော် (BDA) ပျဉ်းမနားတပ်ရင်း တပ်ခွဲရုံးခန်းစခန်းချခဲ့သည့် ရှေးဟောင်းအဆောက်အဦ တစ်ခုဖြစ်ကြောင်း၊ ယင်းမာဆောင်သည် အေဒီ ၁၉၂၈ ခုနှစ်တွင် ကျောင်းသားများနေထိုင်ရန် ဆောက်လုပ်ခဲ့ပြီး ဗမာ့ကာကွယ်ရေးတပ်မတော် (BDA) ပျဉ်းမနားတပ်ရင်း တပ်ခွဲရုံးစခန်းချခဲ့သည့် ရှေးဟောင်းအဆောက်အဦ တစ်ခု ဖြစ်ကြောင်း၊ သရဖီဆောင်သည် အေဒီ ၁၉၃၈ ခုနှစ်တွင် ဆောက်လုပ်ခဲ့ပြီး ဗမာ့ကာကွယ်ရေးတပ်မတော်(BDA) ပျဉ်းမနားတပ်ရင်း တပ်ခွဲရုံးစခန်းချခဲ့သည့် ရှေးဟောင်းအဆောက်အဦ တစ်ခုဖြစ်ကြောင်း သတင်းရရှိသည်။ **သတင်းစဉ်**



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်း စိုက်ပျိုးရေးနှင့် မွေးမြူရေးသိပ္ပံ(ပျဉ်းမနား)ရှိ ကျောင်းအုပ်ကြီး၊ ဆရာ ဆရာမများ၊ ဝန်ထမ်းများနှင့် မိသားစုများကို တွေ့ဆုံအားပေးစကားပြောကြားစဉ်။

## ဒုတိယဝန်ကြီးချုပ်နှင့် ပြည်ထောင်စုဝန်ကြီး ဗိုလ်ချုပ်ကြီးမြထွန်းဦး နေပြည်တော်-တောင်ငူရထားလမ်းပိုင်းအတွင်း အဆင့်မြှင့်တင်ရေး လုပ်ငန်းများဆောင်ရွက်နေမှုနှင့် ငလျင်ဒဏ်ကြောင့် ထိခိုက်ပျက်စီးသည့်ဘူတာများ ပြန်လည်ပြင်ဆင်ဆောင်ရွက်နေမှု ကြည့်ရှုစစ်ဆေး

**နေပြည်တော် မေ ၂၃**

ဒုတိယဝန်ကြီးချုပ်နှင့် ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဗိုလ်ချုပ်ကြီး မြထွန်းဦးသည် တာဝန်ရှိသူများနှင့်အတူ ယမန်နေ့မွန်းလွဲပိုင်းက RBE အထူးရထားဖြင့် နေပြည်တော်ဘူတာမှ တောင်ငူဘူတာ လမ်းပိုင်းတစ်လျှောက်ရှိ ရထားများ အမြန်နှုန်းမြှင့်တင်နိုင်ရေးအတွက် ရထားလမ်းများ၊ တံတားများအဆင့်မြှင့်တင်ဆောင်ရွက်နေမှုနှင့် ငလျင်ဒဏ်ကြောင့် ထိခိုက်ထားသည့် ဘူတာများ ပြန်လည်မွမ်းမံတည်ဆောက်ရန် လိုအပ်မှုကို ကြည့်ရှုစစ်ဆေးခဲ့သည်။



ဒုတိယဝန်ကြီးချုပ်နှင့် ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဗိုလ်ချုပ်ကြီး မြထွန်းဦး ငလျင်ဒဏ်ကြောင့် တောင်ငူဘူတာ နှစ်ထပ်အဆောက်အအုံပျက်စီးမှုအခြေအနေကို ကြည့်ရှုစစ်ဆေးစဉ်။

### အသေးစိတ်မှာကြား

ဦးစွာပြည်ထောင်စုဝန်ကြီးနှင့် အဖွဲ့သည် နေပြည်တော်ဘူတာမှ တစ်ဆင့် ရွာတော်ဘူတာ၊ ပျဉ်းမနားဘူတာ၊ ပြည်ဝင်ဘူတာ၊ လောဘူတာ၊ သာဝတ္တိဘူတာ၊ ရေနီဘူတာ၊ မြို့လှဘူတာ၊ သာဂရဘူတာ၊ ဆွာဘူတာ၊ ကုန်းကြီးဘူတာ၊ ရေတာရှည်ဘူတာ၊ ကျွန်းကုန်းဘူတာ၊ ကျေးတောဘူတာ တို့ကို ကြည့်ရှုစစ်ဆေးပြီး ပြိုကျပျက်စီးသွားသောဘူတာများ ဖြိုချရှင်းလင်းရေး၊ အကြီးစားပြင်ဆင်ရန်၊ အလတ်စားနှင့် အငယ်စား ပြင်ဆင်ရန်လိုအပ်သည့်ဘူတာများကို အမြန်ဆုံးပြန်လည် ပြင်ဆင်နိုင်ရေး၊ ဖျက်သိမ်းသင့်သော ဘူတာများဖြစ်နေပါက စနစ်တကျ စိစစ်ပြီး တင်ပြဖျက်သိမ်းနိုင်မည့်လုပ်ငန်းစဉ်များ ဆောင်ရွက်ရန်၊ အသစ်တည်ဆောက်ရမည့်ဘူတာများကို ဘူတာအငယ်၊ ဘူတာအလတ်၊ ဘူတာအကြီး သတ်မှတ်ချက်အတိုင်း ဘူတာအဆောက်အအုံပုံစံ ဒီဇိုင်းများနှင့် Estimation များ တွက်ချက်၍ အမြန်ပြန်လည်တင်ပြပြီး ခွင့်ပြုချက် ရယူဆောင်ရွက်သွားရန် တို့ကို အသေးစိတ်မှာကြားခဲ့သည်။

### ကြည့်ရှုစစ်ဆေး

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့သည် တောင်ငူဘူတာတွင် ဘူတာနှစ်ထပ်အဆောက်အအုံ၏ အပေါ်ထပ်ရှိ ငလျင်ဒဏ်ထိခိုက်ခံရသည့် ရထားထိန်းချုပ်ရေးရုံးနှင့် မြန်မာနိုင်ငံရထားရဲတပ်ဖွဲ့ရုံးတို့ကို ကြည့်ရှုစစ်ဆေးပြီး ငလျင်ဒဏ်ကြောင့် ပျက်စီးနေသည့် မလိုအပ်သည့် အဆောက်အအုံအစိတ်အပိုင်းအချို့အား ရှင်းလင်းထားရန်နှင့် လိုအပ်သည့် အတိုင်းအတာအလျောက် ပြင်ဆင်ပေးနိုင်ရန်အတွက် ခန့်မှန်းကုန်ကျစရိတ်ကို တွက်ချက်တင်ပြသွားရန်တို့ကို မှာကြားခဲ့သည်။

### တွေ့ဆုံအားပေး

ပြည်ထောင်စုဝန်ကြီးသည် ခရီးစဉ်အတွင်း ပြည်ဝင်ဘူတာ၊ ရေနီဘူတာ၊ မြို့လှဘူတာ၊ ကုန်းကြီးဘူတာ၊ ကျေးတောဘူတာနှင့် တောင်ငူဘူတာတို့ရှိ ပို့ဆောင်ရေးဝန်ထမ်းမိသားစုများနှင့် လည်းကောင်း၊ ရထားလမ်းပိုင်းအတွင်း မိုင်နှုန်းမြှင့်တင်နိုင်ရေး ကြိုးပမ်းဆောင်ရွက်နေကြသည့် မြို့ပြအင်ဂျင်နီယာ ဝန်ထမ်းများနှင့်လည်းကောင်း တွေ့ဆုံအားပေးခဲ့ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

## ဒုတိယဝန်ကြီးချုပ်နှင့် ပြည်ထောင်စုဝန်ကြီး ဦးဝင်းရှိန် နေပြည်တော်ရှိ မြန်မာ့စီးပွားရေးဘဏ်ခွဲများတွင် ပင်စင်ထုတ်ပေးနေမှုများအား ကြည့်ရှုစစ်ဆေး

**နေပြည်တော် မေ ၂၃**

ဒုတိယဝန်ကြီးချုပ်နှင့် စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဝင်းရှိန်သည် ယမန်နေ့ နံနက်ပိုင်းတွင် နေပြည်တော်ရှိ မြန်မာ့စီးပွားရေးဘဏ်ခွဲများ၌ အငြိမ်းစားဝန်ထမ်းများအား ပင်စင်လစာငွေများ ထုတ်ပေးနေမှုကို သွားရောက်ကြည့်ရှုစစ်ဆေးသည်။

မြန်မာ့သင်္ကြန်နှင့် မြန်မာနှစ်သစ်ကူးရုံးပိတ်ရက်ရှည်ကာလ ပြီးဆုံးပြီးနောက် ၂၀၂၅ ခုနှစ် မေ ၂၂ ရက်တွင် မြန်မာ့စီးပွားရေးဘဏ်များအနေဖြင့် ပင်စင်လစာထုတ်ပေးခြင်းအပါအဝင် ဘဏ်လုပ်ငန်းဆောင်တာများကို စနစ်တကျ ဆောင်ရွက်ပေးလျက်ရှိသည်။

မြန်မာ့ စီးပွားရေးဘဏ်၊ ပျဉ်းမနားမြို့နယ် ဘဏ်ခွဲတွင် ပင်စင်စားဝန်ထမ်း ၁၇၄၆၇ ဦးနှင့် ပုဗ္ဗသီရိမြို့နယ်ဘဏ်ခွဲတွင် ပင်စင်စားဝန်ထမ်း ၆၀၀၈ ဦးရှိပြီး ၎င်းတို့၏ ပင်စင်လစာထုတ်ပေးမှုများကို မြန်မာ့စီးပွားရေးဘဏ်များက စနစ်တကျဝန်ဆောင်မှု ဆောင်ရွက်ပေးလျက်ရှိသည်။

ဒုတိယ ဝန်ကြီးချုပ်နှင့် ပြည်ထောင်စုဝန်ကြီးက မြန်မာ့စီးပွားရေးဘဏ် ပျဉ်းမနားနှင့် ပုဗ္ဗသီရိမြို့နယ် ဘဏ်ခွဲများတွင် အငြိမ်းစားဝန်ထမ်းများသို့ ပင်စင်လစာငွေများ ထုတ်ပေးနေမှုကို ကြည့်ရှုစစ်ဆေးပြီး အငြိမ်းစားဝန်ထမ်းများအား ရင်းရင်းနှီးနှီး နှုတ်ဆက်သည်။ ထို့နောက် ပင်စင်လစာများ လာရောက်ထုတ်ယူကြသော အငြိမ်းစားဝန်ထမ်းများအား အလှူရှင်များက လှူဒါန်းသည့်ခံကျွေးမွေးမှုကို အားပေးကြည့်ရှုခြင်း၊ အငြိမ်းစားဝန်ထမ်းများနှင့် ဘဏ်ဝန်ထမ်းများအား စားသောက်ကုန်များ ပံ့ပိုးပေးခြင်းများ ဆောင်ရွက်ပေးသည်။

ဆက်လက်၍ ငလျင်ဘေးဒဏ်ကြောင့် ပျဉ်းမနားမြို့နယ်ဘဏ်ခွဲ၏ ထိခိုက်ပျက်စီးမှုများကို လိုက်လံကြည့်ရှုစစ်ဆေးပြီး မွမ်းမံပြင်ဆင်နေမှုအခြေအနေများအပေါ် လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးသည်။



ဒုတိယဝန်ကြီးချုပ်နှင့် ပြည်ထောင်စုဝန်ကြီး ဦးဝင်းရှိန် နေပြည်တော်ရှိ မြန်မာ့စီးပွားရေးဘဏ်၌ ပင်စင်လစာငွေများ ထုတ်ယူနေသည့် အငြိမ်းစားဝန်ထမ်းများအား ရင်းရင်းနှီးနှီးနှုတ်ဆက်စဉ်။

နေပြည်တော်ရှိ မြန်မာ့စီးပွားရေးဘဏ်ခွဲများအနေဖြင့် မြေငလျင်ဒဏ်ကြောင့် ထိခိုက်ပျက်စီးမှုများကို အချိန်တိုအတွင်း ပြန်လည်ကောင်းမွန်အောင် ပြင်ဆင်ဆောင်ရွက်ခဲ့ကြပြီး ဘဏ်လုပ်ငန်းများ၊ အငြိမ်းစားဝန်ထမ်းများအတွက် အငြိမ်းစားလစာများကို e-Pension ကတ်ဖြင့် ထုတ်ပေးခြင်းနှင့် အခြားဘဏ်ခွဲများတွင် ထုတ်ယူရရှိနိုင်ရေးကိစ္စများကို ပံ့ပိုးဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။

**သတင်းစဉ်**




## “ချစ်စရာ့အရွယ်ကစားကြမယ်”ကလေးအစီအစဉ်၊ မြန်မာ့ရုပ်မြင်သံကြားမှ ဆက်လက်ထုတ်လွှင့်မည်

**နေပြည်တော် မေ ၂၃**

“ချစ်စရာ့အရွယ် ကစားကြမယ်” ကလေးအစီအစဉ်ကို MRTV HD Channelမှ အပတ်စဉ် စနေနေ့တိုင်း ထုတ်လွှင့်ပြသလျက်ရှိရာ ၂၀၂၅ ခုနှစ် မေ ၂၆ ရက် စနေနေ့ နံနက် ၁၁ နာရီတွင် ရန်ကင်းမူလတန်းကြိုကျောင်းနှင့် ချမ်းမြေ့အိမ်မူလတန်းကြိုကျောင်းတို့မှ ကလေးငယ်များ ပါဝင်ကစားကြပုံများကို မြန်မာ့အသံနှင့်ရုပ်မြင်သံကြား၏ MRTV-HD Channel မှ ဆက်လက်ထုတ်လွှင့်ပြသမည်ဖြစ်သည်။

အဆိုပါအစီအစဉ်ကို ကလေးများ ကိုယ်ခန္ဓာသန်စွမ်းပြီး စိတ်ရွှင်လန်းစေရန်၊ ကလေးများ၏ ကာယ၊ ဉာဏ၊ စာရိတ္တ ဘက်စုံ ဖွံ့ဖြိုးတိုးတက်စေရန်နှင့် ကလေးငယ်များအချင်းချင်း၊ ချစ်ချစ်ခင်ခင် ရင်းရင်းနှီးနှီး ပေါင်းသင်းဆက်ဆံတတ်စေရန် ရည်ရွယ်ချက်များဖြင့် ပြန်ကြားရေးဝန်ကြီးဌာန၊ မြန်မာ့အသံနှင့် ရုပ်မြင်သံကြားနှင့် လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန၊ လူမှုဝန်ထမ်းဦးစီးဌာနတို့ ပူးပေါင်း၍ စီစဉ်တင်ဆက်ခြင်းဖြစ်ပြီး MRTV App မှလည်း Streaming ထုတ်လွှင့်မည်ဖြစ်ရာ တစ်ချိန်တည်းကြည့်ရှုနိုင်မည်ဖြစ်သည်။

ယင်းအစီအစဉ်ကို MRTV App ၏ Youth Sector နှင့် MRTV Telegram တို့တွင်လည်း ဆက်လက်လွှင့်တင်မည်ဖြစ်၍ ဝင်ရောက်ကြည့်ရှုနိုင်မည့်အပြင် MRTV Entertainment Channel တွင်လည်း မေလ ၂၇ ရက် တနင်္ဂနွေနေ့ နံနက် ၉ နာရီခွဲတွင်လည်းကောင်း၊ MRTV-HD Channel တွင် မေလ ၂၈ ရက် တနင်္လာနေ့ ညနေ ၄ နာရီသတင်းအပြီးတွင်လည်းကောင်း ထပ်မံပြသမည်ဖြစ်ကြောင်း သိရသည်။**သတင်းစဉ်**

# ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံအစိုးရကိုယ်စား နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌရုံးဝန်ကြီးဌာန(၂) ပြည်ထောင်စုဝန်ကြီး ဦးကိုကိုလှိုင် ပုပ်ရဟန်းမင်းကြီး ဖရန်စစ် ကွယ်လွန်သွားခဲ့ခြင်းအတွက် ဝမ်းနည်းကြောင်းမှတ်တမ်းစာအုပ်တွင် လက်မှတ်ရေးထိုး

**ရန်ကုန် ဧပြီ ၂၃**

ပုပ်ရဟန်းမင်းကြီး ဖရန်စစ်သည် ဧပြီ ၂၁ ရက်တွင် ကွယ်လွန်သွားခဲ့ခြင်းအတွက် အမှတ် ၄၆ (စီ) အောင်တော်မူလမ်းသွယ် သံလွင်လမ်း ရွှေတောင်ကြား ဗဟန်းမြို့နယ် ရန်ကုန်မြို့ရှိ မြန်မာနိုင်ငံဆိုင်ရာ ဟိုလီဆီး (ဗာတီကန်မြို့ပြနိုင်ငံ)သံရုံးတွင် ဖွင့်လှစ်ထားရှိသော ဝမ်းနည်းကြောင်းမှတ်တမ်းစာအုပ်တွင် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံအစိုးရကိုယ်စား နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌရုံးဝန်ကြီးဌာန(၂) ပြည်ထောင်စုဝန်ကြီး ဦးကိုကိုလှိုင်သည် ယနေ့ မွန်းလွဲ ၁ နာရီတွင် သွားရောက်လက်မှတ်ရေးထိုးသည်။

ဦးစွာ ပြည်ထောင်စုဝန်ကြီးသည် ဟိုလီဆီး(ဗာတီကန်မြို့ပြနိုင်ငံ)သံရုံးမှ သံရုံးယာယီတာဝန်ခံနှင့် တာဝန်ရှိသူများအား သံရုံးဧည့်ခန်းမတွင် ခင်မင်ရင်းနှီးစွာ တွေ့ဆုံ၍ ပုပ်ရဟန်းမင်းကြီး ကွယ်လွန်ခဲ့ခြင်းအပေါ် ဝမ်းနည်းကြောင်းနှင့် စာနာထောက်ထားပါကြောင်း သတင်းစကားပြောကြားခဲ့ပြီး ဝမ်းနည်းကြောင်း မှတ်တမ်းစာအုပ်၌ လက်မှတ်ရေးထိုးသည်။ **(ယာပုံ)**

ပုပ်ရဟန်းမင်းကြီး ဖရန်စစ်သည် ၂၀၁၃ ခုနှစ်တွင် ပုပ်ရဟန်းမင်းကြီးအဖြစ် စတင်ဆောင်ရွက်ခဲ့ပြီး ၂၀၁၇ ခုနှစ်တွင် မြန်မာနိုင်ငံသို့ တရားဝင်ချစ်ကြည်ရေးခရီး လာရောက်ခဲ့ကြောင်း သိရှိရသည်။

သတင်းစဉ်



# ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံအစိုးရကိုယ်စား နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌရုံးဝန်ကြီးဌာန(၂) ပြည်ထောင်စုဝန်ကြီး ဦးကိုကိုလှိုင် မလေးရှားနိုင်ငံ ဝန်ကြီးချုပ်ဟောင်း H.E. Tun Abdullah Bin Haji Ahmad Badawi ကွယ်လွန်သွားခဲ့ခြင်းအတွက် ဝမ်းနည်းကြောင်းမှတ်တမ်းစာအုပ်တွင် လက်မှတ်ရေးထိုး

**ရန်ကုန် ဧပြီ ၂၃**

မလေးရှားနိုင်ငံ ဝန်ကြီးချုပ်ဟောင်း H.E. Tun Abdullah Bin Haji Ahmad Badawi သည် ဧပြီ ၁၄ ရက်တွင် ကွယ်လွန်သွားခဲ့ခြင်းအတွက် အမှတ် ၈၂ ပြည်ထောင်စုရိပ်သာလမ်း ဒဂုံမြို့နယ် ရန်ကုန်မြို့ရှိ မြန်မာနိုင်ငံဆိုင်ရာ မလေးရှားနိုင်ငံသံရုံးတွင် ဖွင့်လှစ်ထားရှိသော ဝမ်းနည်းကြောင်းမှတ်တမ်းစာအုပ်တွင် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံအစိုးရကိုယ်စား နိုင်ငံတော် စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌရုံး ဝန်ကြီးဌာန(၂) ပြည်ထောင်စုဝန်ကြီး ဦးကိုကိုလှိုင်သည် ယနေ့ မွန်းလွဲပိုင်းတွင် သွားရောက် လက်မှတ်ရေးထိုးသည်။

**လက်မှတ်ရေးထိုး**

ဦးစွာ ပြည်ထောင်စုဝန်ကြီးသည် မလေးရှားနိုင်ငံသံရုံးမှ သံရုံးယာယီတာဝန်ခံနှင့် တာဝန်ရှိသူများအား သံရုံးဧည့်ခန်းမတွင် ခင်မင်ရင်းနှီးစွာတွေ့ဆုံ၍ မလေးရှားနိုင်ငံ ဝန်ကြီးချုပ်ဟောင်း ကွယ်လွန်ခဲ့ခြင်းအပေါ် ဝမ်းနည်းကြောင်းနှင့် စာနာထောက်ထားပါကြောင်း သတင်းစကားပြောကြားခဲ့ပြီး ဝမ်းနည်းကြောင်းမှတ်တမ်းစာအုပ်၌ လက်မှတ်ရေးထိုးသည်။ **(ယာပုံ)**

H.E. Tun Abdullah Bin Haji Ahmad Badawi သည် မလေးရှားနိုင်ငံ၏ ငါးဦးမြောက်ဝန်ကြီးချုပ်အဖြစ် ၂၀၀၃ ခုနှစ်မှ ၂၀၀၉ ခုနှစ်အထိ ခြောက်နှစ်ကြာ တာဝန်ထမ်းဆောင်ခဲ့ကြောင်း သိရှိရသည်။

သတင်းစဉ်



# ပြည်ထောင်စုဝန်ကြီး ဒေါက်တာသက်ခိုင်ဝင်း ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းကော်မတီ အစည်းအဝေးသို့ တက်ရောက်ပြီး ရုံးလုပ်ငန်းများ ပုံမှန်ဆောင်ရွက်နေမှု လိုက်လံကြည့်ရှု

**နေပြည်တော် ဧပြီ ၂၃**

ကျန်းမာရေး စောင့်ရှောက်မှုလုပ်ငန်းကော်မတီ အစည်းအဝေးကို ယနေ့နံနက်ပိုင်းတွင် ကျန်းမာရေးဝန်ကြီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပရာ ကျန်းမာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာသက်ခိုင်ဝင်း၊ ဒုတိယဝန်ကြီး ဒေါက်တာအေးထွန်း၊ ဌာနဆိုင်ရာ အကြီးအကဲများနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။



အစည်းအဝေးတွင် ပြည်ထောင်စုဝန်ကြီးက ငလျင်ဒဏ်ကြောင့် ထိခိုက်ပျက်စီးခဲ့သော ဆေးရုံများနှင့် ရုံးဌာနအဆောက်အအုံ၊ ဝန်ထမ်းအိမ်ရာများ အမြန်ဆုံး ပြန်လည်တည်ဆောက်နိုင်ရေးတို့အတွက် အဆောက်အအုံများ ထိခိုက်ပျက်စီးမှု၊ ဆက်လက်အသုံးပြုနိုင်မှု၊ မြေအမျိုးအစားနှင့် ငလျင်ဒဏ်ခံနိုင်မှုအခြေအနေတို့အား စစ်ဆေး၍ လုပ်ငန်းများ အချိန်နှင့်တစ်ပြေးညီ ဆောင်ရွက်နိုင်ရန် တာဝန်ရှိသူများက စီမံခန့်ခွဲဆောင်ရွက်သွားရန်နှင့် သဘာဝဘေးစီမံခန့်ခွဲမှုဗဟိုကော်မတီ၏ လမ်းညွှန်မှာကြားချက်များကို ဝန်ထမ်းများ သိရှိအောင် ဆောင်ရွက်ရန်လိုအပ်ကြောင်း၊ နိုင်ငံတော်မှ နိုင်ငံတကာအဆင့်မီ ငလျင်ဒဏ်ခံအဆောက်အအုံများ ဆောက်လုပ်ပေးသွားမည်ဖြစ်ပြီး ပြည်သူများ၊ ဝန်ထမ်းများအနေဖြင့် ငလျင်မလှုပ်မီ၊ လှုပ်နေစဉ်နှင့် လှုပ်ပြီးအချိန်များတွင် ဆောင်ရန်ရှောင်ရန်များကို လုပ်ငန်းလမ်းညွှန်များ ရေးဆွဲပြီး ပုံမှန်လေ့ကျင့်ခန်း (Drill) များ ပြုလုပ်သွားရမည် ဖြစ်ကြောင်း ဆွေးနွေးပြောကြားသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့သည် ပြည်သူ့ကျန်းမာရေးဦးစီးဌာနနှင့် တိုင်းရင်းဆေးပညာဦးစီးဌာနသို့သွားရောက်၍ ဝန်ထမ်းများ ရုံးလုပ်ငန်းများ ပုံမှန်ဆောင်ရွက်နေမှုနှင့် ဝန်ထမ်းများ၏ နေထိုင်စားသောက်ရေး အခြေအနေများကို လိုက်လံကြည့်ရှုပြီး အားပေးစကား ပြောကြားကာ လိုအပ်သည်များကို မှာကြားခဲ့ကြောင်း သတင်းရရှိသည်။ **(အပေါ်ပုံ)**

သတင်းစဉ်

# ငလျင်ဘေးသင့်ပြည်သူများအား အခြေခံစားသောက်ကုန်များကို သက်သာသောဈေးနှုန်းဖြင့် ရောင်းချ

**မန္တလေး ဧပြီ ၂၃**

မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ၊ စားသုံးသူရေးရာဦးစီးဌာန၊ မန္တလေးတိုင်းဒေသကြီးကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်း၊ မြန်မာနိုင်ငံဆန်စက်လုပ်ငန်းရှင်များအသင်း၊ တိုင်းဒေသကြီး ဆီကုန်သည်များနှင့် ဆီလုပ်ငန်းရှင်အသင်းတို့ ပူးပေါင်းကာ ဆန်၊ ဆီ၊ အသားငါး စားသောက်ကုန်များကို သက်သာသောနှုန်းထားဖြင့် ဝယ်ယူသုံးစွဲနိုင်ရေး နေ့စဉ် ဈေးကားနှစ်စီးဖြင့် မြို့နယ်ခြောက်ခုတွင် လှည့်လည်ရောင်းချလျက်ရှိသည်။ **(အောက်ပုံ)**

ယမန်နေ့ နံနက်ပိုင်းက မဟာအောင်မြေမြို့နယ် ဒေးဝန်းအရှေ့ရပ်ကွက် ၈၉ လမ်း ၃၆ လမ်းထောင့်တွင် ဆန်၊ ဆီ၊ ဆား၊ ငရုတ်သီး၊ ကုလားပဲနှင့် သားငါး၊ ကြက်ဥ၊ ဘဲဥများကို ပြည်သူလူထု အလွယ်တကူ ဝယ်ယူနိုင်စေရန် ရောင်းချပေးလျက်ရှိကြောင်း သိရသည်။

မြို့နယ်(ပြန်/ဆက်)



**အိမ်ပြင်ပ၌ထွန်းသော မီးများကို နေ့အလင်းရောင်ရှိချိန်တွင် ပိတ်ထားခြင်းဖြင့် လျှပ်စစ်ကို ချွေတာပါ။**

# ပြည်ထောင်စုဝန်ကြီး ဒေါက်တာကံဇော် နှစ်သစ်တွင် လူသစ်၊ စိတ်သစ်၊ ခွန်အားသစ်များဖြင့် နိုင်ငံ့တာဝန်များကို ထမ်းဆောင်လျက်ရှိသော ဝန်ထမ်းများအား တွေ့ဆုံအားပေးစကားပြောကြား

**နေပြည်တော် မေ ၂၉**

ပြည်ထောင်စုဝန်ကြီး ဒေါက်တာကံဇော်သည် နှစ်သစ်တွင် လူသစ်၊ စိတ်သစ်၊ ခွန်အားသစ်များဖြင့် နိုင်ငံ့တာဝန်များ ထမ်းဆောင်နေကြသည့် ဝန်ထမ်းများနှင့် ယနေ့ နံနက်ပိုင်းတွင် ရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံခြား စီးပွားဆက်သွယ်ရေးဝန်ကြီးဌာန ရုံးအမှတ် (၁) အစည်းအဝေးခန်းမ၌ တွေ့ဆုံ၍ အားပေးစကားပြောကြားသည်။ **(ယာပုံ)**

တွေ့ဆုံစဉ် ပြည်ထောင်စုဝန်ကြီးက မိမိတို့ရုံးအဆောက်အအုံကို ကျွမ်းကျင်အင်ဂျင်နီယာအဖွဲ့ သုံးဖွဲ့နှင့် စစ်ဆေးမှုများပြုလုပ်ထားပြီးဖြစ်သဖြင့် ဝန်ထမ်းများ လုံလုံခြုံခြုံနှင့် စိတ်ချယုံကြည်စွာဖြင့် နိုင်ငံ့တာဝန်များကို ထမ်းဆောင်နိုင်မည်ဖြစ်ကြောင်း၊ နိုင်ငံတော်နှင့် မိမိတို့ဝန်ကြီးဌာနအနေဖြင့် လျော်ကန်သင့်ဝန်ထမ်းများ၏ လိုအပ်ချက်များကို အတတ်နိုင်ဆုံး ဖြည့်ဆည်းဆောင်ရွက်ပေးလျက်ရှိကြောင်း၊ ဝန်ထမ်းများအနေဖြင့် ပြန်လည်တည်ဆောက်ရေး၊ ပြန်လည်ထူထောင်ရေးနှင့် အခြေချနေထိုင်ရေးလုပ်ငန်းစဉ်များတွင် အားလုံးစုံစုံညီညီဖြင့် တက်တက်ကြွကြွ ပါဝင်ဆောင်ရွက်ကြစေလိုကြောင်း၊ ပြန်လည်ထူထောင်ရေးအတွက် ပိုမိုအရှိန်မြှင့် လုပ်ဆောင်ကြစေလိုကြောင်းနှင့် ဝန်ထမ်းတစ်ဦးချင်းစီ၏ အသိစိတ်ဖြင့် တာဝန်ယူပူးပေါင်းဆောင်ရွက်ရန် လိုအပ်ကြောင်း ပြောကြားသည်။



ထို့နောက် ဝန်ထမ်းများက နေထိုင်ရေးနှင့်စပ်လျဉ်း၍ တွေ့ကြုံနေရသည့်အခက်အခဲများကိုတင်ပြကြရာ ပြည်ထောင်စုဝန်ကြီးနှင့် ဒုတိယဝန်ကြီးတို့က ဖြေရှင်းဆောင်ရွက်ပေးပြီး လိုအပ်သည်များကို ပေါင်းစပ်ညှိနှိုင်းပေးခဲ့ကြောင်း သတင်းရရှိသည်။ **သတင်းစဉ်**

# ပြည်ထောင်စုဝန်ကြီး ဒေါက်တာချာလီသန်း မြန်မာနိုင်ငံအင်ဂျင်နီယာကောင်စီမှ တာဝန်ရှိသူများအား လက်ခံတွေ့ဆုံ



**နေပြည်တော် မေ ၂၉**

စက်မှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာချာလီသန်းသည် မြန်မာနိုင်ငံအင်ဂျင်နီယာကောင်စီ ဥက္ကဋ္ဌ ဒေါက်တာအောင်ကျော်မြတ်နှင့် တာဝန်ရှိသူများအား ယနေ့ နံနက်ပိုင်းတွင် စက်မှုဝန်ကြီးဌာန ရုံးအမှတ်(၃၀) ပြည်ထောင်စု ဝန်ကြီးရုံးခန်း၌ လက်ခံတွေ့ဆုံသည်။ **(ဝဲပုံ)**

ထိုသို့တွေ့ဆုံစဉ် လျော်ကန်သင့် အစိုးရအဆောက်အအုံများနှင့် မြို့ပြအဆောက်အအုံများ စစ်ဆေးခြင်း ဆောင်ရွက်ရာတွင် UN-Habitat ၏ လမ်းညွှန်ချက်များနှင့်အညီ ဆောင်ရွက်ရန် ကိစ္စရပ်များ၊ အဆောက်အအုံများ ပြန်လည်ပြုပြင်တည်ဆောက်ခြင်း လုပ်ငန်းများ ဆောင်ရွက်ရာတွင် လျော်ကန်ခံနိုင်ပြီး ကြံ့ခိုင်မှုရှိစေရန်အတွက် သက်ဆိုင်ရာကဏ္ဍအလိုက် ကျွမ်းကျင်ပညာရှင် အင်ဂျင်နီယာများမှ နည်းစနစ်နှင့်အညီ စစ်ဆေးတည်ဆောက်ရန် ကိစ္စရပ်များ၊ အဆောက်အအုံများ တည်ဆောက်ရာတွင် အသုံးပြုသည့်ပစ္စည်းများ၏ အရည်အသွေးများနှင့် အသုံးပြုသည့်နည်းစနစ်များ စံချိန်စံညွှန်းပြည့်မီစေရေးနှင့် အဆင့်မီဖြစ်စေရေး သတ်မှတ်ဆောင်ရွက်နိုင်မည့် ကိစ္စရပ်များ၊ မြို့ပြအဆောက်အအုံများသာမက စက်မှုဇုန်များ အကောင်အထည်ဖော် တည်ဆောက်ရာတွင် သက်ဆိုင်ရာ ကဏ္ဍအလိုက် ဖွဲ့စည်းထားရှိသည့် အသင်းအဖွဲ့အသီးသီး၏ အသိအမှတ်ပြုလက်မှတ်ရဘာသာရပ်ပိုင်းဆိုင်ရာ ကျွမ်းကျင်ပညာရှင်များမှ စစ်ဆေးအတည်ပြုဆောင်ရွက်နိုင်ရေးတို့အတွက်ဥပဒေ၊နည်းဥပဒေများတွင် သတ်မှတ်ပြဋ္ဌာန်းနိုင်ရေးဆိုင်ရာ ကိစ္စရပ်များကို ဆွေးနွေးကြသည်။

တွေ့ဆုံပွဲသို့ ဒုတိယဝန်ကြီးနှင့် ပြည်ထောင်စုဝန်ကြီးရုံး ညွှန်ကြားရေးမှူးချုပ်တို့ တက်ရောက်ခဲ့ကြောင်း သိရသည်။ **သတင်းစဉ်**

# ပြည်မြို့ရှိ တပ်မတော်ဆေးရုံ၌ တက်ရောက်ဆေးကုသမှု ခံယူနေသူများအား သွားရောက်ကြည့်ရှုအားပေး

**နေပြည်တော် မေ ၂၉**

ပဲခူးတိုင်းဒေသကြီး ပြည်မြို့ရှိ တပ်မတော်ဆေးရုံ၌ တက်ရောက်ကုသမှုခံယူလျက်ရှိသော အရာရှိ၊ စစ်သည်၊ မိသားစုများနှင့် ဒေသခံပြည်သူများအား ယနေ့ နံနက်ပိုင်းတွင် တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမျိုးဆွေဝင်း၊ ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)မှ ဒုတိယဗိုလ်ချုပ်ကြီး ဖုန်းမြတ်၊ တောင်ပိုင်းတိုင်းစစ်ဌာနချုပ် ဒုတိယတိုင်းမှူး ဗိုလ်မှူးချုပ် အောင်ခိုင်ချိုနှင့် တာဝန်ရှိသူများက သွားရောက်ကြည့်ရှု၍ ကျန်းမာရေးတိုးတက်ကောင်းမွန်မှု အခြေအနေများကို မေးမြန်းအားပေးစကား ပြောကြားပြီး အာဟာရဖြည့်စားသောက်ဖွယ်ရာများနှင့် ချီးမြှင့်ငွေများ ပေးအပ်သည်။ **(အောက်ပုံ)**

**ပေးအပ်လှူဒါန်း**

ထို့နောက် တိုင်းဒေသကြီး ဝန်ကြီးချုပ်၊ ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)မှ ဒုတိယဗိုလ်ချုပ်ကြီး၊ ဒုတိယတိုင်းမှူးနှင့် တာဝန်ရှိသူများသည် ဆေးရုံများအတွင်း လှည့်လည်ကြည့်ရှု၍ လိုအပ်သည်များ ညှိနှိုင်းဆောင်ရွက်ပေးပြီး တိုင်းဒေသကြီး အစိုးရအဖွဲ့က ဆေးရုံတက် လူနာများအတွက် ချီးမြှင့်ငွေကျပ် သိန်း ၅၀ ကို ပေးအပ်လှူဒါန်းခဲ့ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**





# ရုရှားဖက်ဒရေးရှင်းနိုင်ငံ မော်စကိုမြို့ ရင်ပြင်နီ၌ ကျင်းပပြုလုပ်မည့် ၁၉၄၁ - ၁၉၄၅ မဟာမျိုးချစ်စစ်ပွဲကြီးအောင်ပွဲ နှစ်(၈၀)ပြည့်အထိမ်းအမှတ် စစ်ရေးပြအခမ်းအနား၌ ပါဝင်ချီတက်မည့် ဗိုလ်မှူးချုပ် မျိုးဆက်အောင် ဦးဆောင်သော မြန်မာ့တပ်မတော်ကိုယ်စားပြု စစ်ရေးပြအဖွဲ့ ထွက်ခွာ

**နေပြည်တော် မေ ၂၉**

ရုရှားဖက်ဒရေးရှင်းနိုင်ငံ မော်စကိုမြို့ ရင်ပြင်နီ၌ ၂၀၂၅ ခုနှစ် မေ ၉ ရက်တွင် ကျင်းပပြုလုပ်မည့် ၁၉၄၁-၁၉၄၅ မဟာမျိုးချစ်စစ်ပွဲကြီးအောင်ပွဲ နှစ်(၈၀)ပြည့်အထိမ်းအမှတ် စစ်ရေးပြအခမ်းအနား၌ ပါဝင်ချီတက်ရန် ဗိုလ်မှူးချုပ် မျိုးဆက်အောင် ဦးဆောင်သော မြန်မာ့တပ်မတော်ကိုယ်စားပြု စစ်ရေးပြအဖွဲ့သည် ယနေ့ မွန်းလွဲပိုင်းတွင် မန္တလေးမြို့ တံတားဦးလေဆိပ်မှ ရုရှားနိုင်ငံသို့ လေကြောင်းခရီးဖြင့် ထွက်ခွာကြောင်း သိရသည်။ **သတင်းစဉ်**



ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)မှ ဒုတိယဗိုလ်ချုပ်ကြီး မျိုးမိုးအောင်နှင့်အဖွဲ့ မန္တလေးမြို့ ချမ်းမြသာစည်မြို့နယ်ရှိ မဟာမုနိဘုရားကြီးသို့ သွားရောက်၍ အပျက်အစီးများအား ဖယ်ရှားရှင်းလင်း ဆောင်ရွက်ပြီးစီးမှု အခြေအနေများ၊ မဟာမုနိဘုရားကြီး ကျောင်းတော်ကြီး၏ ထီးတော်ပြန်လည်ပြုပြင်ဆောင်ရွက်နိုင်ရေး စီမံထားရှိမှု အခြေအနေများကို လှည့်လည်ကြည့်ရှုစစ်ဆေးစဉ်။



စစ်ကိုင်းတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမြတ်ကျော်၊ ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)မှ ဒုတိယဗိုလ်ချုပ်ကြီး သက်ပုံနှင့် တာဝန်ရှိသူများ စစ်ကိုင်းမြို့ ဇနကရာမကျောင်းတိုက်သို့ သွားရောက်၍ ငလျင်ဒဏ်ကြောင့် ပြိုကျပျက်စီးခဲ့သည့် သာသနိကအဆောက်အအုံများ ရှင်းလင်းဖယ်ရှားနေမှုကို ကြည့်ရှုစစ်ဆေးစဉ်။

# ငလျင်ဒဏ်ကြောင့် ပျက်စီးဆုံးရှုံးမှုများ ဖြစ်ပေါ်ခဲ့သည့်ဒေသများ၌ ကူညီကယ်ဆယ်ရေးနှင့် ပြန်လည်ထူထောင်ရေးလုပ်ငန်းများ အင်တိုက်အားတိုက် ဆက်လက်ဆောင်ရွက်လျက်ရှိ

**နေပြည်တော်  ဧပြီ  ၂၃**

မြန်မာနိုင်ငံတွင် လှုပ်ခတ်ခဲ့သော မန္တလေးငလျင်ကြီးကြောင့် လမ်းတံတား၊ အဆောက်အအုံများ ထိခိုက်ပျက်စီးခဲ့ရသည့် နေရာများ၌ ကူညီကယ်ဆယ်ရေးနှင့် ပြန်လည်ထူထောင်ရေးလုပ်ငန်းများကို တိုင်းစစ်ဌာနချုပ်အသီးသီးမှ တပ်မတော်သားများ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များ၊ မီးသတ်တပ်ဖွဲ့ဝင်များ၊ ပြည်ပနိုင်ငံများမှ ကူညီကယ်ဆယ်ရေးအဖွဲ့များ၊ ဌာနဆိုင်ရာဝန်ထမ်းများ၊ လူမှုကူညီရေးအသင်း/အဖွဲ့များနှင့် ဒေသခံပြည်သူများပူးပေါင်း၍ အချိန်နှင့်တစ်ပြေးညီ ကူညီဆောင်ရွက်ပေးလျက်ရှိသည်။

ထိုသို့ဆောင်ရွက်ပေးလျက်ရှိရာ ယနေ့နံနက်ပိုင်းတွင် စစ်ကိုင်းတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမြတ်ကျော်၊ ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)မှ ဒုတိယဗိုလ်ချုပ်ကြီး သက်ပုံနှင့် တာဝန်ရှိသူများသည် စစ်ကိုင်းမြို့၊ နန်းဦးမြို့သစ်နှင့် ပါရမီရပ်ကွက်ရှိ ငလျင်ဒဏ်သင့်ပြည်သူများ စောင့်ရှောက်ရေးစခန်းသို့ သွားရောက်၍ ထောက်ပံ့ပစ္စည်းများ ပေးဝေနေမှုအားလည်းကောင်း၊ သောတပန်ရပ်ကွက်ရှိ သုတေသကာသီလရှင်ကျောင်းတိုက်၊ ဇနကရာမကိုးကန့်ကျောင်းတိုက်၊ ပန်းဘဲတန်းရပ်ကွက်နှင့် ရွာထောင်ရပ်ကွက်တို့ရှိ ငလျင်ဒဏ်ကြောင့် ပြိုကျပျက်စီးလျက်ရှိသော သာသနိကအဆောက်အအုံများ၊ လူနေအဆောက်အအုံများကို စုပေါင်းရှင်းလင်း ဖယ်ရှားနေမှုများအားလည်းကောင်း၊



ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)မှ ဒုတိယဗိုလ်ချုပ်ကြီး သက်ပုံနှင့် တာဝန်ရှိသူများ စစ်ကိုင်းမြို့၌ ငလျင်ဒဏ်ကြောင့် ပြိုကျပျက်စီးခဲ့သည့် လူနေအဆောက်အအုံနှင့် မြို့မရဲစခန်းအဆောက်အအုံ အပျက်အစီးများ ရှင်းလင်းဖယ်ရှားနေမှုကို ကြည့်ရှုစစ်ဆေးစဉ်။

ပါရမီရပ်ကွက်နှင့် ရန်နိုင်ရပ်ကွက်တို့ရှိ ငလျင်ဒဏ်သင့်ပြည်သူများ စောင့်ရှောက်ရေးစခန်းများ၌ ကျန်းမာရေးဆိုင်ရာများအားလည်းကောင်း၊ စီတီးရပ်ကွက်ရှိ ရာဇာမဏိစူဠာ ကောင်းမှုတော်စေတီနှင့် ကျောက်ဆစ်ရပ်ကွက်ရှိ နည်းပညာတက္ကသိုလ် (စစ်ကိုင်း) တို့၌ ပြိုကျပျက်စီးနေသော သာသနိကအဆောက်အအုံများနှင့် လူနေအဆောက်အအုံများအားလည်းကောင်း၊ စစ်ကိုင်းတောင်ရိုးရှိ ဆွမ်းဦးပုညရှင်စေတီတော်နှင့် ရှင်ဖြူရှင်လှစေတီများသို့ သွားရောက်ကာ ငလျင်ဒဏ်ကြောင့် ပြိုကျပျက်စီးနေသော သာသနိကအဆောက်အအုံများ၊ အရန်စေတီများကို ဖယ်ရှားရှင်းလင်းနေမှုတို့ကိုလည်းကောင်း၊ စစ်ကိုင်းမြို့အတွင်းရှိ သာသနိကအဆောက်အအုံများကို ပြန်လည်ပြုပြင်မွမ်းမံတည်ဆောက်ရန်အတွက် တပ်မတော်(ကြည်း/ရေ/လေ) မိသားစုများမှ လှူဒါန်းသည့် ဘိလပ်မြေအိတ် ၁၈၀ တန် ရောက်ရှိနေမှုကိုလည်းကောင်း၊ သောတပန်ရပ်ကွက်ရှိ လေးကျွန်းမာရ်အောင်စေတီတော်၌ ပြိုကျပျက်စီးနေသော သာသနိကအဆောက်အအုံများ ဖယ်ရှားရှင်းလင်းနေမှုကိုလည်းကောင်း၊ ပိုးတန်ရပ်ကွက်ရှိ လူနေအဆောက်အအုံနှင့် မြို့မရဲစခန်းတို့တွင် ပြိုကျပျက်စီးနေသော အဆောက်အအုံများ ရှင်းလင်းဖယ်ရှားနေမှုတို့ကိုလည်းကောင်း၊ ပါရမီရပ်ကွက်ရှိ ပြိုကျပျက်စီးနေသော စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာန၊ စီမံကိန်းရေးဆွဲရေးဦးစီးဌာန စစ်ကိုင်းခရိုင်စီမံကိန်းဦးစီးရုံး၏ ဝန်ထမ်းအိမ်ရာကိုလည်းကောင်း သွားရောက်ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များကို တာဝန်ရှိသူများနှင့် ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ပေးခဲ့သည်။

*စာမျက်နှာ ၉ သို့*



ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)မှ ဒုတိယဗိုလ်ချုပ်ကြီး သက်ပုံ စစ်ကိုင်းမြို့အတွင်း ငလျင်ဒဏ်ကြောင့် ပြိုကျပျက်စီးခဲ့သည့် သာသနိကအဆောက်အအုံများကို ပြန်လည်ပြုပြင် မွမ်းမံတည်ဆောက်ရန်အတွက် တပ်မတော် (ကြည်း/ရေ/လေ) မိသားစုများမှ လှူဒါန်းသည့် ဘိလပ်မြေအိတ် ၁၈၀ တန် ရောက်ရှိနေမှုကို ကြည့်ရှုစစ်ဆေးစဉ်။



ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း) မှ ဒုတိယဗိုလ်ချုပ်ကြီး မျိုးမိုးအောင် မန္တလေးမြို့ အောင်မြေသာစံမြို့နယ် မန္တလေးတောင်တော် ဆုတောင်းပြည့်စေတီတော်သို့ သွားရောက်၍ ငလျင်ဒဏ်ကြောင့် ပြိုကျပျက်စီးခဲ့မှုများအား ဖယ်ရှားရှင်းလင်းပြီး ရေးမူမပျက် ပြန်လည်ပြုပြင်တည်ဆောက်ရေးလုပ်ငန်းများ ဆောင်ရွက်နေမှုအခြေအနေများကို ကြည့်ရှုအားပေးပြီး လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ပေးစဉ်။

# ရှမ်းပြည်နယ်(အရှေ့ပိုင်း)နှင့် ရန်ကုန်တိုင်းဒေသကြီးတို့၌ စစ်မှုထမ်းဟောင်းကြီးကြပ်ရေးအဖွဲ့ နှစ်ပတ်လည်အစည်းအဝေးများကျင်းပ

**နေပြည်တော် မေ ၂၃**

ရှမ်းပြည်နယ်(အရှေ့ပိုင်း) စစ်မှုထမ်းဟောင်း ကြီးကြပ်ရေးအဖွဲ့ နှစ်ပတ်လည် အစည်းအဝေးကို ယနေ့နံနက်ပိုင်းတွင် ကျိုင်းတုံမြို့ အမှတ်(၄) ရပ်ကွက်ရှိ စစ်မှုထမ်းဟောင်း ကြီးကြပ်ရေးရုံးခန်းမ၌ ပြုလုပ်ရာ တြိဂံဒေသတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ် စိုးလှိုင်နှင့် တာဝန်ရှိသူများ၊ မြို့နယ်များမှ စစ်မှုထမ်းဟောင်းအဖွဲ့ဝင်များ တက်ရောက်ကြသည်။

ဦးစွာ ရှမ်းပြည်နယ် (အရှေ့ပိုင်း) စစ်မှုထမ်းဟောင်းကြီးကြပ်ရေးအဖွဲ့နာယက တိုင်းမှူးက အမှာစကားပြောကြားပြီး စစ်မှုထမ်းဟောင်း အဖွဲ့ဝင်များ၏ တင်ပြချက်များအပေါ် လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးသည်။ ထို့နောက် စစ်မှုထမ်းဟောင်း အဖွဲ့ဝင်များအတွက် ဂုဏ်ပြုချီးမြှင့်ငွေများပေးအပ်ရာ တာဝန်ရှိသူများက လက်ခံရယူပြီး နှစ်ပတ်လည် အစည်းအဝေးကို အစီအစဉ်အတိုင်း ဆက်လက်ကျင်းပကြသည်။

အလားတူ ရန်ကုန်တိုင်းဒေသကြီး စစ်မှုထမ်းဟောင်းကြီးကြပ်ရေးအဖွဲ့ နှစ်ပတ်လည် အစည်းအဝေးကို ရန်ကုန်တိုင်းစစ်ဌာနချုပ် အနော်ရထာခန်းမ၌ ပြုလုပ်ရာ တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးစိုးသိန်း၊ တိုင်းမှူး ဗိုလ်မှူးချုပ် ပြည့်စုံလင်းနှင့် တာဝန်ရှိသူများ၊ တိုင်းဒေသကြီးအစိုးရအဖွဲ့ဝင်များ၊ မြန်မာနိုင်ငံစစ်မှုထမ်းဟောင်းအဖွဲ့ဝင်များနှင့် တိုင်းဒေသကြီး စစ်မှုထမ်းဟောင်းကြီးကြပ်ရေးအဖွဲ့များ တက်ရောက်ကြသည်။

ဦးစွာ ရန်ကုန်တိုင်းဒေသကြီး စစ်မှုထမ်းဟောင်းကြီးကြပ်ရေးအဖွဲ့နာယက တိုင်းမှူးက အမှာစကားပြောကြားသည်။ ထို့နောက် တိုင်းဒေသကြီး ဝန်ကြီးချုပ်က စစ်မှုထမ်းဟောင်းကြီးကြပ်ရေးအဖွဲ့သို့ ချီးမြှင့်ငွေနှင့် ဆန်အိတ်များကိုလည်းကောင်း၊ တိုင်းမှူးက စားသောက်ဖွယ်ရာများကို လည်းကောင်း ပေးအပ်ကြရာ တာဝန်ရှိသူများက လက်ခံရယူကြပြီး



ကျေးဇူးတင်စကား ပြန်လည် ပြောကြားသည်။ ယင်းနောက် တိုင်းဒေသကြီး ဝန်ကြီးချုပ်၊ တိုင်းမှူးနှင့် တာဝန်ရှိသူများက စစ်မှုထမ်းဟောင်း အဖွဲ့ဝင်များ အား ရင်းရင်းနှီးနှီး လိုက်လံ နှုတ်ဆက်ခဲ့ကြောင်း သတင်းရရှိသည်။ **သတင်းစဉ်**

---

*စာမျက်နှာ ၈ မှ*

အလားတူ ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)မှ ဒုတိယဗိုလ်ချုပ်ကြီး မျိုးမိုးအောင်နှင့် တာဝန်ရှိသူများသည် မန္တလေးမြို့ အောင်မြေသာစံမြို့နယ် မန္တလေးတောင်တော် ဆုတောင်းပြည့်စေတီတော်၊ စန္ဒာမုနိဘုရားများသို့ သွားရောက်ဖူးမြော်ကြည်ညို၍ ပြိုကျပျက်စီးခဲ့သည့် အပျက်အစီးများအား ဖယ်ရှားရှင်းလင်းနေမှုနှင့် ဆောင်ရွက်ပြီးစီးမှု အခြေအနေများကို ကြည့်ရှုအားပေးပြီး လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ပေးသည်။ ထို့နောက် ချမ်းမြသာစည်မြို့နယ်ရှိ မဟာမုနိဘုရားကြီး၌ အပျက်အစီးများအား ဖယ်ရှားရှင်းလင်း ဆောင်ရွက်ပြီးစီးမှု အခြေအနေများလည်းကောင်း၊ မဟာမုနိဘုရားကြီး ကျောင်းတော်ကြီး၏ ထီးတော်ပြန်လည်ပြုပြင် ဆောင်ရွက်နိုင်ရေး စီမံထားရှိမှု အခြေအနေများအား ထီးတော်အနီးထိ ကရိန်း၊ ဒရုန်းတို့ဖြင့်လည်းကောင်း အနီးကပ် ပတ်လည်ကြည့်ရှုစစ်ဆေး၍ ရှေးမူမပျက် မူလအတိုင်း ပြန်လည်ပြုပြင်တည်ဆောက်ရေး၊ အန္တရာယ်ကင်းရှင်းစွာ ဆောင်ရွက်နိုင်ရေးတို့ကို တာဝန်ရှိသူများအား မှာကြားပြီး လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ပေးခဲ့သည်။



ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)မှ ဒုတိယ ဗိုလ်ချုပ်ကြီး စိုးတင့်နိုင် မန္တလေးမြို့ ချမ်းအေးသာဇံမြို့နယ်ရှိ Golden City Hotel သို့ သွားရောက်ကာ ငလျင်ဒဏ်သင့်၍ ပြိုကျပျက်စီးခဲ့သော အပျက်အစီးများအား ကူညီကယ်ဆယ်ရေးအဖွဲ့များပူးပေါင်း၍ ကူညီကယ်ဆယ်ရေးလုပ်ငန်းများ အရှိန်အဟုန်မြှင့် ဆောင်ရွက်နေသည်များကို ကြည့်ရှုအားပေးစဉ်။

ထို့အတူ ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)မှ ဒုတိယဗိုလ်ချုပ်ကြီး စိုးတင့်နိုင်နှင့် တာဝန်ရှိသူများသည် မန္တလေးမြို့ အောင်မြေသာစံမြို့နယ်ရှိ ရွှေကျီးမြင်ဘုရား၊ ချမ်းအေးသာဇံမြို့နယ်ရှိ မဟာသကျသီဟဘုရား၊ မဟာအောင်မြေမြို့နယ်ရှိ သာသနာပိုင်ကျောင်းတိုက် ရတနာစံကျောင်းဘုန်းတော်ကြီးသင်ပညာရေးကျောင်းနှင့် ချမ်းအေးသာဇံမြို့နယ်ရှိ Golden City Hotel နေရာများသို့ သွားရောက်၍ ကူညီကယ်ဆယ်ရေးလုပ်ငန်းများ အရှိန်အဟုန်မြှင့် ဆောင်ရွက်နေသည်များကိုလည်းကောင်း၊ ဖယ်ရှားရှင်းလင်းဆောင်ရွက်ပြီးစီးမှု အခြေအနေများကိုလည်းကောင်း၊ ဘုရားစေတီပုထိုးများတွင် ရှေးမူမပျက် ပြန်လည်ပြုပြင်တည်ဆောက်ရေး လုပ်ငန်းများ ဆောင်ရွက်နေမှု အခြေအနေများကို လည်းကောင်း သွားရောက်ကြည့်ရှုအားပေးပြီး လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးသည်။

အလားတူ ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)မှ ဒုတိယဗိုလ်ချုပ်ကြီး မျိုးသန့်နိုင်နှင့် တာဝန်ရှိသူများသည် မန္တလေးငလျင်ကြီးလှုပ်ခတ်မှုကြောင့် ထိခိုက်ပျက်စီးမှုများ ဖြစ်ပေါ်ခဲ့သည့် အမှတ်(၃)အခြေခံပညာအထက်တန်းကျောင်း (ကျောက်ဆည်) ၌ တပ်မတော်သားများ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များ၊ မီးသတ်တပ်ဖွဲ့ဝင်များ၊ ဌာနဆိုင်ရာ ဝန်ထမ်းများ၊ ပရဟိတအဖွဲ့များနှင့် မြို့မိမြို့ဖများစုပေါင်း၍ ပြိုကျပျက်စီးသွားသော အပျက်အစီးများကို ဖယ်ရှားရှင်းလင်းနေမှုများ၊ ကျောင်း အတွင်း/အပြင်သန့်ရှင်းရေး လုပ်အားပေး ဆောင်ရွက်နေမှုများကို ကြည့်ရှုပြီး အချိုရည်နှင့် ရေသန့်ကတ်များ ပေးအပ်သည်။

ထို့နောက် ကျောက်ဆည်မြို့ မြင်စိုင်းမြို့ဟောင်း မြို့ကွက်(ဂ)အတွင်းရှိ ငလျင်ဒဏ်ကြောင့် ကွဲအက်ပျက်စီးသွားသော ရှေးဟောင်းသမိုင်းဝင် နန်းဦးဘုရားအား သွားရောက်ကြည့်ရှု၍ နန်းဦးဘုရားအား ရှေးမူမပျက်ပြုပြင်ထိန်းသိမ်းရန် ဆောင်ရွက်မည့် အစီအမံများနှင့်ပတ်သက်၍ တာဝန်ရှိသူများနှင့် ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးသည်။ သောကြာကြယ် ပရဟိတပညာရေးအကူအညီ ဘုန်းတော်ကြီးကျောင်း ကျောင်းထိုင်ဆရာတော်အား ဖူးမြော်၍ ဆန်နှင့် ဝတ္ထုငွေများပေးအပ်လှူဒါန်းပြီး ကျောင်းသား ကျောင်းသူ ၈၀၀ ခန့် နေထိုင်စားသောက်ရေး အဆင်ပြေစေရေးအတွက် တာဝန်ရှိသူများနှင့် လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးသည်။

ဆက်လက်၍ ကျောက်ဆည်မြို့ မြို့တော်ခန်းမ၌ ကျင်းပပြုလုပ်သည့် Modular House များ လှူဒါန်းပေးအပ်ပွဲနှင့် ကျောက်သေတ္တာစေတီ ပြုပြင်ထိန်းသိမ်းရေး အလှူငွေပေးအပ်ပွဲ အခမ်းအနားသို့ တက်ရောက်၍ အလှူငွေအားလက်ခံပြီး လှူဒါန်းပေးမှုအပေါ် ကျေးဇူးတင်စကားပြောကြားကာ ဂုဏ်ပြုမှတ်တမ်းလွှာများ ပြန်လည်ပေးအပ်သည်။

ယင်းနောက် ကျောက်ဆည်မြို့ စုကြီးရပ်ကွက် (၁၅) လမ်းပေါ်ရှိ အန္တရာယ်ရှိ အဆောက်အအုံများ ရှင်းလင်းနေမှုနှင့် စဉ့်ကိုင်မြို့ ရန်နိုင်ရပ်ကွက် ဗိုလ်တေဇလမ်းပေါ်ရှိ အန္တရာယ်ရှိ အဆောက်အအုံများ ရှင်းလင်းနေမှုများကို သွားရောက်ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးခဲ့ကြောင်း သတင်းရရှိသည်။ **သတင်းစဉ်**



ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)မှ ဒုတိယဗိုလ်ချုပ်ကြီး မျိုးသန့်နိုင် ကျောက်ဆည်မြို့ မြို့တော်ခန်းမ၌ ကျင်းပပြုလုပ်သည့် Modular House များ လှူဒါန်းပေးအပ်ပွဲနှင့် ကျောက်သေတ္တာစေတီ ပြုပြင်ထိန်းသိမ်းရေး အလှူငွေပေးအပ်ပွဲအခမ်းအနားသို့ တက်ရောက်၍ အလှူငွေများ လက်ခံစဉ်။



ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)မှ ဒုတိယ ဗိုလ်ချုပ်ကြီး စိုးတင့်နိုင် မန္တလေးမြို့ ချမ်းအေးသာဇံမြို့နယ်ရှိ မဟာသကျသီဟဘုရားသို့ သွားရောက်ကာ ငလျင်ဒဏ်သင့်၍ ပြိုကျပျက်စီးခဲ့သော အပျက်အစီးများအား တပ်မတော်သားများ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များ၊ မီးသတ်တပ်ဖွဲ့ဝင်များနှင့် ကူညီကယ်ဆယ်ရေးအဖွဲ့များ ပူးပေါင်း၍ ကူညီကယ်ဆယ်ရေးလုပ်ငန်းများ ဆောင်ရွက်နေသည်များကို ကြည့်ရှုအားပေးစဉ်။

# တန်ခူး = တာကူး

မောင်လူမွှေး (မြန်မာ့မှု)

**❝ "တန်ခူး" နှင့် "တာကူး" အရေးအခေါ် နှစ်ခုမှာ ရှေးမြန်မာကြီးများသည် ထန်းပင်ကို အကြောင်းပြု၍ တပို့တွဲ၊ တပေါင်း၊ တန်ခူးလများကို တွဲ၍ ခေါ်ဝေါ်လာခဲ့ကြသော်လည်း မြန်မာတို့ ယဉ်ကျေးမှုနယ်ပယ်သို့ ဝေဒနှင့်ဆက်စပ်သော ဟိန္ဒူသက္ကတ စာပေယဉ်ကျေးမှုများနှင့် ဆက်စပ်လာသောအခါ "တန်ခူး" နေရာတွင် "တာကူး"ဟု ထပ်ဆင့်၍ ဖြစ်ပေါ်ခေါ်ဝေါ်လာကြသည်ဟု သုံးသပ်ရာ၏ ❞**

**တန်းခူး**ဝေါဟာရအရေးကို ပုဂံခေတ်က ဝိသဇ္ဇနီ မပါဘဲ **"တန်ခူ"** ဟု ရေးလေသည်။ အင်းဝခေတ်ရောက်သောအခါ **"တန်းခူး"** ဟု ဝိဇ္ဇသနီပါပြီး ရေးလာကြသည်ကို တွေ့ရပေသည်။ **"တန်" = "တန်း"** ပုဒ်သည် ထန်းပင်ဟောပုဒ်ဖြစ်ပါ၏။

တပို့တွဲလ တပေါင်းလအဖွင့်တွင် **"တန်"** ပုဒ်ကို ကျောက်စာမင်စာ နိုင်ငံလူမျိုးများနှင့် တိုင်းရင်းသားဘာသာစကား ဘာသာဗေဒများဖြင့် ဖွင့်ပြခဲ့ပေပြီ။ **"ခူး"** မှာ ဆွတ်ချွေခြင်းအနက်ပင် ဖြစ်ပေသည်။ ထို့ကြောင့် **ထန်းခူး=တန်ခူ** ထန်းဆွတ်သည်၊ ထန်းသီးဆွတ်သည့်လ ဟု အဓိပ္ပာယ်ရလေသည်။

ရှေးမြန်မာတို့သည် ထန်းပင်နှင့်ပတ်သက်၍ အလွန်တန်ဖိုးထားခဲ့ကြကြောင်းကို ပုဂံခေတ်၊ အင်းဝခေတ် ကျောက်စာ၊ မင်စာတို့တွင် ထန်းစိုက်ခြင်း၊ ထန်းလှူခြင်း၊ ထန်းပင်တို့ကို ဝေခွဲချထားခြင်းစသော အကြောင်းအရာများက သက်သေခံနေပေသည်။

ထို့ကြောင့် ဆယ့်နှစ်လရာသီများအနက် **တန်ပို့တွဲ၊ တပေါင်း၊ တန်ခူး** သုံးလတို့၏ အမည်များကို ထန်းလုပ်ငန်းနှင့်ပတ်သက်၍ စွဲမှတ်ခေါ်ဆိုခြင်း ပြုခဲ့ကြပေသည်။ သို့သော် နောက်ပိုင်းတွင် တန်ခူး ဝေါဟာရတွင် တန်ခူးလနေရာ၌ တာကူး ဟုလည်း ရေးလာကြပေသည်။ မည်သို့ခေါ်စေ၊ ရေးစေ ထိုသုံးလသည် ရှေးမြန်မာတို့ တန်ဖိုးထားခဲ့သည့် ထန်းပင်ကိုအကြောင်းပြု၍ဖြစ်ပေါ်လာသောလများသာ ဖြစ်ပေသည်။

**တာကူး** ဟူသော အရေးကမူ ဗေဒင်ပညာရပ်ဆိုင်ရာမှ ဆင်းသက်လာသည်ဟုဆိုရပေမည်။ **အတာကူး၊ တာကူး၊ အတာစား၊ အတာသင့်၊ အတာပြောင်း၊ အတာရာသီ**စသည်ဖြင့် အတာနှင့် ဆက်စပ်ဝေါဟာရအများစုရှိပေသည်။

**"တာ"** ဝေါဟာရမှာ အချိန်အခါဟောနှင့် နယ်ပယ်ဒေသ အဓိပ္ပာယ်ဖြစ်သည်။ သင်္ကြန်စာတွင် ရေးသော ဘာဏုရာဇာနေမင်းကြီးသည် မိန်ရာသီ ရေဝတီနက္ခတ်မှ မိဿရာသီ အာသာဝဏီနက္ခတ်သို့ စတင် ဝင်ရောက်သည် စသည်ဖြင့်ရေးသားရာ မိန်ရာသီမှ မိဿရာသီသို့ဝင်ရောက်သည့် ကာလခြားရာ အချိန်အတိုင်းအတာကိုဖော်ညွှန်းသလို နယ်ပယ်ခြားရာ ဒေသခြားရာကိုလည်း အဓိပ္ပာယ်ဆောင်ပေသည်။ ဤသဘောကို ဒုတိယကျော်အောင်စံထားဆရာတော်က သူ၏ ဝေါဟာရတ္ထပကာသနီကျမ်းတွင် –

"သင်္ကြန်အတာဟူသည်ကား ရောက်သော အဖို့တာဝန်ဟူသောအနက်ယူသင့်၏။ ဤ၌ သဘောအားဖြင့် နှစ်သစ်နှစ်ဦးဆန်းခြင်းသည် တနင်္ဂနွေ၊ တနင်္လာစသည်ဖြင့် အလှည့်အလှယ် ရောက်သောအဖို့တာဝန်ဖြစ်၍ တနင်္ဂနွေအတာ၊ တနင်္လာအတာ စသော ဆိုမိန့်ခြင်း ဖြစ်၏။"

ဟု ဖွင့်ဆိုဖော်ပြထားလေသည်။ ထို့အတူပင် လေ့သင်းအတွင်းဝန်မင်းကလည်း ဝေါဟာရလီနတ္ထဒီပနီကျမ်းတွင်–

"အချို့သူတို့မှာ မိန်ရာသီမှ မိဿရာသီသို့ တနင်္ဂနွေဂြိုဟ် သင်္ကြန်အတာကူးပြောင်းသောကြောင့် **တာကူးလ** ဆိုသည် ယူကြ၏" ဟု ဖွင့်ဆိုလေသည်။

ဤ၌ **"တန်ခူး"** နှင့် **"တာကူး"** အရေးအခေါ် နှစ်ခုမှာ ရှေးမြန်မာကြီးများသည် ထန်းပင်ကို အကြောင်းပြု၍ တပို့တွဲ၊ တပေါင်း၊ တန်ခူးလများကို တွဲ၍ ခေါ်ဝေါ်လာခဲ့ကြသော်လည်း မြန်မာတို့ ယဉ်ကျေးမှုနယ်ပယ်သို့ ဝေဒနှင့်ဆက်စပ်သော ဟိန္ဒူသက္ကတ စာပေ ယဉ်ကျေးမှုများနှင့် ဆက်စပ်လာသောအခါ **"တန်ခူး"**နေရာတွင် **"တာကူး"**ဟုထပ်ဆင့်၍ ဖြစ်ပေါ်ခေါ်ဝေါ်လာကြသည်ဟု သုံးသပ်ရာ၏။

တန်ခူးလမှာ ထန်းသီးဆွတ်သည့်လဟု အဘိဓာန် ဖွင့်ဆိုရာ၏။ တာကူးလမှာ နှစ်ပြောင်းသည်၊ နှစ်ကူးသည်၊ အချိန်ကာလပြောင်းသည်၊ မိန်ရာသီဒေသမှ မိဿရာသီဒေသသို့ ကူးပြောင်းသည်ဟု အဓိပ္ပာယ်ဖွင့်ဆိုရာ၏။

ထိုသို့ ကူးပြောင်းခြင်းများကို အကြောင်းပြု၍ သင်္ကန္တဟူသော သက္ကတ–ပါဠိစာပေမှ ပါဠိပျက် အနေဖြင့် "သင်္ကြန်" ဟု ခေါ်ဝေါ်လာခြင်းဖြစ်သည်။ မြန်မာလိုဆိုပါက ကူးပြောင်းခြင်း ဖြစ်သည်။ ထို့ကြောင့် ကျော်အောင်စံထားဆရာတော်နှင့် လေ့သင်းအတွင်းဝန်မင်းတို့၏ ဝေါဟာရအဖွင့်ကျမ်းတို့တွင် ကာလ(အချိန်တာ) နယ်ပယ်ဒေသ (ရာသီတစ်ခုမှ ရာသီတစ်ခုသို့ ကူးပြောင်းသော နယ်ပယ်တာ)ဟု ဖွင့်ဆိုထားခြင်းဖြစ်ပေသည်။

ဝေဒကျမ်းအရ ၁၂ ရာသီတွင် သင်္ကြန် ၁၂ ခါ ရှိပေသည်။ သို့သော် မိန်ရာသီမှ မိဿရာသီသို့ တနင်္ဂနွေဂြိုဟ်ပြောင်းသော နယ်ပယ်တာ ကာလတာ **တာကူးလ** ကိုသာ သင်္ကြန်ရေသဘင်ပွဲကြီး ဆင်နွှဲကြလေသည်။ တာကူးသင်္ကြန်နှင့် ရေသဘင်သည် ဒွန်တွဲနေပါ၏။

ဤသို့ ရေသဘင်သင်္ကြန်ကျင်းပကြသည့် သမိုင်းကို ပုဂံဒေသ စောလှဝန်းကျောက်စာတွင် အရိပ်အမြွက် တွေ့ရပေသည်။ ပုဂံသမိုင်းကို ယေဘုယျအားဖြင့် အေဒီ–၁၁ ရာစု (အနော်ရထာမင်းဆက်မှသည် အေဒီ–၁၃ ရာစု နရသီဟပတေ့မင်းလက်ထက်)အထိယူရာ ပုဂံခေတ်တွင် သင်္ကြန်ရေသဘင်ရှိနေကြောင်းကို နရသီဟပတေ့မင်းနှင့် မိဖုရားစောလုံ၏ ရာဇဝင်ဖြစ်စဉ်က သက်သေခံနေပေသည်။ (ဦးကုလားမဟာရာဇဝင်ရှု)

ဗုဒ္ဓဝင်လာ သကျသာကီဝင်မင်းမျိုးနွယ်တို့ နှစ်သစ်ကူးသမယတွင် ရေကစားကြသည်ကို တွေ့ရပေသည်။ ဗိုလ်မှူးဘရှင်၏ အနော်ရထာ အရင်က မြန်မာနိုင်ငံအပါအဝင် သမိုင်းစာအုပ်များအရ အေဒီ–၉ ရာစုကပင် သင်္ကြန်ရေကစားသဘင် ရှိခဲ့ကြကြောင်း သိရပေသည်။

**"တန်ခူး"** ဝေါဟာရသည် အဓိပ္ပာယ်ရှင်းသလောက် **"တာကူး"** ဝေါဟာရသည် အဓိပ္ပာယ်နက်နဲ လှပေသည်။ စာပေ၊ သချာ်၊ ဝေဒ၊ နက္ခတ်ဆိုင်ရာ ရာသီဥတု နည်းပညာများနှင့် ပြက္ခဒိန်ဆိုင်ရာ များအကြောင်းအရာများ နက်နဲစွာပါဝင်နေပေသည်။

ကမ္ဘာသုံး ရာသီစက်ဝန်းများ (International Zodiac)တွင် Aries ဆိတ်ရုပ်၊ Taurus နွားရုပ်၊ Gemini လူစုံတွဲရုပ်၊ Cancer ကဏန်းရုပ်၊ Leo ခြင်္သေ့ရုပ် စသည်ဖြင့် အရုပ် ၁၂ မျိုးရှိ၏။ တရုတ်ရိုးရာ ရာသီခွင်တွင်လည်း ကြွက်၊ နွား၊ ကျား၊ ယုန်၊ နဂါး... စသည်ဖြင့် ၁၂ ကောင် ရှိပေသည်။

အနောက်တိုင်းက တနင်္ဂနွေဂြိုဟ်ကူးပြောင်းမှုကို အခြေခံ၍လည်းကောင်း တရုတ်၊ ဂျပန်၊ ကိုရီးယားတို့ကမူ ကြာသပတေးဂြိုဟ်ကို အခြေခံ၍လည်းကောင်း တည်ဆောက်ထားပေသည်။

မြန်မာတို့ကမူ ... စန်းကိုပါထည့်သွင်း၍ ၁၂ လရာသီ နှစ်အမည်၊ လအမည်များကို ပေးလေသည်။ ပုဂံ၊ ပင်းယ၊ အင်းဝမှသည် ကုန်းဘောင်ခေတ်တိုင် ကျောက်စာ၊ မင်စာ၊ ပေစာများတွင် နှစ် လ အမည်များကို ရေးထိုးခဲ့ကြ၏။ သင်္ကြန်သချာ်တွက်ရိုး၊ ဝေဒတွက်ရိုးအရ နှစ် လ အမည်များမှာ အောက်ပါအတိုင်း ဖြစ်ပေသည်။

| နှစ်အမည် | လအမည် |
| --- | --- |
| ဇယ၊ ဇယျ | စိတြ |
| ဝိသာခါ | ဝိသာခါ။ |
| ဇေဋ္ဌ | ဇေဋ္ဌ |
| အာပဃ။ | အာသဠ္ဌ အာသဠ္ဌ။ |
| ကြဝဏ။ | သရဝဏ် |
| အဒြ၊ ဘဒြ | ဘဒြ။ |
| အဿယုဇ္ဇ | အဿဝနီ။ |
| ကြတ္တိကာ | ကြတ္တိကာ။ |
| မိဂသီ | မိဂသီ |
| ဖုဿျ | ဖုဿျ |
| မာဃ | မာဃ |
| ဖဂ္ဂုဏ | ဘရဂုဏီ ဘရဂုဏီ |

အရှေ့တိုင်းဘာသာရပ်၊ မြန်မာစာ၊ သမိုင်း၊ ရှေးဟောင်းသုတေသနများအဖို့ မသိမဖြစ်အကြောင်းအရာ ဖြစ်ပေသည်။ သင်္ကြန်စာဖတ်သည်နှင့် နှစ် လ အကြောင်းတွင် မည်သည့်နှစ် ဖြစ်သည်။ လကို မည်သည့်အကောင် "စောင့်" သည် စသည်တို့မှာ ထိုသဘောများကို ရေးထားခြင်းဖြစ်သည်။

ထိုနှစ်၏ရာသီဥတု လယ်ယာစိုက်ပျိုးရေးဆိုင်ရာ များနှင့် တိုင်းနိုင်ငံဒေသ အခြေအနေများကို ဂြိုဟ်ယှဉ်ဂြိုဟ်ပူး ဂြိုဟ်မြင် ကောဇာဂြိုဟ်သွားများနှင့် ရေးသားထားခြင်း ဖြစ်လေသည်။ ထိုအကြောင်းအရာကို ရေးရာ၌ အာသီမည်သော ဖြူမှာဦးခေါင်း၊ ဒေဝီနတ်သမီး ခုနစ်ဖော်အဝတ်တန်ဆာ အရောင်အဆင်း မျက်နှာမူသော အရပ်ဒေသ ဝင်ရာအရပ် စသည်တို့ကို ကဝိလမိုင်း ဇာတ်လမ်းခင်း၍ ရေးသားထားပေသည်။ ဇာတ်လမ်းပါ ဇာတ်ကောင်များသည် အမှန်တကယ် မဟုတ်ဘဲ ဂြိုဟ်ပရိယာယ် နှစ် လ နေ့ တို့၏ "သင်္ကေတ" (Symbol) မျှသာ ဖြစ်သည်ကို သိရာ၏။

ထိုအကြောင်းအရာကို ဖော်ပြရန်အတွက် (သို့) ဟောချက်အတွက် မဟာသင်္ကြန် တွက်ရိုးကျမ်းများကို အဓိကထားရလေသည်။ အဠ္ဌသရဏီကျမ်း (တိုင်းပြည်နယ် ဒေသတိတ်စွဲဆိုင်ရာ)၊ ဗြိဟ္မာစ်သံဟိတ ကျမ်း၊ နာရဒသံဟိတာကျမ်း၊ ပါရာသျှတ္တရကျမ်း၊ ဘူမိစာလနိဒါန်းကျမ်း၊ (မြေလျှင်စသည့်အဟော၊ ကိတ်အဟော) သရကျမ်း၊ နေမိတ္တကဝိဇ္ဇာကျမ်း၊ ဇောတိတတ္တ ဗေဒင်ကျမ်း စသည့်များမှာ ထင်ရှားလှပါ၏။

ထိုကျမ်းများပါအကြောင်းအရာများကို တတ်သိနားလည်သော ပြက္ခဒိန်တော်ဆက် ဝေဒပညာရှင်များက လွှတ်တော်သို့ တင်ပြရသည်။ မင်းသို့ တင်ပြရသည်။ မင်းမိန့်ဖြင့် သင်္ကြန်စာကို ကြေညာသည်။ ရှေးမြန်မာမင်းလက်ထက်တော်မှ ယနေ့တိုင် ခေတ်အဆက်အဆက် ပြက္ခဒိန်တော်ဆက်အဖွဲ့ရှိလေသည်။

သင်္ကြန်ကျ၊ အတာကျ၊ အတာတက်၊ အတာပြောင်း၊ အတာစား စသည်များနှင့် ဝါဆို ဝါကပ်ဆိုင်ရာများ၊ ဝါထပ်ရက်ငင်၊ ဝါကြီးထပ် ဝါငယ်ထပ်၊ ပထမဝါ၊ ဒုတိယဝါ စသည်တို့မှာ လွန်စွာမှ သိမ်မွေ့လှပေ၏။ ပိဋကတ် ဝိနည်းတော်များနှင့် သင်္ကြန်တွက်ရိုးများကိုညှိ၍ လွှတ်တော်နှင့် မင်းက ဝါဆိုဝါကပ်ဆိုင်ရာကို ထုတ်ပြန်ရ၏။

မြန်မာနိုင်ငံသည် ယဉ်ကျေးမှုအစဉ်အလာ ရှေးကျ၍ ကြီးမားခဲ့သော တိုင်းပြည်ကြီးနှစ်ခုကြားတွင် ရာစုနှစ်ပေါင်းများစွာ ရပ်တည်ခဲ့ပါသည်။ ယဉ်ကျေးမှုအမျိုးမျိုးရှိသည့်အနက် မိမိတို့ မြန်မာနိုင်ငံနှင့် သင့်တင့်လျောက်ပတ်သော ယဉ်ကျေးမှုများကို နည်းယူ၍ တည်ဆောက်ခဲ့ကြလေသည်။

သင်္ကြန်ယဉ်ကျေးမှုနှင့် သင်္ကြန်တွက်ရိုးတို့သည်လည်း ဤသို့ပင် တည်ဆောက်လာခဲ့ပေသည်။ ကုန်းဘောင်ခေတ် ဘိုးတော်ဘုရားလက်ထက် ဖြူမှာဦးခေါင်းကို နတ်သမီးတို့ ပိုက်ရခြင်း၊ သင်္ကြန်မင်းဆင်းခြင်း စသည်တို့သည် ယုတ္တိမရှိကြောင်းကိုသိ၍ ပိဋကတ်ကျမ်းဂန်လာ ဟုတ် မဟုတ်ကို သာသနာပိုင်ကို လျှောက်ထားခဲ့လေသည်။ သာသနာပိုင်ကလည်း ပိဋကတ်ကျမ်းဂန်လာ မဟုတ်ကြောင်းကိုလည်း ဖြေကြားခဲ့ပါသည်။

ရှေးမြန်မာမင်းများလက်ထက်တွင် ယနေ့ခေတ်ကဲ့သို့ သတင်းမီဒီယာ ပြန်ကြားရေးမရှိရကား။ တိုင်းပြည်ရေးရာကိစ္စများ၊ တောင်သူလယ်သမား စိုက်ပျိုးရေးရာကိစ္စများ၊ မိုးလေဝသဆိုင်ရာကိစ္စများသည် ဤသင်္ကြန်စာကို အားကိုးယုံကြည်ကြပေသည်။

ထို့ကြောင့် ဘိုးတော်ဘုရားသည် မင်းမိန့်ဖြင့် မပယ်ဖျက်ဘဲ သိအောင်သာလုပ်ခဲ့ခြင်း ဖြစ်ရာ၏။

သင်္ကြန်စာပါအကြောင်းအရာများနှင့် သင်္ကြန်ပွဲကို ယနေ့ခေတ်တွင် အစစအရာရာ ရှုထောင့်ကွဲပြားစွာဖြင့် ဝေဖန်ရေးသားပြောကြားကြ၏။ ပုဏ္ဏားများက ဟိန္ဒူနည်းများဖြင့် ရှေးမြန်မာတို့ကို ဂျင်းထည့်ခဲ့သည်ဟု စွပ်စွဲ၍ သင်္ကြန်စာနှင့် အတာနှစ်သစ်ကူးပွဲသဘင်ကိုဝေဖန်တိုက်ခိုက်ခဲ့သည်ကို ဖေ့စ်ဘုတ်တွင် တွေ့ရသည်။ သင်္ကြန်ရေသဘင်ပွဲကို ဖျက်ပစ်မည်အထိ စီစဉ်ခဲ့ကြသည်ကိုပင် တစ်ဆင့်စကားကြားသိခဲ့ရသည်။

**သုတပညာ၊ နည်းတုံရာဝယ်၊**
**ဝါစာနှုတ်ကောင်း၊ တထောင်းထောင်နှင့်၊**
**ဒေါင်းမယိုက၊ ကျီးနက်လှသို့၊**
**ဗာလဟူသော၊ လူ့ငှက်ပျောကား၊**
**နှုတ်ပြောမျှသာ၊ နှစ်မပါဘူး....** ဆိုသည့်အတိုင်း မိမိတို့ယဉ်ကျေးမှုကို မမြတ်နိုးနိုင်သော မသိကျိုးကျွန်ပြုသော အနှစ်မပါသော၊ အလှမရှိသော ကျီးနက်များသဖွယ်ဖြစ်သူများ လှနေကြ၏။

အကြောင်းအရာတစ်ခုကို အကောင်းဘက်က မကြည့်နိုင်ကြ။ ပါရာဒိုင်း (Paradigm) အမြင်ဖြင့် မကြည့်တတ်သောအခါ တစ်မျိုးဖြစ်သွားနိုင်၏။ တချို့ယဉ်ကျေးမှုများ ပျောက်သွားနိုင်သည်။ ကမ္ဘာကျော် ဟိတောပဒေသ စာပေကို ပုံဝတ္ထုအနေဖြင့် မြင်နေသမျှ ကာလပတ်လုံး ပုံပြင်ဖတ်သော အဆင့်အနေသာ ရှိနေပေမည်။

ဟိတောပဒေသကို အကြောင်းပြု၍ အာသောကမင်းဆက်ကို တည်ဆောက်ခဲ့သည့် သမိုင်းကြောင်းကိုသိရာ၏။

သင်္ကြန် တာကူးနှစ်ကူးရေသဘင်ကို ပျော်ပွဲရွှင်ပွဲမျှသာမကပဲ ထိုနောက်ကွယ်တွင်ရှိသော ယဉ်ကျေးမှုဆိုင်ရာ နက္ခတ်ပညာသချာ်တွက်ရိုး ရှုထောင့်အမျိုးမျိုးဘက်ကလည်း စာပေလေ့လာသုံးသပ်ကြည့်ရှုနိုင်ကြပါစေဟု ဆန္ဒပြုနိဂုံးချုပ်အပ်ပါသည်။ ။

# ကရင်ပြည်နယ် စိုက်ပျိုးရေးနှင့်မွေးမြူရေး ဖွံ့ဖြိုးရေးကော်မတီလုပ်ငန်းညှိနှိုင်းအစည်းအဝေး ကျင်းပ

ဘားအံ မေ ၂၈

ကရင်ပြည်နယ်အစိုးရအဖွဲ့ ပြည်နယ်စိုက်ပျိုးရေးနှင့် မွေးမြူရေးဖွံ့ဖြိုးရေးကော်မတီ၏ (၃/၂၀၂၅) ကြိမ်မြောက် လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို မေ ၂၈ ရက် နံနက် ၁၀ နာရီက ပြည်နယ်အစိုးရအဖွဲ့ရုံး အစည်းအဝေးခန်းမ၌ ကျင်းပသည်။

ဦးစွာ ပြည်နယ်ဝန်ကြီးချုပ် ဦးစောမြင့်ဦးက စိုက်ပျိုးမွေးမြူရေးလုပ်ငန်းကို အဓိကထားပြီး တိုင်းပြည်သာယာဝပြော၍ စားရေရိက္ခာဖူလုံရေး ကြိုးပမ်းဆောင်ရွက်ရာတွင် စိုက်ပျိုးမွေးမြူရေး ထုတ်ကုန်များကို ဖူလုံပိုလျှံအောင် ထုတ်လုပ်ပြီး ပြည်ပတင်ပို့ရောင်းချ၍ နိုင်ငံခြားဝင်ငွေရရှိအောင် ကြိုးပမ်းဆောင်ရွက်ကြရမည်ဖြစ်ကြောင်း၊ သီးထပ်စွမ်းအားတိုးတက်ရန်နှင့် တစ်ဧက ပန်းတိုင်ရည်မှန်းချက် အထွက်နှုန်းပြည့်မီကျော်လွန်အောင် ကြိုးပမ်းဆောင်ရွက်ကြရမည်ဖြစ်ပြီး ဒေသနှင့်ကိုက်ညီသည့် သီးနှံများကို ရေရရှိရေးနည်းလမ်းမျိုးစုံဖြင့် တိုးချဲ့စိုက်ပျိုးလုပ်ကိုင်ကြစေလိုကြောင်း၊ ကြက်၊ ဝက်၊ ဘဲ၊ ငါး၊ ဆိတ်၊ နွားတို့ကို ဒေသတွင်းဖူလုံပိုလျှံအောင် တိုးချဲ့မွေးမြူလုပ်ကိုင်ကြစေလိုပြီး ဥစားကြက်မွေးမြူရေးကို ကျေးလက်ဒေသများအထိ မွေးမြူနိုင်အောင် စီမံဆောင်ရွက်ပေးကြစေလိုကြောင်း၊ ကျေးရွာတစ်ရွာလျှင် ကောင်ရေ ၅၀၀ ပါ ဥစားကြက်ခြံတစ်ခြံ



မွေးမြူနိုင်အောင် ဆောင်ရွက်ပေးစေလိုပြီး လိုအပ်သည့် နည်းပညာ၊ အရင်းအနှီးနှင့် ပံ့ပိုးမှုများကို ကော်မတီမှ ကူညီဆောင်ရွက်ပေးစေလိုကာ စိုက်ပျိုးမွေးမြူရေးလုပ်ငန်းများ တိုးတက်ဖွံ့ဖြိုးရေးအတွက် တက်ရောက်လာသူများက မျက်ခြည်မပြတ် အလေးထား ဆောင်ရွက်ပေးကြစေလိုကြောင်း ပြောကြားသည်။

ထို့နောက် ပြည်နယ်အဆင့်ဌာနဆိုင်ရာများက ယခင်အပတ် အစည်းအဝေးဆုံးဖြတ်ချက်များအပေါ် လိုက်နာဆောင်ရွက်ပြီးစီးမှု အခြေအနေများကို ရှင်းလင်းတင်ပြကြပြီး ပြည်နယ်၏ ၂၀၂၄-၂၀၂၅ ခုနှစ် အဓိကသီးနှံ ၁၀ မျိုး စိုက်ပျိုးထုတ်လုပ်မှုနှင့် ယခင်နှစ်စိုက်ပျိုးထုတ်လုပ်မှုအပေါ် နှိုင်းယှဉ်ချက်၊ ၂၀၂၅-၂၀၂၆ ခုနှစ် စိုက်ပျိုးနေမှုနှင့် တိုးမြှင့်စိုက်ပျိုးရန်လျာထားဆောင်ရွက်ထားရှိမှု၊ ၂၀၂၅-၂၀၂၆ ခုနှစ် သီးနှံအလိုက်အထူးဇုန်များ ဖော်ထုတ်မည့်အစီအစဉ်၊ သီးနှံအလိုက်မျိုးစေ့နှင့် သွင်းအားစုလိုအပ်မှု အခြေအနေ၊ မိုးကြိုထယ်ရေးခံခြင်းနှင့် သဘာဝမြေဩဇာ၊ သစ်စိမ်းမြေဩဇာများ ထည့်သွင်းဆောင်ရွက်ထားရှိမှု အခြေအနေ၊ မိုးစပါးမျိုးစေ့ထုတ်လုပ်ငန်းများ ဆောင်ရွက်မည့် အစီအစဉ်၊ မိုးစပါးနှင့်မိုးသီးနှံများ အထွက်နှုန်းတိုးတက်ရေး တစ်ကွင်းတစ်ဆက်တည်း ဧက ၅၀ နှင့်အထက်စံပြကွက်များ၊ သီးနှံ ပိုးစိစစ်မ်းသပ်ကွက်များ ဆောင်ရွက်မည့်အစီအစဉ်၊ ပြည်နယ်အတွင်း မွေးမြူတိရစ္ဆာန်ကောင်ရေ၊ မွေးမြူရေးဇုန်များ၏ ထုတ်လုပ်မှုအခြေအနေ၊ ပြည်နယ်အတွင်း အသား၊ ဥထုတ်လုပ်မှု၊ စားသုံးမှုနှင့်ပိုလျှံမှု၊ မွေးမြူရေး ထွက်ကုန်တိုးတက်စေရေး ဆောင်ရွက်မှုများကို ဆွေးနွေးတင်ပြကြသည်။

ယင်းနောက် ခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌများက သက်ဆိုင်ရာခရိုင်များအလိုက် သီးနှံစိုက်စွမ်းအားနှင့် သီးထပ်စွမ်းအားနှိုင်းယှဉ်ချက်၊ ဆန်၊ ဆီ၊ ပဲ ဖူလုံမှုအခြေအနေ၊ နှစ်အလိုက်တိရစ္ဆာန်မွေးမြူထုတ်လုပ်မှု၊ စားသုံးမှုနှင့် ဖူလုံမှုအခြေအနေ၊ လယ်ယာသားငါးကဏ္ဍ အကောင်အထည်ဖော်နိုင်မှု၊ စံပြစိုက်ခင်း၊ မျိုးစေ့ထုတ်စိုက်ခင်းများနှင့် တိုးတက်စိုက်ပျိုးမွေးမြူထုတ်လုပ်မှု အခြေအနေများကို ရှင်းလင်းတင်ပြကြပြီး တက်ရောက်လာသူများက ဝိုင်းဝန်းအကြံပြုဆွေးနွေးတင်ပြကြရာ ပြည်နယ်ဝန်ကြီးချုပ်က တင်ပြဆွေးနွေးမှုများအပေါ် ပေါင်းစပ်ညှိနှိုင်းဖြည့်ဆည်း ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

စောမျိုးမင်းသိန်း(ပြန်/ဆက်)



# ပြည်ထောင်စုနယ်မြေ နေပြည်တော်အတွင်း ဝန်ထမ်းအိမ်ရာများသို့ ဈေးကားများဖြင့် လှည့်လည်ရောင်းချပေးလျက်ရှိ

နေပြည်တော် မေ ၂၈

စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနနှင့် မြန်မာနိုင်ငံကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များ အသင်းချုပ် (UMFCCI) တို့၏ စီစဉ်မှုဖြင့် ဆန်၊ ဆီ၊ ဆား၊ ပဲ၊ ငါးပိနှင့် ကုန်မျိုးစုံဈေးကားများသည် ပြည်ထောင်စုနယ်မြေ နေပြည်တော်အတွင်း လျောင်ဘေးဒဏ်သင့် ဝန်ထမ်းအိမ်ရာများသို့ ၂၀၂၅ ခုနှစ် မတ် ၃၀ ရက်မှစ၍ အိမ်တိုင်ရာရောက်သွားရောက်ကာ သက်သာသော ဈေးနှုန်းများဖြင့် ရောင်းချပေးလျက်ရှိရာ ယနေ့တွင် ၂၄ ရက်မြောက်နေ့အဖြစ် ဈေးကား ခုနစ်စီးဖြင့် လှည့်လည် ရောင်းချပေးလျက်ရှိသည်။

၂၀၂၅ ခုနှစ် မတ် ၃၀ ရက်မှ မေ ၂၈ ရက်အထိ ရေဆင်းစိုက်ပျိုးရေးတက္ကသိုလ်၊ နေပြည်တော် ဘူတာကြီး၊ စက်ခေါင်းအလုပ်ရုံဌာနဝန်ထမ်းအိမ်ရာ၊ သူနာပြုသင်တန်းကျောင်း၊ ဥတ္တရသီရိဆေးရုံဝန်ထမ်းအိမ်ရာများ၊ ပိတောက်အိမ်ရာ၊ ကံ့ကော်အိမ်ရာ၊ ခနသိဒ္ဓိရပ်ကွက်အိမ်ရာ၊ ဗလသိဒ္ဓိရပ်ကွက်အိမ်ရာ၊ ဉာဏသိဒ္ဓိရပ်ကွက်အိမ်ရာ၊ သုခသိဒ္ဓိရပ်ကွက်အိမ်ရာ၊ ဝဏ္ဏသိဒ္ဓိရပ်ကွက်အိမ်ရာ၊ ပညာရေးဝန်ထမ်းအိမ်ရာ၊ နေပြည်တော်ကောင်စီ ဝန်ထမ်းအိမ်ရာရှိ ဝန်ထမ်းများအား ဆန်ခြောက်ပြည်ပါ (မနော်သုခ-Export Quality) ၉၃၀၆ အိတ်၊ ဆန်ငါးပြည်ပါ (ဖျာပုံပေါ်ဆန်း) ၂၁၂၈ အိတ်၊ ဆီပိဿာ ၂၄၁၂၀၊ ဆား ၂၅ ကျပ်သားပါ အိတ် ၅၆၅၅ ထုပ်၊ ကုလားပဲ ၂၀ ကျပ်သားပါ အိတ် ၄၈၉၄ ထုပ်၊ ငါးပိ ၂၂၃ ပိဿာ၊ ငါးခြောက် ၁၀ ကျပ်သားပါ ၁၀၉ ထုပ်၊ ကြက်ဥ၊ ဘဲဥများနှင့်၊ ခေါက်ဆွဲခြောက်ထုပ်များကိုလည်း ရောင်းချပေးခဲ့သည်။

ထို့အတူ မန္တလေးမြို့တွင် ဈေးကားလေးစီးဖြင့် လှည့်လည်ရောင်းချပေးလျက်ရှိရာ ယနေ့အထိ ဆန် ၂၄ ပြည်ပါ (မနော်သုခ) အိတ် ၄၉၀၊ စားအုန်းဆီပိဿာ ၄၁၈၀၀၊ ဆား ၂၅ ကျပ်သားပါ ၈၃ ထုပ်၊ ကုလားပဲ ၂၅ ကျပ်သားပါ အထုပ် ၇၀၊ ငါးပိ ၁၆ ပိဿာ၊ ငါးခြောက် ၁၀ ကျပ်သားပါ ၁၁၃ ထုပ်၊ ကြက်ဥ၊ ဘဲဥများ၊ ခေါက်ဆွဲခြောက်ထုပ်များကို ရောင်းချပေးခဲ့ကြောင်းနှင့် စစ်ကိုင်းမြို့တွင် ဈေးကားလေးစီးဖြင့် ရောင်းချပေးလျက်ရှိရာ ယနေ့အထိ ဆန် ၂၄ ပြည်ပါ (ရွှေဝါထွန်း) ၂၇၃ အိတ်၊ စားအုန်းဆီ ပိဿာ ၄၄၁၀၊ ဆားပိဿာ ၃၆ ပိဿာ၊ ကုလားပဲ ၂၀ ကျပ်သားပါ ၁၇၇ ဘူး၊ ငါးပိ ၁၃ ပိဿာ၊ ငါးခြောက် ၁၃ ပိဿာ၊ ကြက်သွန်နီ ၅၀၅ ပိဿာ၊ အသားတု ပိဿာ ၂၀၊ ကြက်ဥ၊ ဘဲဥများနှင့် ပုစွန်ခြောက်များကို သက်သာသော ဈေးနှုန်းများဖြင့် ရောင်းချပေးခဲ့ပြီး ရေသန့်များကိုလည်း အခမဲ့ ဖြန့်ဝေပေးခဲ့ကြောင်းနှင့် နေ့စဉ်ဆက်လက်ရောင်းချပေးမည်ဖြစ်ကြောင်း သတင်းရရှိသည်။

သတင်းစဉ်

# နေပြည်တော်၊ မန္တလေးနှင့် စစ်ကိုင်းမြို့တို့တွင် ကြက်ဥနှင့် အသားငါးများကို သက်သာသော ဈေးနှုန်းများဖြင့် ရောင်းချပေးလျက်ရှိ

နေပြည်တော် မေ ၂၈

မွေးမြူရေးနှင့်ကုသရေးဦးစီးဌာနနှင့်မြန်မာနိုင်ငံမွေးမြူရေးလုပ်ငန်းအဖွဲ့ချုပ်တို့ပူးပေါင်း၍ နေပြည်တော် ကောင်စီနယ်မြေအတွင်း ဝန်ထမ်းအိမ်ရာများ၊ ရုံးများနှင့် ဈေးများ၌ ကြက်ဥတစ်လုံးလျှင် ကျပ် ၃၅၀၊ ကြက်သား တစ်ပိဿာလျှင် ကျပ် ၁၆၀၀၀ နှုန်းဖြင့် ရောင်းချပေးလျက်ရှိရာ ၂၀၂၅ ခုနှစ် မတ် ၃၁ ရက်မှ ယနေ့အထိ ကြက်ဥအလုံးရေ ၁၆၃၆၅ လုံးနှင့် ကြက်သား ၆၇ ဒသမ ၁၀ ပိဿာ ရောင်းချနိုင်ခဲ့ပြီး အပတ်စဉ် တနင်္လာနေ့နှင့် ကြာသပတေးနေ့များတွင် ရောင်းချပေးသွားမည်ဖြစ်သည်။

ထို့ပြင် မန္တလေးတိုင်းဒေသကြီး မွေးမြူရေးနှင့် ကုသရေးဦးစီးဌာနနှင့် မွေးမြူရေးလုပ်ငန်း အဖွဲ့ချုပ်တို့ပူးပေါင်း၍ မန္တလေးမြို့ မန်းမြို့ညဈေးဝင်း၌ ယနေ့မှစ၍ အပတ်စဉ် ဗုဒ္ဓဟူးနေ့နှင့် စနေနေ့များတွင် နံနက် ၇ နာရီမှ ၁၀ နာရီအထိ ရောင်းချပေးလျက်ရှိရာ ယနေ့တွင် ကြက်ဥတစ်လုံးလျှင် ကျပ် ၃၅၀ နှုန်းဖြင့် အလုံး ၃၇၀၀၊ ကြက်သား တစ်ပိဿာလျှင် ကျပ် ၁၆၀၀၀ နှုန်းဖြင့် ပိဿာ ၁၆၀၊ ဆိတ်သားတစ်ပိဿာလျှင် ကျပ် ၃၀၀၀၀ နှုန်းဖြင့် ၁၀ ပိဿာနှင့် အမဲသား တစ်ပိဿာလျှင် ကျပ် ၃၀၀၀၀ နှုန်းဖြင့် ၁၀ ပိဿာ ရောင်းချပေးနိုင်ခဲ့သည်။

ထို့အတူ စစ်ကိုင်းတိုင်းဒေသကြီး စစ်ကိုင်းမြို့ မွေးမြူရေးနှင့် ကုသရေးဦးစီးဌာနရုံးတွင်လည်း ရောင်းချ ပေးနိုင်ခဲ့ကြောင်းနှင့် တစ်ပတ်လျှင်တစ်ရက် ရောင်းချပေးသွားမည်ဖြစ်ကြောင်း သိရသည်။

သတင်းစဉ်



# မိုဘိုင်း ဆက်သွယ်ရေးစခန်း ၂၇၃ စခန်းသာ ပြုပြင်ရန် ကျန်ရှိ

နေပြည်တော် မေ ၂၈

မတ် ၂၈ က လှုပ်ခတ်ခဲ့သော မန္တလေးမြေငလျင်ကြီးကြောင့် မိုဘိုင်း ဆက်သွယ်ရေးစခန်း ၆၇၃၀ ချွတ်ယွင်းပျက်စီးခဲ့ကြောင်း၊ မိုဘိုင်း အော်ပရေတာများက ပြန်လည်ပြုပြင်မှုများ ဆောင်ရွက်ခဲ့သဖြင့် မေ ၂၂ ရက်အထိ စခန်း ၆၄၅၇ စခန်း ပြုပြင်ကောင်းမွန်သွားပြီ ဖြစ်ကြောင်း၊ နိုင်ငံတစ်ဝန်းအနေဖြင့် ပြုပြင်ရန်ကျန် MPT စခန်း ၈၈ စခန်း၊ Atom စခန်း ၁၁၅ စခန်း၊ Ooredoo စခန်း ၄၉ စခန်း၊ Mytel စခန်း ၂၁ စခန်း စုစုပေါင်း ၂၇၃ စခန်းသာ ကျန်ရှိကြောင်းနှင့် ဆက်လက်ပြုပြင်လျက်ရှိကြောင်း သိရသည်။

သတင်းစဉ်

## လူသားတို့၏ ကျန်းမာရေး အိုဇုန်းလွှာကို ထိန်းသိမ်းပေး

# မန္တလေးငလျင်ကြီး လှုပ်ခတ်ပြီးချိန် ပုဂံတွင်ရှိသော ရှေးဟောင်းစေတီများအား ကွင်းဆင်းစစ်ဆေးပြီး ကြံ့ခိုင်ရေးလုပ်ငန်းများ မြန်ဆန်စွာဆောင်ရွက်နိုင်ခဲ့



**ရန်ကုန်  ဧပြီ ၂၃**

မတ် ၂၈ ရက်က လှုပ်ခတ်ခဲ့သော မန္တလေး ငလျင်ကြီးကြောင့် မန္တလေး၊ စစ်ကိုင်း၊ နေပြည်တော်နှင့် အချို့ဒေသများတွင် လူနှင့် အဆောက်အအုံများစွာ ထိခိုက်ပျက်စီးမှုရှိခဲ့သော်လည်း ပုဂံဒေသတွင်လည်း ရှေးဟောင်းဘုရား၊ စေတီ၊ ပုထိုးများ အနည်းငယ်သာ ထိခိုက်မှုရှိခဲ့ပြီး အချိန်နှင့်တစ်ပြေးညီ ကြံ့ခိုင်ရေးလုပ်ငန်းများ မြန်ဆန်စွာဆောင်ရွက်နိုင်ခဲ့ကြောင်း ပုဂံရှေးဟောင်းသုတေသန ပြုပြင်ထိန်းသိမ်းရေးဌာနမှ သိရသည်။

"ပုဂံမှာ ငလျင်လှုပ်တော့ အင်္ဂတေပိုင်း အနည်းအကျဉ်းပဲ ထိပါတယ်။ ပွဲကျ၊ ပြိုကျ၊ ပြုတ်ကျတာမရှိပါဘူး။ ငလျင်လှုပ်တဲ့နေ့မှာပဲ အဖွဲ့တွေခွဲပြီး ချက်ချင်းကွင်းဆင်း ဆောင်ရွက်နိုင်ခဲ့ပါတယ်။ ၂၀၁၂ ခုနှစ်ကတည်းက UNESCO နဲ့ပူးပေါင်းပြီး ငလျင်လှုပ်ခဲ့ရင် နံရံဆေးပန်းချီတွေကို ဘယ်လိုထိန်းသိမ်းမလဲ၊ ဘာတွေစပြီးလုပ်ဆောင်မလဲ၊ ဘယ်လိုကြိုတင်ကာကွယ်မလဲဆိုပြီး လုပ်ဆောင်ခဲ့ကြတာရှိပါတယ်။ ၂၀၁၆ ခုနှစ် ငလျင်လှုပ်ပြီးချိန်မှာလည်း ချက်ချင်း စာရင်းကောက်ယူပြီး စနစ်တကျ ကြံ့ခိုင်ရေးလုပ်ငန်းတွေ လုပ်ဆောင်နိုင်ခဲ့တာ ရှိပါတယ်။ ယခု ငလျင်ကလည်း ကြာကြာလေး လှုပ်ခတ်ခဲ့ပေမယ့် ကွင်းဆင်းကြည့်တဲ့အခါမှာ အုတ်ကြိုအုတ်ကြားက အမှုန်အမွှားကျတာနဲ့ အုတ်နံရံအချို့ အက်ကြောင်း အနည်းငယ်ဖြစ်ပေါ်တာပဲရှိပါတယ်။ စေတီ၊ ပုထိုးတွေက အတွင်းပိုင်း သိပ်သည်းမှုရှိတာကြောင့် အပြင်ပိုင်းအနည်းငယ် အက်ကြောင်းဖြစ်တာရှိပေမယ့် အန္တရာယ်မရှိသလို အုတ်တွေပွဲကျတာလည်း မရှိခဲ့ပါဘူး" ဟု ပုဂံရှေးဟောင်းသုတေသန ပြုပြင်ထိန်းသိမ်းရေးဌာန မှလက်ထောက်ညွှန်ကြားရေးမှူး ဦးကြည်လင်က ပြောကြားသည်။

ငလျင်လှုပ်ခတ်သော မတ် ၂၈ မွန်းလွဲ ၁၂ နာရီကျော်အချိန်တွင် ပုဂံဒေသရှိ ရွှေစည်းခုံ၊ ထီးလိုမင်းလို အပါအဝင် အထင်ကရစေတီတော်တို့၏ ထီးတော်များ လှုပ်ယမ်းခဲ့သော်လည်း ထိခိုက်ပျက်စီးမှုမရှိခဲ့ဘဲ စေတီသုံးဆူရှိ နံရံဆေးပန်းချီအချို့ အနည်းငယ်ထိခိုက်မှုကို ပြန်လည်ပြုပြင် ကုသိုလ်ယူနိုင်ရန် ကုသိုလ်ရှင်များအား ပုဂံရှေးဟောင်းသုတေသနပြုပြင်ရေး ဌာနမှ ဖိတ်ခေါ်ထားသည်။

၂၀၁၉ ခုနှစ် ဇူလိုင် ၆ ရက်တွင် Azerbaijan နိုင်ငံ၊ Baku မြို့တော်၌ ကျင်းပသည့် (၄၃)ကြိမ်မြောက် UNESCO World Heritage Committee အစည်းအဝေးတွင် မြန်မာနိုင်ငံရှိ ပုဂံရှေးဟောင်းယဉ်ကျေးမှုဒေသမှ ဘုရား၊ စေတီများအား ကမ္ဘာ့အမွေအနှစ် စာရင်းဝင်အဖြစ် သတ်မှတ်ခဲ့ပြီး ရှေးဟောင်းသုတေသနဦးစီးဌာနအနေဖြင့် UNESCO နှင့်လက်တွဲ၍ ကမ္ဘာ့အမွေအနှစ်စာရင်းဝင် ပုဂံရှေးဟောင်းယဉ်ကျေးမှု အမွေအနှစ်များ ပြုပြင်ထိန်းသိမ်းမှုတွင် ပူးပေါင်းလုပ်ဆောင်လျက်ရှိသည်။

**ဓာတ်ပုံ - ကနူး**
**ညိမ်းသူ(သတင်းစဉ်)**

## ငလျင်ဘေးသင့်ဒေသပြည်သူများသို့ ရှာဖွေကယ်ဆယ်ရေးနှင့် ထောက်ပံ့ရေးလုပ်ငန်းများ ဆောင်ရွက်ပေးလျက်ရှိ

**နေပြည်တော်  ဧပြီ ၂၃**

မြန်မာနိုင်ငံတွင် မတ် ၂၈ ရက်က လှုပ်ခတ်ခဲ့သော အင်အားအလွန်ပြင်းထန်သည့် ငလျင်ဒဏ်ကို ပြင်းထန်စွာခံစားခဲ့ရသော တိုင်းဒေသကြီး/ ပြည်နယ် ခြောက်ခုတွင် ဧပြီ ၂၃ ရက်အထိ သေဆုံးသူ ၃၇၅၉ ဦး၊ ထိခိုက်ဒဏ်ရာရရှိသူ ၅၁၀၇ ဦးနှင့် ပျောက်ဆုံးသူ ၁၁၄ ဦး ရှိသည်။

မြန်မာနိုင်ငံ မီးသတ်တပ်ဖွဲ့နှင့် ပြည်တွင်းပြည်ပမှ ရှာဖွေကယ်ဆယ်ရေးအဖွဲ့ဝင်များသည် လိုအပ်သည့်ဒေသများသို့ အချိန်နှင့်တစ်ပြေးညီ ရှာဖွေကယ်ဆယ်ရေးလုပ်ငန်းများ ဆောင်ရွက်ပေးလျက်ရှိပြီး အဆောက်အအုံများအတွင်း ပိတ်မိနေသူများအား ရှာဖွေကယ်ဆယ်ခဲ့ရာ ယနေ့အထိ အသက်ရှင်သူ ၆၅၃ ဦးကို ရှာဖွေကယ်ဆယ်ပေးနိုင်ခဲ့ပြီး သေဆုံးသူ ၇၆၇ ဦးအား ရှာဖွေပေးနိုင်ခဲ့သည်။

ဘေးသင့်ပြည်သူများသို့ ပြည်တွင်းစေတနာရှင်အလှူရှင်များက ငွေနှင့် အလှူပစ္စည်းများ ထောက်ပံ့လှူဒါန်းလျက်ရှိသကဲ့သို့ ပြည်ပနိုင်ငံများ၊ အဖွဲ့အစည်းများ၊ စေတနာရှင်အလှူရှင်များက ငွေနှင့် အလှူပစ္စည်းများ ထောက်ပံ့လှူဒါန်းပေးလျက်ရှိရာ ဧပြီ ၂၂ ရက် ည ၇ နာရီမှ ဧပြီ ၂၃ ရက် ညနေ ၅ နာရီအတွင်း ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်သို့ International Organization For Migration–IOM (မြန်မာ) က ငလျင်ဘေးသင့်သူများအတွက် ထောက်ပံ့ပေးမည့် ရွက်ဖျင်တဲများ၊ ရေသန့်စင်ဆေးပြားများ စုစုပေါင်းတန်ချိန် ၁၀ ဒသမ ၉၆ တန်၊ တရုတ်နိုင်ငံ Shenzhen Salubris Pharmaceuticals Co.,Ltd က China–Myanmar Economic Cooperation and Development Promotion Association မှတစ်ဆင့် ကျန်းမာရေးဝန်ကြီးဌာနနှင့် မန္တလေးပြည်သူ့ဆေးရုံကြီး ခုတင်(၁၅၀၀) သို့ ပေးပို့မည့် ဆေးဝါးများ စုစုပေါင်း တန်ချိန် ၂ ဒသမ ဝ၀၄ တန် ရောက်ရှိခဲ့သည်။

ထောက်ပံ့ရေးပစ္စည်းများကိုလည်း ဘေးသင့်ပြည်သူများထံသို့ လက်ဝယ်အရောက် အမြန်ဆုံးခွဲဝေထောက်ပံ့လျက်ရှိပါကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

## ပြည်သူ့စစ်မှုထမ်း နည်းဥပဒေများအား ဖတ်ရှုနိုင်ရန် ဖော်ပြပေးထားသော Websiteနှင့် Webportal စာရင်း

၁။ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီရုံး
https://sacoffice.gov.mm

၂။ ကာကွယ်ရေးဝန်ကြီးဌာန
https://www.mod.gov.mm

၃။ ဥပဒေရေးရာဝန်ကြီးဌာန
https://www.mlis.gov.mm

၄။ ပြန်ကြားရေးဝန်ကြီးဌာန
https://www.moi.gov.mm

၅။ Myawady Webportal
https://myawady.net.mm

၆။ Myanmar National Portal
https://myanmar.gov.mm

## ဖေးကူလက်များ

❀ သဘာဝထဲမှာ
နေလာခဲ့ကြ။
သူကောင်းလျှင် ကိုယ်စံလို့
သူထန်လျှင် ကိုယ်ခံရ
လူသား ဘဝ။ ။

❀ သဘာဝနဲ့ လူသားတွေ
ခွဲနေလို့မရ။
အပြန်အလှန် မှီခိုကြ
အညှ မညာ။ ။

❀ အတိတ်မှာ ကြုံခဲ့ရ
သဘာဝ အန္တရာယ်တွေ။
မီး ရေ လေ မြေ, လေးမျိုး
ဆိုးရွားလှပေ။
ကြေတာလည်းကြေ
ကြွေတာလည်း ကြွေခဲ့ရ။
ဘဝနွမ်းပေမယ့်
အလှုပန်း တစ်ဖန်လန်းအောင်
တို့ စွမ်းခဲ့ကြ။ ။

❀ ခုတစ်ကြိမ် လှုပ်ခတ်ယမ်း
ကြမ်းလှပေ့ မန်းငလျင်။
အိမ်လမ်းတွေ ပြိုကျပျက်လို့
အသက်တွေ နုတ်ယူသွား
ခံစားနာကျင်။
စိတ်မကောင်းပေမယ့်
စိတ်ထောင်းကာ ခွေမယိုင်နဲ့
ပန်းတိုင်ကို လှမ်းကိုင်ဆုပ်ဖို့
အားထုတ်လို့ တို့ပြင်ဆင်
စွမ်းအားရှင် ပြည်သူများ။
ကယ် ရှင်း ထူ
သုံးရပ်ကွယ် မဟာဗျူနဲ့
တို့ပြည်သူ ပြန်ထူမတ်မှာပေါ့
အနာဂတ် မျှော်ရည်တွေလို့
ကြင်နာစွာ ပိုက်ကာထွေးမယ်
ဖေးကူလက်များ။ ။

ကို(တက္ကသိုလ်)

# ၂၀၂၅–၂၀၂၆ ဘဏ္ဍာရေးနှစ် ဒေသန္တရစီမံကိန်းရည်မှန်းချက်များ တာဝန်ပေးအပ်ပွဲကျင်းပ

တောင်ကြီး ဧပြီ ၂၃

**ရှမ်းပြည်နယ်၏ ၂၀၂၅ – ၂၀၂၆ ဘဏ္ဍာရေးနှစ် ဒေသန္တရစီမံကိန်း ရည်မှန်းချက်တာဝန်ပေးအပ်ပွဲကို ဧပြီ ၂၃ ရက်က တောင်ကြီးမြို့ ရှမ်းပြည်နယ်အစိုးရရုံး အစည်းအဝေးခန်းမ၌ ကျင်းပသည်။**

စီမံကိန်းတာဝန် ပေးအပ်ပွဲတွင် ရှမ်းပြည်နယ်ဝန်ကြီးချုပ် ဦးအောင်အောင်က ယခုနှစ် ဒေသန္တရ စီမံကိန်းဥပဒေကို ရေးဆွဲရာတွင် ရှမ်းပြည်နယ်၏ လူမှုစီးပွားရေးနယ်ပယ်အသီးသီး ဖွံ့ဖြိုးတိုးတက်ရေးနှင့် ပြည်သူကို ဗဟိုပြု၍ အားလုံးပါဝင်နိုင်သော ရေရှည်ဖွံ့ဖြိုးတိုးတက်မှု ရရှိစေရန် ရည်ရွယ်၍ နိုင်ငံတော်ကချမှတ်ထားသည့် အမျိုးသားရေးမျှော်မှန်းချက် (၂) ရပ်ဖြစ်သည့် တိုင်းပြည်သာယာဝပြောရေး၊ စားရေရိက္ခာဖူလုံရေး၊ ရှေ့လုပ်ငန်းစဉ် (၅)ရပ်၊ ဦးတည်ချက်(၉)ရပ်၊ စီးပွားရေးမူဝါဒများနှင့်အညီ ရေးဆွဲဆောင်ရွက်ထားရှိပြီး ဖြစ်ပါကြောင်း၊ စီမံကိန်းများကို အကောင်အထည်ဖော်ဆောင်ရွက်ရာတွင်လည်း အမှန်တကယ် အကောင်အထည် ဖော်နိုင်ပြီး ပြည်သူများအတွက် လက်ငင်းအကျိုးရှိစေမည့် လုပ်ငန်းစီမံကိန်းများကို အကောင်အထည်ဖော်ဆောင်ရွက်ကြရမည်ဖြစ်သည့်အတွက် ရှမ်းပြည်နယ် ဖွံ့ဖြိုးတိုးတက်ရေးအတွက် ထူးခြားလေးနက်သည့် လုပ်ငန်းစဉ်အဖြစ် ခံယူဆောင်ရွက်သွားကြရန် လိုအပ်ပါကြောင်း ပြောကြားသည်။

ထို့နောက် ရှမ်းပြည်နယ်၏ ၂၀၂၅ – ၂၀၂၆ ဘဏ္ဍာရေးနှစ် ဒေသန္တရစီမံကိန်း ရည်မှန်းချက်များကို တာဝန်ပေးအပ်ရာ ပြည်နယ်ဝန်ကြီးချုပ်က ပေးအပ်ရာ **(ယာပုံ)** လယ်ယာကဏ္ဍကြီး (စိုက်ပျိုးရေးဦးစီးဌာန)၊ စက်မှုကဏ္ဍကြီး (စက်မှုကြီးကြပ်ရေးနှင့် စစ်ဆေးရေးဦးစီးဌာန)၊ ဝန်ဆောင်မှုကဏ္ဍကြီး (မြန်မာ့စီးပွားရေးဘဏ်)၊ ပအိုဝ်းခနုကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ စီမံအုပ်ချုပ်ရေးအဖွဲ့၊ တောင်ကြီး ခရိုင်၊ ကလောခရိုင်၊ လွိုင်လင် ခရိုင်၊ နမ့်စန်ခရိုင်၊ မိုင်းရှူးခရိုင်၊ လင်းခေးခရိုင် စီမံအုပ်ချုပ်ရေး အဖွဲ့ တာဝန်ရှိသူအသီးသီးက လက်ခံရယူကြသည်။

**မောင်မောင်သန်း (တောင်ကြီး)**



❒ *ကျောဖုံးမှ*

ယခင်က ဘိလပ်မြေ တစ်အိတ်လျှင် ငွေကျပ် ၂၀၀၀၀ နှုန်းဖြင့် ရောင်းချပေးနေရာမှ ယခုတစ်အိတ်လျှင် ငွေကျပ် ၁၇၅၀၀ နှုန်းသို့ လျှော့ချ၍ လည်းကောင်း၊ ငလျင်ဘေးသင့်ပြည်သူများ၏ အိုးအိမ်၊ အဆောက်အအုံများ ပြန်လည်ပြုပြင်တည်ဆောက်ရေးအတွက် ဝယ်ယူမည်ဆိုပါက ယခင်က ဘိလပ်မြေတစ်အိတ်လျှင် ငွေကျပ် ၂၃၀၀၀ နှုန်းဖြင့် ရောင်းချပေးနေရာမှ ယခု တစ်အိတ်လျှင် ငွေကျပ် ၂၀၀၀၀ နှုန်းသို့ လျှော့ချ၍ လည်းကောင်း ယနေ့မှစ၍ ရောင်းချပေးလျက်ရှိသည်။

ယခုကဲ့သို့ ပြန်လည်တည်ဆောက်ရေးကာလတွင် စာသင်ကျောင်း၊ ဆေးရုံ၊ အစိုးရဌာန အဆောက်အဦများအပါအဝင် အများနှင့်သက်ဆိုင်သော နေရာများ အမြန်ဆုံးပြန်လည်အသုံးပြုနိုင်ရေးနှင့် ငလျင်ဘေးဒဏ်သင့်ပြည်သူများ၏ နေအိမ် အဆောက်အအုံများ မိုးမကျမီ အမြန်ဆုံးပြုပြင် တည်ဆောက်ရေးလုပ်ငန်းများ ဆောင်ရွက်နိုင်ရန် ရည်ရွယ်၍ သင့်တင့်သက်သာသည့် နှုန်းထားတစ်ခုသို့လျှော့ချကာ ယခုကဲ့သို့ ဆောင်ရွက်ပေးခြင်းဖြစ်ကြောင်း အဆိုပါစက်ရုံမှ တာဝန်ရှိသူတစ်ဦးထံမှ သိရသည်။

ထို့သို့ဈေးနှုန်းများအားလျှော့ချပေးသည့်အတွက် တစ်ဖက်တွင်လည်း ထုတ်လုပ်မှုအပိုင်း၊ ဖြန့်ချိမှုအပိုင်းနှင့် အရည်အသွေးအပိုင်း ထိခိုက်မှုမရှိရေး၊ လျှော့ကျမှုမရှိစေရေးနှင့် သုံးစွဲသူများ လက်ဝယ် အမှန်တကယ်ရောက်ရှိစေရေး နေ့စဉ်စနစ်တကျ ကြပ်မတ်စစ်ဆေး ထုတ်လုပ်လျက်ရှိကြောင်း သိရသည်။

**မြနန္ဒာ**





Max Cement တောင်ဖီလာ ဘိလပ်မြေစက်ရုံမှ ဘိလပ်မြေများကို အများပြည်သူသို့ ဈေးနှုန်းသက်သာစွာ ရောင်းချပေးစဉ်။

## မြစ်ကြီးနားမြို့နယ်အဆင့် MSY ၊ VDP ၊ Smart Village စီမံကိန်း နှစ်ပတ်လည် သုံးသပ်ဆွေးနွေးပွဲနှင့် ဆုချီးမြှင့်ပွဲကျင်းပ

**မြစ်ကြီးနား ဧပြီ ၂၃**

ကချင်ပြည်နယ် မြစ်ကြီးနားမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနအနေဖြင့် အကောင်အထည်ဖော်ဆောင်ရွက်သော မြစိမ်းရောင်ကျေးရွာစီမံကိန်း(MSY)၊ ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်း စီမံကိန်း (VDP)နှင့် Smart Village စီမံကိန်းများ သုံးသပ်ဆွေးနွေးပွဲနှင့် ဆုချီးမြှင့်ပွဲအခမ်းအနားကို ယမန်နေ့က မြစ်ကြီးနားမြို့ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနရှိ မနောရွှေပြည်ခန်းမ၌ ကျင်းပသည်။

အခမ်းအနားတွင် မြစ်ကြီးနားခရိုင် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ဦးစီးမှူး ဦးသန်းထွန်းဝင်းက အမှာစကားပြောကြားပြီး မြစိမ်းရောင်ကျေးရွာ စီမံကိန်းကျေးရွာ ၄၄ ရွာ၊ ယူနစ် ၄၃ ယူနစ်အနက် စီမံကိန်း အကောင်အထည်ဖော်ဆောင်ရွက်မှု ပထမဆုရရှိသည့် စံကင်းကျေးရွာ၊ ဒုတိယဆုရရှိသည့် ဒွမ်ဂန်ကျေးရွာ၊ တတိယဆုရရှိသည့် မန်လယ်နှင့် ရေနားပင်လုံကျေးရွာတို့ကို လည်းကောင်း၊ ၂၀၂၄–၂၀၂၅ ဘဏ္ဍာရေးနှစ်တွင် ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်း စီမံကိန်းငါးရွာရှိသည့်အနက် အကောင်းဆုံး အကောင်အထည်ဖော်ဆောင်ရွက်မှု ပထမဆုရရှိသည့် မော်ဖောင်း–နယ်မြေ(၁) ကျေးရွာကိုလည်းကောင်း၊ Smart Village စီမံခန့်ခွဲမှု ဂုဏ်ပြုဆုရရှိသည့် မော်ဖောင်း– နယ်မြေ (၈) ကျေးရွာနှင့် ပလန(၁) ကျေးရွာတို့ကို လည်းကောင်း သက်ဆိုင်ရာ တာဝန်ရှိသူများက ဂုဏ်ပြုဆုများ ပေးအပ်ကြသည်။



ထို့နောက် တက်ရောက်လာသည့် ဌာနဆိုင်ရာတာဝန်ရှိသူများနှင့်အတူ ကျေးရွာများမှ တာဝန်ခံများက စီမံကိန်းအလိုက် အဖွဲ့လိုက် ဆွေးနွေးခြင်းများ ပြုလုပ်ခဲ့ကြကြောင်း သိရသည်။

**ခရိုင်(ပြန်/ဆက်)**

❂ *ကျောဖုံးမှ*

ဂိုးရရှိရန် နီးစပ်သည့် အခွင့်အရေးများစွာကို လက်စွမ်းပြ ကာကွယ်နိုင်ခဲ့သည်။ ထို့ပြင် မာယော့ကာအသင်းသည် ပွဲချိန်တစ်လျှောက်တွင် ဘာစီလိုနာ၏ အသင်း၏ တရပ်စပ်ထိုးဖောက်တိုက်စစ်ဆင်မှုများကို ခုခံကာကွယ်ခဲ့ရပြီး တိုက်စစ်ဆင်မှု အနည်းငယ်သာ ပြုလုပ်နိုင်ခဲ့သည်။

ဘာစီလိုနာ အသင်းက မာယော့ကာ အသင်းဘက်သို့ ဂိုးရရှိနိုင်သည့် အခွင့်အရေးများနှင့်အတူ ဂိုးပေါက် ကန်သွင်းမှု အကြိမ် ၄၀ အထိ ပြုလုပ်နိုင်ခဲ့သည်။ ထို့ပြင် ဘာစီလိုနာအသင်းသည် ယခုနှစ်ရာသီ လာလီဂါတွင် ပြိုင်ဘက် အသင်းဘက်သို့ ဂိုးပေါက်ခြိမ်းခြောက်မှု အကြိမ်ရေ အများဆုံး ပြုလုပ်နိုင်သည့် အသင်းအဖြစ် မှတ်တမ်းဝင်ခဲ့သည်။

ဘာစီလိုနာ အသင်းသည် ယခုအနိုင်ပွဲကြောင့် ဒုတိယနေရာမှ ရီးရဲမက်ဒရစ်အသင်းထက် တစ်ပွဲပိုကစားပြီး ၇ မှတ်အသာဖြင့် အမှတ်ပေးဇယားကို ဦးဆောင်ထားသည်။ ဘာစီလိုနာ အသင်းသည် လာမည့်ပွဲစဉ်တွင် ကိုပါ ဒယ်ရေးဖလားပြိုင်ပွဲ နောက်ဆုံး ဗိုလ်လုပွဲအဖြစ် နာမည်ကြီး ရီးရဲမက်ဒရစ် အသင်းနှင့် ယှဉ်ပြိုင်ကစားရမည် ဖြစ်သည်။

**အောင်ဇော်**

## မိုးရွာသွန်းခြင်းနှင့်အတူ လေပြင်းတိုက်ခတ်ခြင်း၊ မိုးထစ်ချုန်းခြင်းများ ဖြစ်ပေါ်နိုင်

**နေပြည်တော် ဧပြီ ၂၃**

မိုးတိမ်တောင်ဖြစ်ပေါ်မှုအခြေအနေမှာ တနင်္သာရီတိုင်းဒေသကြီးတွင် မိုးတိမ်တောင်များ ဖြစ်ထွန်းလျက်ရှိပြီး အဆိုပါ မိုးတိမ်တောင်များ ရွေ့လျားရာနေရာတစ်လျှောက်တွင် မိုးရွာသွန်းခြင်းနှင့်အတူ လေပြင်းတိုက်ခတ်ခြင်း၊ မိုးထစ်ချုန်းခြင်း၊ မိုးကြိုးပစ်ခြင်း၊ လျှပ်စီးလက်ခြင်းနှင့် မိုးသီးကြွေခြင်းစသည့် မိုးလေဝသဖြစ်စဉ်များ ဖြစ်ပေါ်နိုင်သဖြင့် ကြိုတင်သတိပြုနိုင်ပါရန် အကြံပြုအပ်ပါသည်။

မြန်မာ့ပင်လယ်ပြင်အခြေအနေမှာ လှိုင်းအနည်းငယ်မှ လှိုင်းအသင့်အတင့်ရှိမည်။ လှိုင်းအမြင့်မှာ မြန်မာ့ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် လေးပေမှ ခုနစ်ပေခန့် ရှိနိုင်သည်။ **မိုး/ဇလ**

## ဆော်ဒီအိမ်ရှေ့မင်းသားနှင့် အိန္ဒိယဝန်ကြီးချုပ်တို့တွေ့ဆုံပြီး ဒေသဆိုင်ရာ ဖွံ့ဖြိုးတိုးတက်ရေးဆွေးနွေး

ရီယာဒ် ဧပြီ ၂၃

ဆော်ဒီအိမ်ရှေ့မင်းသား မိုဟာမက်ဘင်ဆယ်မန် အယ်ဆော့ဒ်နှင့် အိန္ဒိယဝန်ကြီးချုပ် နာရန်ဒရာမိုဒီတို့ ဆော်ဒီနိုင်ငံ ဆိပ်ကမ်းမြို့ဖြစ်သည့် ဂျက်ဒက်တွင် ဧပြီ ၂၂ ရက်က တွေ့ဆုံပြီး နှစ်နိုင်ငံဆက်ဆံရေးနှင့် ဒေသဆိုင်ရာ ဖွံ့ဖြိုးတိုးတက်ရေးတို့ကို ဆွေးနွေးခဲ့သည်။



အိန္ဒိယဝန်ကြီးချုပ် နာရန်ဒရာမိုဒီနှင့် ဆော်ဒီအိမ်ရှေ့မင်းသား မိုဟာမက်ဘင်ဆယ်မန် အယ်ဆော့ဒ်။

တွေ့ဆုံဆွေးနွေးစဉ်အတွင်း နှစ်နိုင်ငံဆက်ဆံရေးကို ပြန်လည်သုံးသပ်ခဲ့ကြပြီး နှစ်နိုင်ငံအကြား ဆက်ဆံရေး ခိုင်မာစေမည့် နည်းလမ်းများကို ရှာဖွေခဲ့သည်။

ထို့ပြင် နှစ်နိုင်ငံအကြား ပူးပေါင်းဆောင်ရွက်မှု တိုးတက်စေမည့် နည်းလမ်းများကို ရှာဖွေခဲ့ကြသည်ဟု ဆော်ဒီသတင်းအေဂျင်စီက ပြောသည်။

ဒေသတွင်းနှင့် ပြည်တွင်းဆိုင်ရာတိုးတက်မှုများ၊ တည်ငြိမ်ရေးနှင့် လုံခြုံရေးတို့အတွက် ပူးပေါင်းကြိုးပမ်းမှုများ ဆွေးနွေးခဲ့ကာ နှစ်နိုင်ငံစလုံး၏ အကျိုးစီးပွားနှင့်ပတ်သက်၍ အမြင်ချင်း ဖလှယ်ဆွေးနွေးခဲ့ကြသည်ဟု ဆော်ဒီသတင်း အေဂျင်စီတွင် ဖော်ပြထားသည်။

ဆွေးနွေးမှုများ အပြီးတွင် ဆော်ဒီအိမ်ရှေ့မင်းသားနှင့် အိန္ဒိယဝန်ကြီးချုပ်တို့သည် အိန္ဒိယ-ဆော်ဒီအာရေဗီယား မဟာဗျူဟာမြောက် မိတ်ဖက်ကောင်စီ၏ အစည်းအဝေးတွင် ပူးတွဲဥက္ကဋ္ဌအဖြစ် ဆောင်ရွက်ကြသည်။

အိန္ဒိယ ဝန်ကြီးချုပ်သည် ဆော်ဒီအာရေဗီးယားနိုင်ငံသို့ ဧပြီ ၂၂ ရက်က ရောက်ရှိခဲ့ပြီး နှစ်ရက်ကြာ ချစ်ကြည်ရေးခရီးစဉ်အဖြစ် လာရောက်ခဲ့ခြင်းဖြစ်သည်။

အဆိုပါခရီးစဉ်သည် အိန္ဒိယနှင့် ဆော်ဒီနိုင်ငံတို့ကြား ချစ်ခင်ရင်းနှီးမှုကို ပိုမိုအားကောင်းစေမည်ဟု အိန္ဒိယဝန်ကြီးချုပ် မိုဒီက လူမှုကွန်ရက်မီဒီယာတွင် ပြောကြားခဲ့သည်။

ဆင်ဟွာ

## ဂျပန်နိုင်ငံက H2A ဒုံးပျံကို အကြိမ် (၅၀) မြောက်နှင့် နောက်ဆုံးအကြိမ် လွှတ်တင်မည်

တိုကျို ဧပြီ ၂၃

ဂျပန်နိုင်ငံသည် H2A ဒုံးပျံကို အကြိမ်(၅၀)မြောက်နှင့် နောက်ဆုံး အကြိမ်အဖြစ် ဇွန် ၂၄ ရက် နံနက်အစောပိုင်းတွင် လွှတ်တင်သွားရန်စီစဉ်နေကြောင်း အင်န်အိတ်ချ်ကေ သတင်းတစ်ရပ်တွင် ဖော်ပြသည်။

အဆိုပါ H2A ဒုံးပျံနေရာကို ဂျပန်နိုင်ငံ၏ အသစ်တီထွင်ထုတ်လုပ်ထားသော H3 မော်ဒယ်ဖြင့် အစားထိုးသွားမည်ဖြစ်သည်။

ဒုံးပျံလွှတ်တင်မည့် နေ့ရက်ကို မစ်ဆူဘစ်ရှီအကြီးစားစက်မှုလုပ်ငန်းနှင့် ဂျပန်အာကာသ စူးစမ်းလေ့လာရေး အေဂျင်စီတို့က သတ်မှတ်ခဲ့ခြင်းဖြစ်သည်ဟု သတင်းအရင်းအမြစ်များတွင် ဖော်ပြထားသည်။

H2A ဒုံးပျံသည် ဂျပန်နိုင်ငံ၏ အနောက်တောင်ပိုင်း ကာဂိုရှီးမား ခရိုင်တွင်တည်ရှိသော တာနီဂါရှီးမား အာကာသစင်တာသို့ ရောက်ရှိနေပြီဖြစ်သည်။

အဆိုပါ ဒုံးပျံသည် GOSAT-GW ဟုခေါ်သည့် ဂြိုဟ်တုတစ်လုံးကို အာကာသထဲသို့ သယ်ဆောင်သွားမည်ဖြစ်ကြောင်းနှင့် ယင်းက ဖန်လုံအိမ်ဓာတ်ငွေ့ ပမာဏများကိုတိုင်းတာနိုင်ပြီး အခြားအချက်အလက်များကို စုဆောင်းနိုင်မည်ဖြစ်ကြောင်း သိရသည်။

H2A ဒုံးပျံကို ယခင်က ၂၀၂၄ ဘဏ္ဍာနှစ်အတွင်း လွှတ်တင်ရန် စီစဉ်ထားခြင်း ဖြစ်သော်လည်း ဂြိုဟ်တုတွင် လိုအပ်ချက်များရှိနေသည့်အတွက် နှောင့်နှေးကြန့်ကြာမှုဖြစ်ပေါ်ကာ လွှတ်တင်ရန် ရွှေ့ဆိုင်းခဲ့ခြင်းဖြစ်သည်။

H2A ဒုံးပျံသည် ဂြိုဟ်တုများကို အာကာသထဲသို့ အောင်အောင်မြင်မြင် သယ်ဆောင်ပေးပို့နိုင်ခဲ့သည့်မှာ ဆယ်စုနှစ် နှစ်စုကျော်ရှိလာပြီဖြစ်သည်။

လွှတ်တင်မှု ကုန်ကျစရိတ်မြင့်မားမှုနှင့် အခြားအကြောင်းခြင်းရာများကြောင့် အဆိုပါ ဒုံးပျံကို အနားပေးရန် ဆုံးဖြတ်ခဲ့ခြင်းဖြစ်သည်။

H2A ဒုံးပျံလွှတ်တင်မှု အားလုံးနီးပါး အောင်မြင်မှုရရှိခဲ့ပြီး ၂၀၀၃ ခုနှစ်တွင် လွှတ်တင်ခဲ့သော ခြောက်ကြိမ်မြောက် လွှတ်တင်မှုတစ်ခုတည်းသာ မအောင်မြင်ခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

ထို့ကြောင့် ပြည်သူများက နောက်ဆုံးအကြိမ် လွှတ်တင်မှုမှာ အောင်မြင်မှုရရှိမည်လားဆိုသည့် အပေါ် စိတ်ဝင်တစား စောင့်ကြည့်နေကြသည်။

အင်န်အိတ်ချ်ကေ



## ဂါဇာကမ်းမြောင်၌ ကျောက်ကပ်ဝေဒနာရှင် ၄၀၀ ကျော် သေဆုံး

ဂါဇာ ဧပြီ ၂၃

၂၀၂၃ ခုနှစ် အောက်တိုဘာ ၇ ရက်က အစ္စရေး - ဟားမားစ် ပဋိပက္ခဖြစ်ပွားချိန်မှစတင်ကာ ကုသခံယူမှုနှင့် အရေးတကြီးလိုအပ်သော ဆေးဝါးပြတ်တောက်မှုကြောင့် ကျောက်ကပ်ရောဂါခံစားနေရသည့် လူနာ ၄၀၀ ကျော် သေဆုံးမှုဖြစ်ပွားကြောင်း ပါလက်စတိုင်း ဆေးဘက်ဆိုင်ရာ တာဝန်ရှိသူများက ဧပြီ ၂၃ ရက်တွင် ပြောသည်။

သေဆုံးသူများသည် ဂါဇာကမ်းမြောင်ရှိ ကျောက်ကပ်ဝေဒနာရှင်စုစုပေါင်း၏ ၄၂ ရာခိုင်နှုန်းခန့်ရှိကြောင်း ဂါဇာရှိ အယ်ရှီဖာဆေးရုံ၌ တာဝန်ရှိသူများက သတင်းထောက်များကိုပြောသည်။ ဆက်လက်ဖြစ်ပွားနေသော အစ္စရေး၏တိုက်ခိုက်မှုများနှင့် ဆေးဝါးထောက်ပံ့မှု ဆိုးရွားစွာ ပြတ်တောက်မှုများအောက် ကျန်းမာရေးစနစ် ဆက်လက်ပြိုလဲနေသည့်အတွက် မတ်လနောက်ပိုင်း ကျောက်ကပ်ဆေးကြောရန် လိုအပ်သည့် လူနာ ၁၁ ဦးခန့် သေဆုံးခဲ့ရကြောင်း သိရသည်။

အယ်ရှီဖာဆေးရုံရှိ ကျောက်ကပ်ဌာနအကြီးအကဲ အဗ္ဗဒူလာ အယ်ကီရာဝီက ပဋိပက္ခမဖြစ်ပွားမီ ကျောက်ကပ်ဝေဒနာရှင် ၁၁၀၀ ခန့်မှာ ကျောက်ကပ်ဆေးကြောမှု ခံယူခဲ့ရကြောင်းနှင့် ၎င်းတို့အထဲမှ ၄၁၆ ဦးမှာ အသက်ဆုံးရှုံးမှုဖြစ်ပွားခဲ့ခြင်းဖြစ်ကြောင်း ပြောသည်။

ဆင်ဟွာ



## ဂျပန်နိုင်ငံရှိ လုပ်ငန်းသုံးဓာတ်ပေါင်းဖိုဖျက်သိမ်းမှုကို မီဒီယာများအား ပြသ

တိုကျို ဧပြီ ၂၃

ဂျပန်နိုင်ငံအလယ်ပိုင်းရှိ ဆူရုကလီးယားဓာတ်ပေါင်းဖို၏ အော်ပရေတာသည် လုပ်ငန်းသုံးဆူရုကလီးယားဓာတ်ပေါင်းဖို ပထမဆုံးဖျက်သိမ်းမှုကို မျက်မြင်သက်သေအဖြစ် မီဒီယာများအား ဖိတ်ကြားခဲ့သည်။

ချူဘု လျှပ်စစ်ဓာတ်အားပေးကုမ္ပဏီသည် ရှီဇူအိုကာခရိုင်ရှိ အမှတ်(၁) နှင့် အမှတ်(၂) ဓာတ်ပေါင်းဖိုတို့ကို ၂၀၀၉ ခုနှစ်တွင် စတင်ဖျက်သိမ်းခဲ့သည်။ ပြီးခဲ့သည့်လမှစတင်ကာ အမှတ်(၂) ဓာတ်ပေါင်းဖိုဖျက်သိမ်းမှုကို အလုပ်သမားများက စတင်လုပ်ကိုင်ခဲ့သည်။ ဧပြီ ၂၂ ရက်တွင် အမှတ်(၂) ဓာတ်ပေါင်းဖို အဆောက်အအုံ၏ ပြတင်းပေါက်မှ လေ့လာသူများသည် ဓာတ်ပေါင်းဖိုဖျက်သိမ်းမှုကို ကြည့်ရှုခဲ့ကြသည်။

ချူဘု လျှပ်စစ်ဓာတ်အားပေးကုမ္ပဏီသည် ၂၀၃၅ ခုနှစ်တွင် ဓာတ်ပေါင်းဖိုနှစ်ခု ဖျက်သိမ်းခြင်းလုပ်ငန်းကိုပြီးစီးရန် ရည်ရွယ်ထားပြီး ၂၀၄၂ ခုနှစ်တွင် ဖျက်သိမ်းခြင်းလုပ်ငန်းစဉ် လုံးဝအပြီးသတ်ရန် ရည်ရွယ်ထားသည်။

အဆိုပါ ဖျက်သိမ်းခြင်းလုပ်ငန်းစဉ်သည် ရေဒီယိုသတ္တိကြွ စွန့်ပစ်ပစ္စည်း တန်ချိန် ၂၀၀၀၀ ခန့် ထွက်ရှိမည်ဟု အော်ပရေတာမှ ခန့်မှန်းထားသည်။ စွန့်ပစ်ပစ္စည်းထားရှိမည့်နေရာကို မရွေးချယ်ရသေးသော်လည်း စွန့်ပစ်အမှိုက်များကို ဓာတ်ရောင်ခြည်ဖြင့် အလုံပိတ်ထားသော ကွန်တိန်နာတွင် သိမ်းဆည်းထားမည်ဖြစ်ပြီး အဆိုပါ ကွန်တိန်နာကို ဓာတ်ပေါင်းဖိုအောက်တွင် ထားရှိမည်ဟုသိရသည်။ **အင်န်အိတ်ချ်ကေ**



## အီရတ်နိုင်ငံ၌ စာမတတ်သူ ၁၅ ရာခိုင်နှုန်း ကျဆင်းလာ

ဘဂ္ဂဒက် ဧပြီ ၂၃

အီရတ်နိုင်ငံ၌ စာမတတ်သူနှုန်းမှာ ၁၅ ရာခိုင်နှုန်းကျဆင်းသွားသည်ဟု အီရတ်စီမံကိန်းဝန်ကြီးဌာနက ဧပြီ ၂၂ ရက်တွင် ကြေညာခဲ့သည်။

အီရတ်နိုင်ငံ၌ ၂၀၂၄ ခုနှစ် နှစ်ကုန်ပိုင်းက ပြုလုပ်ခဲ့သည့် လူဦးရေနှင့် အိမ်အကြောင်းအရာသန်းခေါင်စာရင်း ကောက်ခံမှုရလဒ်များအရ စာမတတ်သူနှုန်းမှာ ၁၅ ရာခိုင်နှုန်း ကျဆင်းသွားသည်ဟု စီမံကိန်းဝန်ကြီးဌာနပြောရေးဆိုခွင့်ရှိသူ အဗ္ဗဒူဇာရာအယ်ဟင်ဒါဝီက ပြောသည်။

၂၀၂၀ ပြည့်နှစ်က စာမတတ်သူနှုန်းကျဆင်းမှုမှာ ၂၀ ရာခိုင်နှုန်း အထိရှိခဲ့သည့်အတွက် ယခုနောက်ဆုံး ကောက်ယူထားသည့်နှုန်းမှာ ယခင်နှစ်များထက်နည်းပါးကြောင်း အယ်ဟင်ဒါဝီက ပြောသည်။

အီရတ်ရှိ အမျိုးသမီးများသည် အမျိုးသားများထက် စာမတတ်သူနှုန်း ပိုရှိမြင့်မားပြီး လူမှုရေးအခြေအနေများနှင့် အမျိုးသမီးများကို ပညာရေးတတ်မြောက်စေရန် တားဆီးထားသည့် အရာများကြောင့် အမျိုးသမီးစာမတတ်သူနှုန်း မြင့်မားရခြင်းဖြစ်ကြောင်း ၎င်းက ဆက်ပြောသည်။

၂၀၂၄ ခုနှစ် နိုဝင်ဘာ ၂၀ ရက်မှ ၂၁ ရက်အထိ အီရတ်နိုင်ငံ၌ ၂၇ နှစ်အတွင်း ပထမဆုံးအကြိမ်အဖြစ် တစ်နိုင်ငံလုံးအနှံ့ လူဦးရေနှင့် အိမ်အကြောင်းအရာ သန်းခေါင်စာရင်းကောက်ယူခဲ့သည်။

ဆင်ဟွာ

# ပုပ်ရဟန်းမင်းကြီးရဲ့ သမိုင်းတွင်မယ့် အများအကျိုးဆောင်မှုတွေနဲ့အတူ ပုပ်အသစ်ဘယ်သူဖြစ်လာမလဲ

**ထွန်းကျော်**

**ပုပ်ရဟန်းမင်းကြီး ဖရန်စစ်ဟာ ၂၀၂၅ ခုနှစ် ဧပြီ ၂၁ ရက်တွင် အသက် ၈၈ နှစ်မှာ ကွယ်လွန်ခဲ့ပါတယ်။ သူဟာ ကက်သလစ်ဘုရားကျောင်းရဲ့ ၂၆၆ ဦးမြောက် ပုပ်ရဟန်းမင်းကြီးအဖြစ် ၂၀၁၃ ခုနှစ်မှာ တာဝန်ထမ်းဆောင်ခဲ့သူဖြစ်ပါတယ်။ ကမ္ဘာ့အငယ်ဆုံးနိုင်ငံဖြစ်တဲ့ ဗာတီကန်စီးတီးနိုင်ငံရဲ့ ခေါင်းဆောင်တစ်ဦးလည်းဖြစ်ပြီး ကမ္ဘာတစ်ဝန်းက ကက်သလစ်ခရစ်ယာန်သန်းပေါင်း ၁၃၀၀ ကျော်ရဲ့ အကြီးအမှူးလည်းဖြစ်ပါတယ်။ လူအမည် ဟော်ဟေးမာရီယိုဘက်ကိုရီယိုဖြစ်ပါတယ်။ အာဂျင်တီးနားနိုင်ငံ ဘွိုင်နိုဆိုင်းရပ်စ်ဇာတိဖြစ်ပါတယ်။ ပုပ်ရဟန်းမင်းကြီး ဖရန်စစ်ဟာ ဂျေရှုဂိုဏ်းရဲ့ ပထမဆုံး၊ အမေရိကားမှာ ပထမဆုံး၊ တောင်ကမ္ဘာခြမ်းမှာ ပထမဆုံး ပုပ်ရဟန်းမင်းကြီးအဖြစ် ရွေးချယ်တင်မြှောက်ခံရသူလည်းဖြစ်ပါတယ်။**

ပုပ်ရဟန်းမင်းကြီးသည် သူတော်စင် စိန့်ဖရန်စစ်အား ဂုဏ်ပြုသည့်အနေဖြင့် ဖရန်စစ်ဆိုသည့်အမည်ကို ရွေးချယ်ခဲ့တာပါ။ အလွန်သြဇာကြီးမားသူတစ်ယောက်ဖြစ်သော်လည်း ရိုးရှင်းစွာနေထိုင်မှုနဲ့ ဆင်းရဲသားတွေနဲ့ နီးစပ်မှုတို့ကြောင့် လူချစ်လူခင်ပေါများသူလည်းဖြစ်ပါတယ်။ ပုပ်ရဟန်းမင်းကြီး ဖရန်စစ်ဟာ ဆင်းရဲမွဲတေမှု၊ ရာသီဥတုပြောင်းလဲမှု၊ ရွှေ့ပြောင်းနေထိုင်သူတွေရဲ့ အခွင့်အရေးနဲ့ ငြိမ်းချမ်းရေးတို့အတွက် အလေးပေးပြောဆိုလေ့ရှိသူလည်းဖြစ်ပါတယ်။ သူဟာ ဘုရားကျောင်းရဲ့ ရှေးရိုးစွဲအယူအဆတွေကို ခေတ်နဲ့အညီ ပြောင်းလဲဖို့ ကြိုးပမ်းခဲ့သူတစ်ဦးလည်းဖြစ်ပြီး ကမ္ဘာ့ပဋိပက္ခတွေမှာလည်း ဝင်ရောက်ညှိနှိုင်းလေ့ရှိပါတယ်။

ကက်သလစ်ခရစ်ယာန် သာသနာပိုင်ဖြစ်တဲ့ ပုပ်ရဟန်းမင်းကြီး ဖရန်စစ်ဟာ အာဂျင်တီးနားနိုင်ငံသားဖြစ်ပါတယ်။ ၂၀၁၃ ခုနှစ်မှာ ရဟန်းမင်းကြီးအဖြစ် ရွေးချယ်ခံခဲ့ရပါတယ်။ သူဟာ ဥရောပနိုင်ငံသားမဟုတ်သူထဲက ပထမဆုံး ပုပ်ရဟန်းမင်းကြီး ရာထူးကို ရရှိခဲ့သူဖြစ်ပါတယ်။ သူ့လက်ထက်မှာ ဗာတီကန်ဟာ နိုင်ငံတကာရေး၊ သံတမန်ရေးတွေမှာ လက်တွေ့ကျတဲ့ မူဝါဒကို ကျင့်သုံးခဲ့ပြီး နိုင်ငံတကာပဋိပက္ခတွေမှာလည်း ကြားဝင်ညှိနှိုင်းပေးဖို့ ကြိုးစားခဲ့ပါတယ်။



ဗာတီကန်စီးတီးရှိ စိန့်ပီတာ ဘက်စီလီကာ၌ ပုပ်ရဟန်းမင်းကြီး၏ ဈာပနမြင်ကွင်းကို တွေ့ရစဉ်။

၂၀၁၃ ပုပ်ရဟန်းမင်းကြီးအဖြစ် ရွေးချယ်ခံရချိန်မှစကာ သူဟာနိုင်ငံတကာရေးရာတွေမှာ စိတ်ဝင်တစား တက်တက်ကြွကြွပါဝင်ပြောဆိုခဲ့ပါတယ်။ သူဘာရာဇီးနိုင်ငံကို သွားတဲ့အချိန်မှာလည်း လူ သုံးသန်းလောက် ကိုပါကဘာနာကမ်းခြေကနေ ဆီးကြိုနှုတ်ဆက်ကြပါတယ်။ ဂျေရုဆလင်မြို့ဟောင်းက အနောက်ဘက်နံရံမှာလည်း သူဆုတောင်းဝတ်ပြုခဲ့ပါသေးတယ်။ ဖိလစ်ပိုင်မြို့တော် မနီလာကို ရောက်လာတဲ့အချိန်မှာလည်း လူခြောက်သန်းလောက် သူနဲ့အတူလာပြီး ဝန်ပြုဆုတောင်းခဲ့ကြပါတယ်။ သူဟာအမေရိကန်လွှတ်တော်မှာ စကားပြောခဲ့တဲ့ ပထမဆုံး ပုပ်ရဟန်းမင်းကြီးလည်းဖြစ်ပါတယ်။ ၂၀၁၇ ခုနှစ် မေလမှာ သူဟာဗာတီကန်မှာ သမ္မတ ဒေါ်နယ်ထရမ့်ကို လက်ခံကြိုဆိုတွေ့ဆုံခဲ့ပါတယ်။ ကွန်ဂိုဒီမိုကရက်တစ် သမ္မတနိုင်ငံ အရောက်မှာလည်း အကြမ်းဖက်မှုတွေ ရပ်တန့်ဖို့ တောင်းဆိုခဲ့ပါတယ်။ ၂၀၂၃ ခုနှစ် နိုဝင်ဘာလမှာတော့ အစ္စရေးတို့ဖမ်းဆီးထားတဲ့ ပါလက်စတိုင်း အကျဉ်းသားတွေရဲ့ ဆွေမျိုးတွေနဲ့သာမက ဟားမားစ်တို့ဖမ်းဆီးထားတဲ့အစ္စရေးဓားစာခံတွေရဲ့ ဆွေးမျိုးတွေနဲ့ပါ တွေ့ဆုံခဲ့ပါသေးတယ်။ သူဟာ ဖွံ့ဖြိုးဆဲနိုင်ငံတွေက သူတွေကို ကာဒီနယ်ရဟန်းအမတ်တွေအဖြစ်ခန့်အပ်ခဲ့ပြီး ကက်သလစ်သာသနာကို ဥရောပက ဦးဆောင်တဲ့အနေအထားကနေ လက်တင်အမေရိက၊ အာရှနဲ့ အာဖရိကဘက်တွေထိတောင် ဖြန့်ကြက်နိုင်ခဲ့ပါတယ်။ လွန်ခဲ့တဲ့နှစ်တွေမှာ ပုပ်ရဟန်းမင်းကြီးဖရန်စစ်ဟာ ကျန်းမာရေးချို့တဲ့လာခဲ့ပါတယ်။ ဒါပေမယ့် တာဝန်တွေကို လျှော့မလုပ်ခဲ့ပါဘူး။ သူဟာ လူသားဆန်စွာနှိမ့်ချတတ်သူတစ်ဦးဖြစ်ပြီး အသင်းတော်ရဲ့ သြဇာ၊ ရဟန်းမင်းကြီးဆိုတဲ့ ရာထူးအရှိန်အဝါတွေထက် သာမန်ပြည်သူလူထုကြားမှာ ပိုမိုပျော်မွေ့သူအဖြစ် တွေ့မြင်လာရပါတယ်။ ပုပ်ရဟန်းမင်းကြီး ကွယ်လွန်ပြီးနောက်မှာ လုပ်ငန်းစဉ်အဆင့်ဆင့်ကို ရာစုနှစ်နဲ့ချီပြီး ထိန်းသိမ်းလာတဲ့ ထုံးတမ်းတွေနဲ့ လုပ်ဆောင်ကြရပါတယ်။ ၎င်းကွယ်လွန်ပြီးတဲ့အချိန်မှာ ကမ္ဘာတစ်ဝန်းလုံးမှာရှိတဲ့ ကက်သလစ်ဘာသာဝင် သန်း ၁၄၀၀ လောက်က ပုပ်ရဟန်းမင်းကြီးအတွက် ဝမ်းနည်းပူဆွေးခဲ့ကြပါတယ်။

ပုပ်ရဟန်းမင်းကြီး ကွယ်လွန်ပြီး မကြာမီမှာပဲ သူ့ရဲ့အရိုက်ရာကို ဆက်ခံဖို့ လျှို့ဝှက်ရွေးချယ်ပွဲတစ်ခုကိုလည်း ပြုလုပ်ကြရတော့မှာဖြစ်ပါတယ်။ ဒါပေမယ့် အဲဒီ ရွေးချယ်ပွဲမတိုင်ခင် ပုပ်ရဲ့ဈာပနပွဲကျင်းပကြရမှာဖြစ်ပါတယ်။ ၂၀၀၅ ခုနှစ်က ပုပ်ရဟန်းမင်းကြီး ဒုတိယမြောက် ဂျွန်ပေါ်ရဲ့ ဈာပနဟာ သမိုင်းမှာ အကြီးမားဆုံးဈာပနဖြစ်ခဲ့ပါတယ်။ ဗာတီကန်စီးတီးကို လူလေးသန်း လာရောက်ဂါရဝပြု ဝမ်းနည်းခဲ့ကြပါတယ်။ ဗာတီကန်စီးတီးဟာ အီတလီမြို့တော် ရောမအလယ်က လွတ်လပ်တဲ့ အချုပ်အခြာပိုင်နယ်မြေထဲက ဘုရားကျောင်းနယ်မြေဖြစ်ပါတယ်။ ပုပ်ရဟန်းမင်းကြီး ဖရန်စစ်ဟာ ထုံးတမ်းအစဉ်အလာတွေကို ချိုးဖောက်ပြီး နှစ်ပေါင်း ၁၀၀ အတွင်း ဗာတီကန်ရဲ့ အပြင်ဘက်မှာ မြှုပ်နှံမယ့် ပုပ်ရဟန်း မင်းကြီးဖြစ်လာမှာဖြစ်ပါတယ်။

ပုပ်ရဟန်းမင်းကြီး အသစ်ရွေးချယ်ပွဲကို ပုပ်ကွယ်လွန်ပြီး နှစ်ပတ်မှ သုံးပတ်အတွင်းမှာ ဆစ်စတင်းချက်ပယ် ဘုရားကျောင်းအတွင်းမှာ လျှို့ဝှက်ကျင်းပကြတာဖြစ်ပါတယ်။ ဖုန်းတွေယူခွင့်မရှိသလို အပြင်နဲ့ဆက်သွယ်ခွင့်လည်း မရှိပါဘူး။ ဘယ်မီဒီယာမှလည်း သတင်းယူခွင့်မရှိပါဘူး။ ကာဒီနယ်ရဟန်းအမတ်တွေက မဲစာရွက်နဲ့ ကိုယ်နှစ်သက်တဲ့ ပုပ်ရဟန်းမင်းလောင်းကို မဲပေးကြရတာဖြစ်ပါတယ်။ ပုပ်ရဟန်းမင်းလောင်းက မဲစုစုပေါင်းရဲ့ သုံးပုံနှစ်ပုံ မရမချင်း မဲပေးရွေးချယ်ခွင့်ကို အကြိမ်ကြိမ်ပြုလုပ်ကြရပါတယ်။ ဒီရွေးချယ်ပွဲက လွယ်ကူလေ့မရှိပါဘူး။ ရက်ပိုင်းမှ သီတင်းပတ်ပိုင်း၊ လပိုင်းအထိ အထိကြာတတ်ပါတယ်။ တချို့ကာဒီနယ်တွေဆိုရင် ရွေးချယ်ပွဲအတွင်း ကွယ်လွန်ခဲ့တာတောင် ရှိခဲ့ပါတယ်။ သမိုင်းတစ်လျှောက် ကာဒီနယ်တွေဟာ အီတလီလူမျိုးတွေကိုသာ ရွေးချယ်လေ့ရှိပါတယ်။ ပုပ် ၂၆၆ ပါးရှိခဲ့ရာမှာ ၂၁၇ ပါးဟာ အီတလီက ဖြစ်ပါတယ်။ ပုပ်ရဟန်းမင်းရွေးချယ်ပြီးတဲ့အခါ အနက်ရောင် မီးခိုးထွက်ရင် အဖြေမရသေးဘူး။ အဖြူရောင်မီးခိုးကတော့ ပုပ်ရဟန်းမင်းတစ်ပါး ရပြီဆိုတဲ့ အဓိပ္ပာယ်ဖြစ်ပါတယ်။ အဖြူရောင်မီးခိုးဆိုရင်တော့ ဘယ်အချိန်ကြေညာမလဲ၊ အချိန်အနည်းငယ်ပဲ စောင့်ဖို့လိုပါတယ်။ များသောအားဖြင့် ပုပ်ရဟန်းမင်းအသစ်က တစ်နာရီအတွင်း စိန့်ပီတာ ရင်ပြင်ရှေ့က လသာဆောင်က ထွက်ပေါ်လာလေ့ရှိပါတယ်။ ပုပ်ရဟန်းမင်းတွေက သူတို့ရဲ့မွေးနာမည်ကို ယူစရာမလိုပါဘူး။ ပုပ်ရဟန်းမင်းကို ယေရှုခရစ်တော်က တိုက်ရိုက်ဆက်ခံလာတဲ့ ရာထူးဆိုပြီး ကက်သလစ်ဘာသာဝင်တွေက ယုံကြည်ကြပြီး ကမ္ဘာပေါ်က တစ်ဘီလီယံခွဲနီးပါးရှိတဲ့ ကက်သလစ်ဘာသာဝင်တွေရဲ့ အကြီးအကဲဖြစ်တဲ့အတွက် အလွန်အရေးကြီးတဲ့နေရာဖြစ်ပါတယ်။

ဖရစ်စစ်ရဲ့ နောက်ထပ်ဆက်ခံမယ့်နေရာအတွက် တစ်ပြေးနေတဲ့ ကာဒီနယ်နာမည်တွေကတော့ အသက် ၇၀ ရှိပြီဖြစ်တဲ့ အီတလီနိုင်ငံက ပီထရိုပါရိုလင်း၊ အသက် ၆၇ နှစ်ရှိပြီဖြစ်တဲ့ ဖိလစ်ပိုင်နိုင်ငံက လူးဝစ်အန်တိုနီယို ဂိုကင်တာကယ်၊ အသက် ၆၅ ရှိပြီဖြစ်တဲ့ ကွန်ဂိုနိုင်ငံက ဖရီဒိုလင်အမ်ဘွန်ဂို ဘီဆန်ဂု၊ အသက် ၇၆ နှစ်ရှိ ဂါနာနိုင်ငံသား ပီတာကိုဒဝို အာပီယာတက်ခ်ဆန်၊ အသက် ၇၂ နှစ်အရှိ ဟန်ဂေရီနိုင်ငံသား ပီတာအာဒို၊ အသက် ၈၃ နှစ်ရှိ အီတလီနိုင်ငံသား အန်ဂျယ်လို စကိုလာ၊ အသက် ၇၁ နှစ်ရှိ ဂျာမနီနိုင်ငံသား ရိန်းဟက်မားစ်၊ အသက် ၈၀ ရှိ ကနေဒါနိုင်ငံသား မာ့စ်အိုအုလက်၊ အသက် ၆၉ နှစ်ရှိ အမေရိကန်နိုင်ငံသား ရောဘတ်ပရီဗော့စ်၊ အသက် ၇၈ နှစ်ရှိ ကနေဒါနိုင်ငံသား မိုက်ကယ်ဇာနီ၊ အသက် ၇၉ နှစ်ရှိ ဂီနီနိုင်ငံသား ရောဘတ်ဆာရာတို့ပဲဖြစ်ပါတယ်။ ဘယ်သူက နောက်တက်လာမယ့် ပုပ်ရဟန်းမင်းကြီး ဖြစ်လာမလဲဆိုတာ စောင့်ကြည့်သွားရမှာပဲဖြစ်ပါတယ်။

**ကိုးကား - အေပီ၊ ယူကျူ**

**※ ပုပ်ရဟန်းမင်းကြီး အသစ်ရွေးချယ်ပွဲကို ပုပ်ကွယ်လွန်ပြီး နှစ်ပတ်မှ သုံးပတ်အတွင်းမှာ ဆစ်စတင်းချက်ပယ်ဘုရားကျောင်းအတွင်းမှာ လျှို့ဝှက်ကျင်းပကြတာဖြစ်ပါတယ်။ ဖုန်းတွေယူခွင့်မရှိသလို အပြင်နဲ့ဆက်သွယ်ခွင့်လည်းမရှိပါဘူး။ ဘယ်မီဒီယာမှလည်း သတင်းယူခွင့်မရှိပါဘူး။ ကာဒီနယ်ရဟန်းအမတ်တွေက မဲစာရွက်နဲ့ ကိုယ်နှစ်သက်တဲ့ ပုပ်ရဟန်းမင်းလောင်းကို မဲပေးကြရတာဖြစ်ပါတယ်။ ပုပ်ရဟန်းမင်းလောင်းက မဲစုစုပေါင်းရဲ့ သုံးပုံနှစ်ပုံ မရမချင်း မဲပေးရွေးချယ်ခွင့်ကို အကြိမ်ကြိမ်ပြုလုပ်ကြရပါတယ်**

# ထေရဝါဒဗုဒ္ဓဘာသာ တည်တံ့ထွန်းကားပြန့်ပွားရေး

ကေကေ(မဟာဝိဇ္ဇာ)

❖ **ဗုဒ္ဓဂုဏ်တော် စသည်ပွားများခြင်း၊ ရုပ်နာမ်ဖြစ်ရာ ကိုယ်ခန္ဓာကို အသုဘ (တင့်တယ်ခြင်းမရှိ၊ သာယာဖွယ်မဟုတ်)ဟု ရှုပွားခြင်း၊ ရေ၊ မြေ၊ လေ၊ မီး စသော ကသိုဏ်းဝန်းရှုမှတ်ခြင်း၊ မေတ္တာပွားများခြင်း၊ ဈာန်ကျင့်စဉ်အားထုတ်ခြင်းများမှာ သမထလုပ်ငန်းများဖြစ်ကြ၏။ ယင်းသမထသည်လည်း ဝိပဿနာပွားများရန်အတွက် ကြိုတင်အားထုတ်ထားပါက သမာဓိဉာဏ်ရင့်သန်ပြီး ဝိပဿနာလုပ်ငန်းအတွက် ပိုမိုကျေးဇူးပြုသည်။ ဝိပဿနာဉာဏ်ကို ပိုမိုရင့်သန်စေသည်။ သို့ဖြစ်၍ ဂုဏ်တော်ပွားများခြင်း စသည့်သမထလုပ်ငန်းများကို လုပ်ဆောင်လျှင်လည်း ‘ဝိပဿနာဓူရတာဝန်ထမ်းဆောင်သည်’ ဟုပင် ဆိုရပါချေမည်**

၂၀၂၂ ခုနှစ် နိုဝင်ဘာလထုတ် ငွေတာရီမဂ္ဂဇင်းတွင် စောထိပ်တင်(ပွင့်ဖြူ) ရေးစပ်သော “ဥပုသ်ဆွမ်း” ကဗျာကို ဖတ်ရသည်။ ဥပုသ်နေ့တိုင်း ဆွမ်းနှင့် ဆွမ်းဟင်းချက်ပြုတ်၍ ဘုန်းကြီးကျောင်းသို့ ဆွမ်းပို့သော မောင်နှံ၏ သဒ္ဓါတရားကို ခံစားရသည်။ ဆွမ်းပို့သော ရည်ရွယ်ချက်ကို ကဗျာတွင် အောက်ပါအတိုင်း စပ်ဆိုထားသည်။

“သာသနာ တာဝန်ထမ်းတဲ့
ရဟန်းထေရ်သံဃာတို့
ကျမ်းပေစာ ပရိယတ်နဲ့
ပဋိပတ် ဘာဝနာပွားလို့
နှစ်ပါးဓူရ နှစ်ကာလုပ်ရအောင်...”

ဟု တွေ့ရသည်။ သံဃာတို့ ဓူရနှစ်ဖြာကို ကျင့်သုံးနိုင်စေရန် ဆွမ်းအာဟာရ ကပ်လှူခြင်းဖြစ်ကြောင်း ကဗျာဆရာက ဆိုသည်။

‘နှစ်ပါးဓူရ’ဟု ကဗျာဆရာသုံးနှုန်းပုံကို သဘောကျမိပါသည်။ ရဟန်းအလုပ်ကို ခြုံငုံမိစေသည်။ အဓိပ္ပာယ်မှာ ကဗျာတွင်ပါပြီးဖြစ်၏။ သို့သော် ကဗျာကို ခံစားရင်း စာချဆရာတော်တွေ၊ စာလိုက်စာအံ ရဟန်းသာမဏေတွေ၊ ဓမ္မကထိက ဆရာတော်တွေ၊ ကမ္မဋ္ဌာနာစရိယ ဆရာတော်တွေကို မြင်ယောင်လာကာ သံဃာတို့၏ ဓူရအလုပ်နှင့် သာသနာတော်ဆက်စပ်ပုံကို ဆင်ခြင်ရင်း ဓူရအကျယ် အဓိပ္ပာယ်ဖွင့်လိုသော ဆန္ဒပြင်းပြမိ၏။

‘ဓူရ’ဟူသည် ကျင့်ဆောင်ရမည့် တာဝန်ဖြစ်သည်။ မြတ်စွာဘုရား၏ သာသနာတော်အတွင်းသို့ ဝင်ရောက်လာသော ရဟန်း၊ သာမဏေ၊ သီလရှင်တို့ မချွတ်ကေန်အမှန်ကျင့်ဆောင်ရမည့် လုပ်ငန်းဖြစ်သည်။

သဗ္ဗညုတဘုရားရှင်၏ ဓမ္မဝိနယခေါ် သာသနာတော်၌ ဓူရ(တာဝန်)နှစ်မျိုးရှိရာ စွမ်းနိုင်ပါက ဓူရနှစ်မျိုးလုံးကို ကျင့်ဆောင်ရပြီး နှစ်မျိုးလုံး မကျင့်ဆောင်နိုင်ပါက မိမိနှစ်သက်ရာ ဓူရတစ်မျိုးကိုကား မဖြစ်မနေ ကျင့်ကြံအားထုတ်ရပါသည်။ ယင်းသို့ ကျင့်ကြံနေထိုင်မှသာလျှင် သာသနာ့ဝန်ထမ်းစင်စစ်ဖြစ်နိုင်ပါသည်။

ဓူရတာဝန်နှစ်မျိုးရှိ၏။ (၁) ဂန္ထဓူရ၊ (၂) ဝိပဿနာဓူရတို့ ဖြစ်သည်။ တစ်ခုချင်း တင်ပြပါမည်။

**ဂန္ထဓူရ**

ပရိယတ္တိစာပေ ကျမ်းဂန်များကို သင်ယူ၊ ဟောပြော၊ ပို့ချ၊ ရေးသား၊ ဖြန့်ဝေခြင်းကို ဂန္ထဓူရဟုခေါ်သည်။

မြတ်စွာဘုရား ၄၅ ဝါပတ်လုံး ဟောကြားတော်မူခဲ့သည့် သာမုက္ကံသိက၊ ပါဠိစန၊ ဒေသနာဓမ္မတရားတော်များသည် လွန်စွာများပြားတော်မူသည်။ ထိုဒေသနာဓမ္မများကို ရှင်မဟာကဿပ စသော သင်္ဂါယနာတင် ထေရ်ရှင် အဆက်ဆက်တို့က ခွဲဝေပိုင်းခြား၍ စုပေါင်းရွတ်ဆိုမှတ်တမ်းတင်တော်မူခဲ့ကြသည်။ သာသနာသက္ကရာဇ် တစ်နှစ်မှ ယနေ့တိုင် သင်္ဂါယနာ ခြောက်တန်ပင်ရှိခဲ့ပြီ။ သင်္ဂါယနာတင်ခဲ့သော မှတ်တမ်းများအရ ဗုဒ္ဓဘုရားရှင်၏ ဒေသနာတော်ဓမ္မတို့ကို အောက်ပါအတိုင်း ခွဲဝေပိုင်းခြားနိုင်သည်။

(က) **ရသ** အနေဖြင့် ဝိမုတ္တိရသ (လွတ်မြောက်ခြင်း အရသာ)ဟု တစ်မျိုးသာရှိသည်။

(ခ) **ဓမ္မဝိနယ** အနေဖြင့် (၁) ဝိနယ–ဝိနည်းပိဋကတ်၊ (၂)ဓမ္မ–ဝိနည်းပိဋကမှလွဲ၍ ကျန်တရားတော်အားလုံးဟု နှစ်မျိုးရှိသည်။

(ဂ) **ပိဋကအနေဖြင့်** (၁)ဝိနယ ပိဋက၊ (၂) သုတ္တန္တပိဋက၊ (၃) အဘိဓမ္မ ပိဋက ဟု သုံးမျိုးရှိသည်။

(ဃ) **နိကာယ်** အနေဖြင့် (၁) ဒီဃနိကာယ် (အကျယ် ဟောထားသောအုပ်စု)၊ (၂) မဇ္ဈိမနိကာယ်(မကျဉ်းမကျယ် ဟောထားသောအုပ်စု)၊ (၃) သံယုတ္တနိကာယ် (အမေးအဖြေယှဉ်တွဲ၍ ဟောထားသောအုပ်စု)၊ (၄) အင်္ဂုတ္တနိကာယ်(အင်္ဂါအစိတ်အပိုင်းများကို အဆင့်ဆင့်တိုး၍ ဟောထားသောအုပ်စု)၊ (၅) ခုဒ္ဒကနိကာယ်(အကျဉ်းဟောထားသောအုပ်စု)ဟု ငါးမျိုးရှိသည်။

(င) **အင်္ဂါအစိတ်အပိုင်းအနေဖြင့်** (၁) သုတ္တ (မင်္ဂလသုတ်၊ ရတနသုတ် စသော သုတ်အမည်ဖြင့် ဟောထားသည့်တရား)၊ (၂) ဂေယျ (ဂါထာနှင့်တွဲစပ်၍ ဟောထားသောတရား)၊ (၃) ဝေယျာကရဏ (ဂါထာနှင့် စုဏ္ဏိယရော၍ အင်္ဂါရှစ်တန်နှင့် ပြည့်စုံအောင်ဟောထားသော တရား)၊ (၄) ဂါထာ (ဂါထာသက်သက် ဟောထားသော တရား၊ သံယုတ်–သဂါထာဝဂ် စသည်...)၊ (၅) ဥဒါန (ရွှင်လန်းဝမ်းမြောက်စွာဖြင့် ထုတ်ဖော်ထားသော တရား)၊ (၆) ဣတိဝုတ္တက (ဘုရားရှင်က ‘ဤသို့ ဟောသည်’ဟု ပြဆိုသောတရား)၊ (၇) ဇာတက (ငါးရာငါးဆယ်ဇာတ်တော်များ)၊ (၈) အဗ္ဘုတဓမ္မ (အံ့ဩဖွယ်ရာများနှင့်စပ်၍ ဟောထားသောတရား)၊ (၉) ဝေဒလ္လ (အသိဉာဏ်၊ ပီတိ၊ သဒ္ဓါတရားတော်များ ဖြစ်ပေါ်ရရှိအောင် မေးမြန်းဖြေကြားထားသည့်တရား)ဟု ကိုးမျိုးရှိသည်။

(စ) ဓမ္မက္ခန္ဓာအားဖြင့် (၁) ဝိနည်းပိဋကတော် ဓမ္မက္ခန္ဓာ ၂၁၀၀၀၊ (၂) သုတ္တန်ပိဋကတော် ဓမ္မက္ခန္ဓာ ၂၁၀၀၀၊ (၃) အဘိဓမ္မပိဋကတော် ဓမ္မက္ခန္ဓာ ၄၂၀၀၀ ဟူ၍ဓမ္မက္ခန္ဓာ ပေါင်း ၈၄၀၀၀ ရှိသည်။

အထက်တွင်ဖော်ပြပြီးသည့် ရသအားဖြင့် တစ်ပါး၊ ဓမ္မဝိနယအားဖြင့် နှစ်ရပ်၊ ပိဋကအားဖြင့် သုံးသွယ်၊ နိကာယ်အားဖြင့် ငါးဖြာ၊ အင်္ဂါအားဖြင့် ကိုးတန်၊ ဓမ္မက္ခန္ဓာအားဖြင့် ၈၄၀၀၀ သော ဗုဒ္ဓဟောဖော် တရားတော်တို့ကို သင်ယူခြင်း၊ မှတ်သားခြင်း၊ ပို့ချခြင်း၊ ရေးသားခြင်း၊ ပြုစုခြင်း၊ ထုတ်ဝေခြင်း၊ ဖြန့်ချိခြင်း စသည်ဖြင့် ဆောင်ရွက်လျှင် ‘ဂန္ထဓူရ၏ တာဝန်ကို ထမ်းဆောင်သည်’ဟု ဆိုထိုက်ပါသည်။

တစ်နည်းအားဖြင့် ပရိယတ္တိလုပ်နေခြင်း (ဝါ) ဘုန်းကြီးအလုပ်ကို ဘုန်းကြီးလုပ်နေခြင်းဖြစ်သည်။ (မှတ်ချက်။ ဘုန်းကြီးတွေအလုပ်မလုပ်ဘဲ ထိုင်စားနေသည်ဟု အယူမလွဲကြစေလိုပါ။)

**ဝိပဿနာဓူရ**

သမထတရားပွားများခြင်း၊ ဝိပဿနာတရားပွားများ၍ တရားအလုပ် အားထုတ်နေခြင်းကို ဝိပဿနာဓူရဟုခေါ်သည်။

တေဘူမက (ကာမ၊ ရူပ၊ အရူပ ဘုံသုံးပါး၌ဖြစ်သော) ရုပ်၊ နာမ်၊ ဓမ္မ၊ သင်္ခါရတရားများကို မမြဲခြင်း၊ ဆင်းရဲခြင်း၊ အစိုးမရခြင်းသဘောဟူသော အနိစ္စ၊ ဒုက္ခ၊ အနတ္တ လက္ခဏာရေးသုံးပါးကို ဉာဏ်၌ ထင်မြင်လာအောင် အမြဲမပြတ်၊ ရှုမှတ်ပွားများ အားထုတ်ခြင်းသည် ဝိပဿနာဖြစ်ပါသည်။

ဝိပဿနာလက္ခဏာသုံးပါးရှိသည်။ ၎င်းတို့မှာ (၁) အနိစ္စလက္ခဏာ = ရုပ်နာမ်တရားများသည် ကုန်ဆုံးခြင်းသဘောရှိ၍ အမြဲမရှိဟု ရှုမှတ်ခြင်း၊ (၂) ဒုက္ခလက္ခဏာ = ရုပ်နာမ်တရားများသည် နှိပ်စက်တတ်သောသဘောရှိ၍ ဆင်းရဲ၏ဟု ရှုမှတ်ခြင်း၊ (၃) အနတ္တလက္ခဏာ = ရုပ်နာမ်တရားများသည် ဓမ္မသဘောလက္ခဏာအတိုင်း ဖြစ်နေ၍ မိမိအလိုသို့မဟုတ် မိမိအကြိုက် သို့မပါ၊ မိမိကအစိုးရခြင်းမရှိဟု ရှုမှတ်ခြင်းဖြစ်သည်။

လောကီဘုံ၌ဖြစ်သည့် တေဘူမက ရုပ်နာမ်တရားများအပေါ် အဆိုပါလက္ခဏာရေးသုံးပါး ထင်မြင်လာအောင် အမြဲမပြတ်ရှုမှတ်ပွားများနေလျှင် ‘ဝိပဿနာဓူရတာဝန်ကို ထမ်းဆောင်သည်’ဟု ဆိုထိုက်ပါသည်။

ထို့ပြင် ဗုဒ္ဓဂုဏ်တော် စသည်ပွားများခြင်း၊ ရုပ်နာမ်ဖြစ်ရာ ကိုယ်ခန္ဓာကို အသုဘ(တင့်တယ်ခြင်းမရှိ၊ သာယာဖွယ်မဟုတ်)ဟု ရှုပွားခြင်း၊ ရေ၊ မြေ၊ လေ၊ မီး စသော ကသိုဏ်းဝန်းရှုမှတ်ခြင်း၊ မေတ္တာပွားများခြင်း၊ ဈာန်ကျင့်စဉ်အားထုတ်ခြင်းများမှာ သမထလုပ်ငန်းများဖြစ်ကြ၏။ ယင်းသမထသည်လည်း ဝိပဿနာပွားများရန်အတွက် ကြိုတင်အားထုတ်ထားပါက သမာဓိဉာဏ် ရင့်သန်ပြီး ဝိပဿနာလုပ်ငန်းအတွက် ပိုမိုကျေးဇူးပြုသည်။ ဝိပဿနာဉာဏ်ကို ပိုမိုရင့်သန်စေသည်။ သို့ဖြစ်၍ ဂုဏ်တော်ပွားများခြင်း စသည့် သမထလုပ်ငန်းများကို လုပ်ဆောင်လျှင်လည်း ‘ဝိပဿနာဓူရတာဝန်ထမ်းဆောင်သည်’ဟုပင် ဆိုရပါချေမည်။

တစ်နည်းအားဖြင့် ပဋိပတ္တိလုပ်နေခြင်း (ဝါ) ဘုန်းကြီးအလုပ်ကို လုပ်နေခြင်းဖြစ်သည်။ သာသနာ့တာဝန်ကို ထမ်းဆောင်နေခြင်းဖြစ်သည်။ (မှတ်ချက်။ ဘုန်းကြီးတွေ အလုပ်လုပ်နေသည်–မည်ပါ၏။)

သို့ဖြစ်၍ သာသနာ့ဝန်ထမ်းတို့ မြောက်မြားလှစွာသော ဓူရနှစ်ဖြာကို ကျင့်ကြံခြင်းသည် သာသနာတော် အဓွန့်ရှည်တည်တံ့ရန် ရည်ရွယ်သည်။

ထေရဝါဒရဟန်းတို့သည် အခြားဘာသာဝင် ဘုန်းကြီး၊ တရားဟောဆရာ၊ ဗလီဆရာ စသော သာသနာ့ဝန်ထမ်းများနှင့်မတူသော အချက်မှာ လောကီကိစ္စ ကင်းရှင်းရခြင်းဖြစ်သည်။ ထိုအခါ ရဟန်းတို့အတွက် အနည်းဆုံးလိုအပ်သော လောကီကိစ္စကို ဒကာတို့က ပစ္စည်းလေးပါး(ကျောင်း၊ သင်္ကန်း၊ ဆွမ်း၊ ဆေး) လှူဒါန်းခြင်းဖြင့် ကုသိုလ်ယူကြသည်။ ဤလေးပါးသည်ကား လူသားအတွက် အခြေခံလိုအပ်ချက် စား–ဝတ်–နေ–ရေးပင်ဖြစ်ပါ၏။ ရဟန်းတို့က ဒကာတို့ကို တရားချီးမြှင့်သည်။ **ဓူရနှစ်ဖြာဖြင့် သာသနာကို စောင့်ရှောက်သည်။** ဤသည်မှာ ထေရဝါဒဗုဒ္ဓဘာသာတွင် ဆရာ–ဒကာ အပြန်အလှန်ကြောင်းကျိုးပြုဆက်ဆံရေးဖြစ်၏။

ကဗျာပါ မောင်နှံသည် ဓူရနှစ်ဖြာ ကျင့်ကြံနေသော ရဟန်းသာမဏေတို့အတွက် ဆွမ်းဟူသော ပစ္စည်းတစ်ပါးကို ကပ်လှူခြင်းဖြစ်၏။ လူတို့လုပ်သော လောကီအလုပ်ကို မလုပ်ဘဲ ပို့ဆွမ်း ခံဆွမ်း အပေါ် အမှီပြုနေသော တစ်ကွက်ကို ထောက်၍ “ဘုန်းကြီးတွေ အလုပ်မလုပ်ဘဲ ထိုင်စားနေလို့ မြန်မာပြည်ဆင်းရဲတာ”ဟု တစ်ချိန်က နီပိန်းစာရေးဆရာတစ်ယောက်၏ ဟောပြောချက်မှာ မိစ္ဆာအတွေးဖြစ်ကြောင်း ဤကဗျာလေးက ညွှန်ပြနေသည်။

ရဟန်းတွေ ရဟန်းအလုပ်ဖြစ်သော ဓူရနှစ်ဖြာကို လုပ်နေကြပါသည်။ ဒကာတို့ကလည်း ပစ္စည်းလေးပါး ထောက်ပံ့လှူဒါန်းကြသည်။ ဓူရနှစ်ဖြာ ဝေဝေဆာလျှင် သာသနာတည်တံ့ထွန်းကားပါလိမ့်မည်။ ။

❝ **ထေရဝါဒရဟန်းတို့သည် အခြားဘာသာဝင် ဘုန်းကြီး၊ တရားဟောဆရာ၊ ဗလီဆရာ စသော သာသနာ့ဝန်ထမ်းများနှင့်မတူသော အချက်မှာ လောကီကိစ္စ ကင်းရှင်းရခြင်းဖြစ်သည်။ ထိုအခါ ရဟန်းတို့အတွက် အနည်းဆုံးလိုအပ်သော လောကီကိစ္စကို ဒကာတို့က ပစ္စည်းလေးပါး (ကျောင်း၊ သင်္ကန်း၊ ဆွမ်း၊ ဆေး) လှူဒါန်းခြင်းဖြင့် ကုသိုလ်ယူကြသည်။ ဤလေးပါးသည်ကား လူသားအတွက် အခြေခံလိုအပ်ချက် စား-ဝတ်-နေ-ရေးပင် ဖြစ်ပါ၏။ ရဟန်းတို့က ဒကာတို့ကို တရားချီးမြှင့်သည်။ ဓူရနှစ်ဖြာဖြင့် သာသနာကို စောင့်ရှောက်သည်။ ဤသည်မှာ ထေရဝါဒဗုဒ္ဓဘာသာတွင် ဆရာ-ဒကာ အပြန်အလှန်ကြောင်းကျိုးပြုဆက်ဆံရေးဖြစ်၏** ❞

# မြန်မာနိုင်ငံအတွင်းသို့ နယ်စပ်လမ်းကြောင်းများမှ တရားမဝင် ဝင်ရောက်လာသည့် မာလဝီနိုင်ငံသားသုံးဦးကို မြန်မာ-ထိုင်းအမှတ် (၂)ချစ်ကြည်ရေးတံတားမှတစ်ဆင့် သက်ဆိုင်ရာနိုင်ငံသို့ ပြည်နှင့်လွှဲပြောင်းပေးအပ်

နေပြည်တော် မေ ၂၃



မြန်မာ-တရုတ်-ထိုင်း သုံးနိုင်ငံအကြား သုံးပွင့်ဆိုင် ပူးပေါင်းဆောင်ရွက်မှုပုံစံ (Trilateral Cooperation) ဖြင့် အွန်လိုင်းအသုံးပြုလိမ်လည်မှု (Online Scam) နှင့် အွန်လိုင်းလောင်းကစားမှု (Online Gambling) လုပ်ဆောင်နေကြသူများ၊ ပါဝင်ပတ်သက်သူများနှင့် နောက်ကွယ်မှကြိုးကိုင်သော ပြည်ပနိုင်ငံသားများကို ပြတ်ပြတ်သားသား စုံစမ်းဖော်ထုတ်တိုက်ဖျက်လျက်ရှိရာ ယနေ့တွင် အဆိုပါလုပ်ငန်းများ၌ ဆက်စပ်ပါဝင်ခဲ့ကြသည့် မာလဝီနိုင်ငံသားသုံးဦးကို မြန်မာ-ထိုင်း အမှတ်(၂)ချစ်ကြည်ရေးတံတားမှတစ်ဆင့် သက်ဆိုင်ရာနိုင်ငံများသို့ လူသားချင်းစာနာထောက်ထားမှုနှင့် နိုင်ငံအချင်းချင်းချစ်ကြည်ရင်းနှီးမှုတို့ကို ရှေးရှု၍ ဥပဒေလုပ်ထုံးလုပ်နည်းများနှင့်အညီ ထပ်မံ၍ ပြည်နှင်လွှဲပြောင်းပေးသည်။

အဆိုပါ ပြည်နှင်လွှဲပြောင်းပေးမှုလုပ်ငန်းများ စနစ်တကျရှိစေရေးနှင့် အဆင်ပြေချောမွေ့စေရေးအတွက် ကရင်ပြည်နယ် လူမှုရေးရာဝန်ကြီး ဦးစောထွန်းအောင်က လိုက်လံကြည့်ရှုစစ်ဆေးပြီး ဌာနဆိုင်ရာတာဝန်ရှိသူများကို လိုအပ်သည်များ ဖြည့်စွက်မှာကြားကာ ပေါင်းစပ်ညှိနှိုင်းမှုများ ဆောင်ရွက်ပေးသည်။

ထို့နောက် ပြည်နှင်လွှဲပြောင်းပေးအပ်ပွဲကို ကျင်းပခဲ့ရာ ကရင်ပြည်နယ် လူမှုရေးရာဝန်ကြီး ဦးစောထွန်းအောင်နှင့် တာဝန်ရှိသူများ၊ တရုတ်နိုင်ငံဆိုင်ရာ မာလဝီသမ္မတနိုင်ငံသံရုံးမှ Deputy Ambass-ador Mr.Oliver K.Chimphambano နှင့် တာဝန်ရှိသူများ၊ ထိုင်းနိုင်ငံ၊ တာ့ခ်ခရိုင် လူဝင်မှုကြီးကြပ်ရေးဦးစီးဌာနမှ တာဝန်ရှိသူများ တက်ရောက်ခဲ့ကြပြီး မြန်မာနိုင်ငံမှ တာဝန်ရှိသူများက သက်ဆိုင်ရာနိုင်ငံမှ တာဝန်ရှိသူများထံသို့ ပြည်နှင်လွှဲပြောင်းလက်ခံရေးဆိုင်ရာ အထောက်အထားစာရွက်စာတမ်းများကို စနစ်တကျ လွှဲပြောင်းပေးအပ်သည်။

၂၀၂၅ ခုနှစ် ဇန်နဝါရီ ၃၀ ရက်မှ မေ ၂၃ ရက်အထိ မြန်မာနိုင်ငံအတွင်းသို့ တရားမဝင် ဝင်ရောက်လာသည့် ပြည်ပနိုင်ငံသား စုစုပေါင်း ၉၀၃၂ ဦးအား စစ်ဆေးဖော်ထုတ်ထိန်းသိမ်းနိုင်ခဲ့ကာ ၇၃၁၁ ဦးကို ထိုင်းနိုင်ငံမှတစ်ဆင့် သက်ဆိုင်ရာနိုင်ငံများသို့ ဥပဒေလုပ်ထုံးလုပ်နည်းများနှင့်အညီ စနစ်တကျ ပြည်နှင်လွှဲပြောင်းပေးခဲ့ပြီး ပြည်ပနိုင်ငံသား ၁၇၂၀ အား သက်ဆိုင်ရာနိုင်ငံများသို့ လွှဲပြောင်းပေးရန် အသင့်ဖြစ်နေပြီဖြစ်ကြောင်းနှင့် ၎င်းတို့ကို ကောင်းမွန်စွာ ထိန်းသိမ်းစောင့်ရှောက်ထားရှိသည်။

နိုင်ငံတော်အစိုးရအနေဖြင့် တရားမဝင် အွန်လိုင်းလိမ်လည်မှုလုပ်ငန်းများအား စုံစမ်းဖော်ထုတ်စစ်ဆေး၍ ထိရောက်စွာ အရေးယူဆောင်ရွက်လျက်ရှိပြီး အထူးသဖြင့် မြန်မာနိုင်ငံ၏ နယ်စပ်ဒေသများတွင် ဖြစ်ပေါ်လျက်ရှိသည့် အွန်လိုင်းလောင်းကစားမှုနှင့် ငွေကြေးလိမ်လည်မှု လုပ်ငန်းများအား အမြိုးသားရေးအသွင်ဖြင့် အိမ်နီးချင်းနိုင်ငံများအပါအဝင် နိုင်ငံတကာမှ အဖွဲ့အစည်းများနှင့်ပူးပေါင်း၍ စုံစမ်းဖော်ထုတ်အရေးယူမှုများကို ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သတင်းရရှိသည်။

သတင်းစဉ်

# WBC နှင့် OPBF ချန်ပီယံခါးပတ်တွင် မြန်မာအလံပါရှိလာ

ရန်ကုန် မေ ၂၃

မြန်မာလက်ဝှေ့ကော်မရှင်(MBC) ၏ ဆောင်ရွက်မှုဖြင့် WBC (ကမ္ဘာ့ဘောက်ဆင်ကောင်စီ) နှင့် OPBF (အာရှပစိဖိတ်ဘောက်ဆင်အဖွဲ့ချုပ်) တို့မှပေးအပ်မည့် ချန်ပီယံခါးပတ်များတွင် မြန်မာနိုင်ငံတော်အလံ ပါဝင်လာပြီဖြစ်သည်။

အားကစားနှင့် လူငယ်ရေးရာဝန်ကြီးဌာန၏ ခွင့်ပြုချက်ဖြင့် မြန်မာဘောက်ဆင်ကော်မရှင်ကို ၂၀၂၄ ခုနှစ်တွင် ဖွဲ့စည်းပြီး ပြည်တွင်းတွင် ပရော်ဖက်ရှင်နယ်ဘောက်ဆင်ပြိုင်ပွဲများ ကျင်းပခဲ့သလို ဂျပန်နိုင်ငံတွင် ကျင်းပသည့် ဂျပန်ဘောက်ဆင်ကော်မရှင်၏ WBC ပြိုင်ပွဲ၊ ထိုင်းနိုင်ငံတွင် ကျင်းပသည့် OPBF ပြိုင်ပွဲများတွင်လည်း မြန်မာပရော်ဖက်ရှင်နယ်ဘောက်ဆင်သမားများ သွားရောက်ယှဉ်ပြိုင်နေပြီဖြစ်သည်။

မြန်မာဘောက်ဆင်ကော်မရှင် (MBC) ကို ၂၀၂၅ ခုနှစ် ဖေဖော်ဝါရီတွင် အဖွဲ့ဝင် ၁၆၁ နိုင်ငံရှိသော WBC နှင့် WBC လက်အောက်ခံ OPBF တို့က အဖွဲ့ဝင်နိုင်ငံအဖြစ် တရားဝင် လက်ခံလိုက်သည့်အတွက် အဆိုပါအဖွဲ့အစည်းများမှ ပေးအပ်မည့် ချန်ပီယံခါးပတ်များတွင် မြန်မာနိုင်ငံတော်အလံကို ထည့်သွင်းပေးခြင်းဖြစ်သည်။

ကမ္ဘာပေါ်တွင် ဆုကြေးစား ပရော်ဖက်ရှင်နယ် ဘောက်ဆင်အဖွဲ့အစည်းကြီးလေးခုဖြစ်သော WBA၊ WBO၊ WBA နှင့် IBF အဖွဲ့ကြီးလေးခုရှိပြီး အဆိုပါအဖွဲ့ကြီးလေးခုသည် ချိတ်ဆက်ထားသည့်အတွက် WBC အဖွဲ့ဝင်ဖြစ်လာသော မြန်မာဘောက်ဆင်ကော်မရှင် (MBC)ကို အဖွဲ့ဝင်အဖြစ် အဆိုပါအဖွဲ့ကြီးလေးခုစလုံးက အသိအမှတ်ပြု လက်ခံလိုက်ခြင်းဖြစ်သည်။ ကျန်အခြားအဖွဲ့များ၏ ခါးပတ်များတွင်လည်း မြန်မာနိုင်ငံတော်အလံကို ထည့်သွင်းဖော်ပြမည်ဟု သိရသည်။

အာကာစိုး







# မြန်မာဘောလုံးအကယ်ဒမီ (မန္တလေး) နှင့် အမျိုးသားဘောလုံးအကယ်ဒမီ (ရန်ကုန်) အတွက် ကစားသမားရွေးချယ်ပွဲ မြို့ငါးမြို့၌ ပြုလုပ်မည်

ရန်ကုန် မေ ၂၃

မြန်မာနိုင်ငံ ဘောလုံးအဖွဲ့ချုပ်သည် မြန်မာဘောလုံးအကယ်ဒမီ (မန္တလေး) နှင့် အမျိုးသားဘောလုံးအကယ်ဒမီ (ရန်ကုန်) တို့၏ ၂၀၂၅-၂၀၂၆ ပညာသင်နှစ်အတွက် ကစားသမားရွေးချယ်ပွဲကို မြို့ငါးမြို့၌ ပြုလုပ်သွားမည်ဖြစ်သည်။

အကယ်ဒမီကျောင်းများအတွက် ကစားသမားရွေးချယ်ပွဲကို မေ ၂၆ ရက်မှ မေ ၁၀ ရက်အထိ ရန်ကုန်၊ နေပြည်တော်၊ မန္တလေး၊ မြစ်ကြီးနားနှင့် တောင်ကြီးမြို့တို့တွင် ပြုလုပ်မည်ဖြစ်သည်။ ကစားသမားရွေးချယ်ရာတွင် သက်တမ်းသုံးခုအတွက် ရွေးချယ်မည်ဖြစ်ပြီး အသက် ၁၂ နှစ်အောက် (၂၀၁၃ ခုနှစ် မွေးဖွားသူ)၊ အသက် ၁၃ နှစ်အောက် (၂၀၁၂ ခုနှစ် မွေးဖွားသူ)၊ အသက် ၁၄ နှစ်အောက် (၂၀၁၁ ခုနှစ် မွေးဖွားသူ)တို့ဖြစ်ကြောင်း သိရသည်။ ကစားသမားရွေးချယ်မှုများကို မေ ၂၆ ရက်မှ ၂၈ ရက်အထိ ရန်ကုန်မြို့ (သုဝဏ္ဏလေ့ကျင့်ရေးကွင်း-၁)၊ မေ ၂၉ ရက်မှ မေ ၁ ရက်အထိ မြစ်ကြီးနားမြို့ (ပြည်နယ်အားကစားကွင်း)၊ မေ ၁ ရက်မှ ၃ ရက်အထိ တောင်ကြီးမြို့ (ပြည်နယ်အားကစားကွင်း)၊ မေ ၅ ရက်မှ ၇ ရက်အထိ မန္တလေးမြို့ (အကယ်ဒမီကွင်း)၊ မေ ၈ ရက်မှ ၁၀ ရက်အထိ နေပြည်တော် (ဘောဂဝတီကွင်း) တို့တွင် နံနက် ၇ နာရီတွင် စတင်ပြုလုပ်မည်ဖြစ်သည်။ လာရောက်ရွေးချယ်ခံလိုသည့် ကစားသမားများအနေဖြင့် ဖုန်း- ၀၉၇၆၉၉၀၀၆၀၀ သို့ ဆက်သွယ်စုံစမ်းနိုင်ကြောင်း သိရသည်။ မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ်သည် အရည်အချင်းပြည့်ဝသည့် လူငယ်ဘောလုံးသမားများ ထွက်ပေါ်လာစေရန် အကယ်ဒမီကျောင်းများတွင် ကျောင်းပညာရေးနှင့် ဘောလုံးပညာရေးကို ပူးတွဲသင်ကြားပေးနေခြင်းဖြစ်သည်။

သတင်း-ကိုညီလေး

# နူနက်စ်၏ နောက်ကျသွင်းဂိုးကြောင့် မန်စီးတီးက ဗီလာကိုအနိုင်ရ

ပရီမီယာလိဂ်ပွဲစဉ် (၃၄) အဖြစ် မေ ၂၃ ရက် နံနက် ၁ နာရီခွဲက ယှဉ်ပြိုင်ကစားခဲ့သည့် မန်စီးတီးနှင့် အက်စတွန်ဗီလာအသင်းပွဲစဉ်တွင် မန်စီးတီးအသင်းက အကြိတ်အနယ်ကစားပြီး ပွဲကစားချိန်ပြည့်ခါနီးတွင် ရရှိခဲ့သော နူနက်စ်၏ သွင်းဂိုးကြောင့် နှစ်ဂိုး-တစ်ဂိုးဖြင့် နိုင်ပွဲရရှိကာ ချန်ပီယံလိဂ် ဝင်ခွင့်မျှော်လင့်ချက် အားကောင်းလာခဲ့သည်။

အဆိုပါပွဲစဉ်မှာ ချန်ပီယံလိဂ်ဝင်ခွင့်အတွက် အရေးပါသည့် ပွဲစဉ်ဖြစ်သည့်အပြင် တိုက်စစ်အားသန်အသင်း နှစ်သင်းတွေ့ဆုံမှုဖြစ်သောကြောင့် ပွဲစသည်နှင့်တစ်ပြိုင်နက် အပြန်အလှန်ထိုးဖောက် တိုက်စစ်ဆင်မှုများဖြင့် အကြိတ်အနယ်ရှိခဲ့သည်။ ပွဲကစားချိန် ၇ မိနစ်တွင် မန်စီးတီးအသင်းကစားသမား ဆေးလ်ဗားက အသင်းအတွက် ဦးဆောင်ဂိုး သွင်းယူပေးခဲ့သည်။

ဦးဆောင်ဂိုးခွင့်ပြုပေးလိုက်ရပြီးနောက် အက်စ်တွန်ဗီလာအသင်းကလည်း ချေပဂိုးရရှိရေး ကြိုးစားလာခဲ့ရာ ပွဲကစားချိန် ၁၈ မိနစ်တွင် ရရှိခဲ့ပြီး ပယ်နယ်တီမှတစ်ဆင့် တိုက်စစ်ကစားသမား ရက်ဖို့ဒ်က သွင်းယူပေးခဲ့သည်။ တစ်ဖက်တစ်ဂိုးစီ သရေကျပြီးနောက်တွင် မန်စီးတီးအသင်းကသာ ခြေစွမ်းအသာဖြင့် တိုက်စစ်ဆင်ကစားနိုင်ခဲ့သည်။

တစ်ဖက်တစ်ဂိုးစီဖြင့် ပွဲပြီးဆုံးရန် နီးကပ်ခဲ့သော်လည်း ပွဲကစားချိန်ပြည့်ခါနီးတွင် မန်စီးတီးကစားသမား နူနက်စ်က ဒိုကူ၏ဖန်တီးမှုကို အမိအရအသုံးချကာ သွင်းဂိုးအဖြစ် ပြောင်းလဲနိုင်ခဲ့သည့်အတွက် နှစ်ဂိုး-တစ်ဂိုးဖြင့် နိုင်ပွဲရရှိခဲ့ခြင်းဖြစ်သည်။ မန်စီးတီးအသင်းသည် ယခုအနိုင်ပွဲကြောင့် ပွဲစဉ် (၃၄) အပြီးတွင် ရမှတ် ၆၁ မှတ်ဖြင့် လာမည့်နှစ် ချန်ပီယံလိဂ်ဝင်ခွင့် မျှော်လင့်ချက်အားကောင်းလာခဲ့ပြီဖြစ်သည်။ အက်စတွန်ဗီလာအသင်းက ၅၇ မှတ်ဖြင့် ဥရောပဝင်ခွင့်ရရှိရေး ရုန်းကန်ရဦးမည်ဖြစ်သည်။

အောင်ဇော်



မန်စီးတီးအသင်းအတွက် အနိုင်သေချာစေမည့် ဒုတိယဂိုးကို နူနက်စ် သွင်းယူစဉ်။

# ငလျင်ဘေးဒဏ်သင့်ပြည်သူများအတွက် ပြည်တွင်းပြည်ပစေတနာရှင်ပြည်သူများက အလှူငွေနှင့် အလှူပစ္စည်းများ လှူဒါန်းနိုင်ရေး အသိပေးကြေညာခြင်း

၁။ ၂၈-၃-၂၀၂၅ ရက်နေ့တွင် မြန်မာနိုင်ငံ ပြည်တွင်း မန္တလေးမြို့အနီးကို ဗဟိုပြုလှုပ်ခတ်ခဲ့သော အင်အားပြင်း ငလျင်ဘေးဒဏ်သင့်ပြည်သူများအတွက် ပြည်တွင်း/ပြည်ပ စေတနာရှင်ပြည်သူများအနေဖြင့် အလှူငွေနှင့် အလှူပစ္စည်းများ ပါဝင်လှူဒါန်းနိုင်ပါသည်။

၂။ အလှူငွေများကို မိုဘိုင်းငွေပေးချေမှုစနစ်ဖြင့် လှူဒါန်းလိုပါက KBZ Pay, CB pay, AYA Pay, OK$, Wave Money တို့၏ QR များကို Scan ဖတ်၍လည်းကောင်း၊ KBZ Pay QR code နံပါတ် 70157401001 သို့လည်းကောင်း၊ Wave Money ဖြင့် လှူဒါန်းလိုပါက ဖုန်းနံပါတ်(၀၉-၂၅၅၀၀၁၅၄၂ နှင့် ၀၉-၂၅၅၀၀၁၅၄၃) တို့သို့ တိုက်ရိုက်ပေးသွင်း၍လည်းကောင်း လှူဒါန်းခြင်းများ ဆောင်ရွက်နိုင်ပါသည်။ ထို့ပြင် ဗဟိုဘဏ်မှခွင့်ပြုထားသော မိမိနှစ်သက်ရာ မည်သည့် Digital Wallet သို့မဟုတ် ဘဏ် Mobile Application မှမဆို KBZ Pay MMQR နှင့် CB Pay MMQR၊ OK$ MMQR များကို Scan ဖတ်၍ လှူဒါန်းနိုင်ပါသည်။

၃။ ဘဏ်များမှ လှူဒါန်းလိုပါက မြန်မာကျပ်ငွေကို မြန်မာ့စီးပွားရေးဘဏ်၊ နေပြည်တော်တွင် ငွေစာရင်းအမှတ် OA-011834 ကို ဖွင့်လှစ်ထားပြီး အောက်ပါနည်းလမ်းများဖြင့် လှူဒါန်းနိုင်ပါသည်-

(က) မြန်မာ့စီးပွားရေးဘဏ်၊ နေပြည်တော်ဘဏ်ခွဲတွင် တိုက်ရိုက်ဖြစ်စေ၊ အခြား မြန်မာ့စီးပွားရေးဘဏ်၊ ဘဏ်ခွဲများနှင့် ပုဂ္ဂလိကဘဏ်၊ ဘဏ်ခွဲများအားလုံးတို့မှ တစ်ဆင့်ဖြစ်စေ ငွေသားဖြင့် ပေးသွင်းလှူဒါန်းနိုင်ပါသည်၊

(ခ) ပြည်တွင်းရှိ နိုင်ငံပိုင်၊ ပုဂ္ဂလိကပိုင်ဘဏ်များတွင် ဖွင့်လှစ်ထားသော ကျပ်ငွေစာရင်းများမှ စာရင်းပြောင်း (Account transfer) နည်းလမ်းဖြင့် လှူဒါန်းနိုင်ပါသည်။

၄။ ၎င်းအပြင် နိုင်ငံခြားငွေဖြင့် လှူဒါန်းလိုသူများသည် မြန်မာ့စီးပွားရေးဘဏ်၊ နေပြည်တော်တွင် ဖွင့်လှစ်ထားသည့် နိုင်ငံခြားငွေစာရင်းအမှတ် (EDN-600018) သို့လည်း အောက်ပါနည်းလမ်းများဖြင့် လှူဒါန်းနိုင်ပါသည်-

(က) မြန်မာ့စီးပွားရေးဘဏ်တွင် အမေရိကန်ဒေါ်လာ ယူရို၊ စင်ကာပူဒေါ်လာ ငွေသားတို့ဖြင့် တိုက်ရိုက်ပေးသွင်းလှူဒါန်းနိုင်ပါသည်၊

(ခ) မြန်မာ့စီးပွားရေးဘဏ်တွင် နိုင်ငံခြားငွေစာရင်းရှိသူများမှ စာရင်းပြောင်း (Account Transfer) နည်းလမ်းဖြင့် လှူဒါန်းနိုင်ပါသည်၊

(ဂ) ပြည်တွင်း/ပြည်ပမှ နိုင်ငံခြားငွေဖြင့် လှူဒါန်းလိုသူများအနေဖြင့် -

- **SWIFT CODE – MYEBMMMY**
- **Beneficiary Name – Natural Disaster Management Fund**
- **Beneficiary A/C No–EDN–600018** သို့ လှူဒါန်းနိုင်ပါသည်။

၅။ အလှူငွေနှင့် အလှူပစ္စည်းများ လှူဒါန်းလိုသူများအနေဖြင့် အောက်ပါပုဂ္ဂိုလ်များသို့ ဆက်သွယ်မေးမြန်းလှူဒါန်းနိုင်ပါသည် -

| နေပြည်တော် | ရန်ကုန်မြို့ | မန္တလေးမြို့ |
|---|---|---|
| ဒေါ်လွဲ့လွဲ့အေး<br>ညွှန်ကြားရေးမှူးချုပ်<br>ဘေးအန္တရာယ်ဆိုင်ရာ<br>စီမံခန့်ခွဲမှုဦးစီးဌာန<br>၀၆၇-၃၄၀၄၀၅၀<br>၀၉-၂၀၂၁၄၉၁ | ဦးသန်းစိုး<br>ညွှန်ကြားရေးမှူး<br>ဘေးအန္တရာယ်ဆိုင်ရာ<br>စီမံခန့်ခွဲမှုဦးစီးဌာန<br>ရန်ကုန်တိုင်းဒေသကြီး<br>ဦးစီးမှူးရုံး<br>၀၉-၂၅၀၁၂၃၈၈၅ | ဦးအေးမင်းသူ<br>ညွှန်ကြားရေးမှူး<br>ဘေးအန္တရာယ်ဆိုင်ရာ<br>စီမံခန့်ခွဲမှုဦးစီးဌာန<br>မန္တလေးတိုင်းဒေသကြီး<br>ဦးစီးမှူးရုံး<br>၀၉-၄၂၀၇၀၈၈၂၇ |
| ဦးဝင်းရွှေ<br>ဒုတိယညွှန်ကြားရေးမှူးချုပ်<br>ဘေးအန္တရာယ်ဆိုင်ရာ<br>စီမံခန့်ခွဲမှုဦးစီးဌာန<br>၀၆၇-၃၄၀၄၀၄၈<br>၀၉-၂၅၄၁၇၀၀၁၁ | ဒေါ်သန်းသန်းဝင်း<br>ဒုတိယညွှန်ကြားရေးမှူး<br>ဘေးအန္တရာယ်ဆိုင်ရာ<br>စီမံခန့်ခွဲမှုဦးစီးဌာန<br>ရန်ကုန်တိုင်းဒေသကြီး<br>ဦးစီးမှူးရုံး<br>၀၉-၄၂၀၇၄၀၁၆၀ | ဒေါ်သက်သက်အေး<br>ဒုတိယညွှန်ကြားရေးမှူး<br>ဘေးအန္တရာယ်ဆိုင်ရာ<br>စီမံခန့်ခွဲမှုဦးစီးဌာန<br>မန္တလေးတိုင်းဒေသကြီး<br>ဦးစီးမှူးရုံး<br>၀၉-၄၀၀၅၀၂၀၅၆ |
| ဒေါ်ဖြူဖြူဝင်း<br>ညွှန်ကြားရေးမှူး<br>ဘေးအန္တရာယ်ဆိုင်ရာ<br>စီမံခန့်ခွဲမှုဦးစီးဌာန<br>၀၆၇-၃၄၀၄၃၁၆<br>၀၉-၄၃၀၅၄၈၄၄ | - | - |

၆။ အလှူပစ္စည်းများကို အောက်ပါအတိုင်း ဆက်သွယ်ပေးပို့လှူဒါန်းနိုင်ပါသည် -

(က) သက်ဆိုင်ရာ တိုင်းဒေသကြီး/ ပြည်နယ် အစိုးရအဖွဲ့များသို့ ဆက်သွယ်လှူဒါန်းနိုင်ပါသည်။

(ခ) ရုံးအမှတ်(၂၃)၊ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့်ပြန်လည်နေရာချထားရေးဝန်ကြီးဌာန၊ နေပြည်တော်။

(ဂ) ဗဟိုသိုလှောင်ရုံ(ရန်ကုန်မြို့)၊ ဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုဦးစီးဌာန၊ အမှတ်(၃) ရပ်ကွက်၊ ကျိုက်ဝိုင်းဘုရားလမ်း၊ ရန်ကုန်မြို့။

(ဃ) ဗဟိုသိုလှောင်ရုံ (မန္တလေးမြို့)၊ ဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုဦးစီးဌာန၊ (၆၅) လမ်း၊ ၃၄x ၃၅ ကြား၊ ပြည်ကြီးမျက်ရှင်ရပ်ကွက်၊ ချမ်းအေးသာစံမြို့နယ်၊ မန္တလေးမြို့။

**အမျိုးသားသဘာဝဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှုကော်မတီ**






























# ရေဝတီတိုင်းဒေသကြီးဝန်ကြီးချုပ် မြောင်းမြမြို့၌ ကွန်ကရစ်လမ်းခင်းနေမှု ကြည့်ရှုစစ်ဆေး



**မြောင်းမြ မေ ၂၃**

ဧရာဝတီ တိုင်းဒေသကြီး ဝန်ကြီးချုပ်ဦးတင်မောင်ဝင်းသည် မြောင်းမြခရိုင် မြောင်းမြမြို့ရှိ မြကန်သာရပ်ကွက် အပြင်ပတ်လမ်း (စိုက်သိပ္ပံလမ်း) ကွန်ကရစ်လမ်းခင်းကျင်းနေမှုကို မေ ၂၁ ရက် မွန်းလွဲပိုင်းက ကြည့်ရှုစစ်ဆေးသည်။

ထိုသို့စစ်ဆေးရာတွင် တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့် အဖွဲ့ဝင်များသည် မြကန်သာရပ်ကွက် အပြင်ပတ်လမ်း (စိုက်သိပ္ပံလမ်း) ကွန်ကရစ်လမ်းခင်းခြင်း လုပ်ငန်းနှင့် ပတ်သက်၍ မြောင်းမြမြို့နယ် စည်ပင်သာယာရေးအဖွဲ့မှ ဒုတိယညွှန်ကြားရေးမှူး ဦးညွန့်ဝင်းနှင့် တာဝန်ရှိသူများက ရှင်းလင်းတင်ပြရာ တိုင်းဒေသကြီးဝန်ကြီးချုပ်က လိုအပ်သည်များ မှာကြားခဲ့ကြောင်း သိရသည်။

အဆိုပါ ကွန်ကရစ်လမ်းကို ၂၀၂၅-၂၀၂၆ ဘဏ္ဍာနှစ်တွင် လမ်းအရှည် ၄၁၅ ပေ၊ အကျယ် ၁၄ ပေ၊ ဒုခြောက်လက်မကို ငွေကျပ်သိန်းပေါင်း ၃၇၇ ဒသမ ၅၀၀ဖြင့် မြို့နယ်စည်ပင်သာယာရေးအဖွဲ့မှ တာဝန်ယူဆောင်ရွက်လျက် ရှိကြောင်း သိရသည်။ မြို့နယ်(ပြန်/ဆက်)

## ကျောက်တံတားခရိုင် ၂၀၂၅ - ၂၀၂၆ ဘဏ္ဍာနှစ်ဒေသန္တရစီမံကိန်းတာဝန်ပေးအပ်ပွဲကျင်းပ

**ရန်ကုန် မေ ၂၃**

ကျောက်တံတားခရိုင်၏ ၂၀၂၅-၂၀၂၆ဘဏ္ဍာနှစ် ဒေသန္တရစီမံကိန်းတာဝန်ပေးအပ်ပွဲကိုယနေ့ နံနက် ၁၀ နာရီက ကျောက်တံတားခရိုင် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပသည်။

အခမ်းအနားတွင် ခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ၊ ခရိုင်စီမံကိန်းရေးဆွဲအကောင်ထည်ဖော်ရေးကော်မတီဥက္ကဋ္ဌ ဦးဥက္ကာက နိုင်ငံတော်




စီမံအုပ်ချုပ်ရေးကောင်စီအနေဖြင့် အမျိုးသားအကျိုးစီးပွားကို ရှေးရှုပြီး အမျိုးသားရေး ရည်မှန်းချက်နှစ်ရပ်ဖြစ်သည့် တိုင်းပြည်သာယာဝပြောရေးနှင့် စားရေရိက္ခာဖူလုံရေးအတွက် ဆောင်ရွက်ပေးလျက်ရှိကြောင်း ၂၀၂၅-၂၀၂၆ ဘဏ္ဍာနှစ် ပြည်ထောင်စု၏ အမျိုးသားစီမံကိန်းဥပဒေ၊ တိုင်းဒေသကြီးဒေသန္တရစီမံကိန်းဥပဒေတို့ဖြင့် လူမှုစီးပွားဘဝတိုးတက်မြင့်မားစေရန် ဒေသန္တရစီမံကိန်းတွင်ပါဝင်သည့် ရင်းနှီးမြှုပ်နှံမှုလုပ်ငန်းများကို အကောင်အထည်ဖော် ဆောင်ရွက်သွားကြရန် ဆွေးနွေး ပြောကြားပြီး ခရိုင်စီမံကိန်းရေးဆွဲရေးဦးစီးဌာန ခရိုင်ဦးစီးမှူးက အသားတင်ထုတ်လုပ်မှုနှင့် ဝန်ဆောင်မှုလုပ်ငန်းကဏ္ဍများအပေါ် ဆွေးနွေးပြောကြားသည်။

ထို့နောက်၂၀၂၅-၂၀၂၆ ဘဏ္ဍာနှစ် (ဧပြီလမှ မတ်လအထိ) ဒေသန္တရစီမံကိန်းရည်မှန်းချက်တာဝန်များကို ခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ခရိုင်စီမံကိန်းရေးဆွဲအကောင်ထည်ဖော်ရေး ကော်မတီဥက္ကဋ္ဌ၊ ဦးဥက္ကာက ခရိုင်အဆင့်ဌာနဆိုင်ရာများ၊ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌများအား တာဝန်ပေးအပ်လွှာများ ပေးအပ်ခဲ့ကြောင်း သိရသည်။

အောင်မြင့်(ပြန်/ဆက်)

**အိမ်ပြင်ပ၌ထွန်းသော မီးများကို နေ့အလင်းရောင်ရှိချိန်တွင် ပိတ်ထားခြင်းဖြင့် လျှပ်စစ်ကို ချွေတာပါ။**

## ရွှေတောင်မြို့နယ်၌ အခြေခံဝတ္ထုတိုရေးနည်းသင်တန်း ဖွင့်လှစ်

**ရွှေတောင် မေ ၂၃**

ပဲခူးတိုင်းဒေသကြီး ရွှေတောင်မြို့နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနခန်းမ၌ အခြေခံဝတ္ထုတိုရေးနည်းသင်တန်းကို ယမန်နေ့က ဖွင့်လှစ်သည်။

အခမ်းအနားတွင် စာပေချစ်သူများအသင်း (Book Club)ဥက္ကဋ္ဌ ဆရာမကြီး ဒေါ်ခင်ယုနိုင်(ပေရာယ်ယုနိုင်)က အမှာစကားပြောကြားပြီး မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ တာဝန်ရှိသူက နွေရာသီကျောင်းပိတ်ရက်ကာလအတွင်း အချိန်ကိုအကျိုးရှိစွာ အသုံးချတတ်စေရန်၊ အနာဂတ်တွင် စာပေကို ချစ်မြတ်နိုးသော စာရေးဆရာကောင်းများ ပေါ်ထွန်းလာစေရန် ရည်ရွယ်ဖွင့်လှစ်ရခြင်းဖြစ်ကြောင်း ပြောကြားသည်။ ဆက်လက်၍ စာပေချစ်သူများအသင်းဥက္ကဋ္ဌက အခြေခံဝတ္ထုတိုရေးနည်းသင်တန်းမှ ရရှိလာမည့် အကျိုးကျေးဇူးများအကြောင်းကို ပြောကြားသည်။

ထို့နောက် အခြေခံဝတ္ထုတို ရေးနည်းသင်ခန်းစာများကို ဆရာမကြီး ဒေါ်ခင်ယုနိုင်(ပေရာယ်ယုနိုင်)နှင့် ဆရာကြီးဦးကြည်သိန်း(ရွှေမှော်မြေ)က သင်ကြားပို့ချပေးခဲ့ပြီး သင်တန်းကာလမှာ မေ ၂၂ ရက်မှ ၂၃ ရက် အထိ ကျောင်းသား ကျောင်းသူ ၂၀ တက်ရောက်ခဲ့ကြကြောင်း သိရသည်။

မြို့နယ်(ပြန်/ဆက်)

## ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဆိုင်ရာကိစ္စရပ်များအပေါ် စုံစမ်းမေးမြန်းခြင်းနှင့် သတင်းပို့ခြင်းပြုလုပ်နိုင်

၁။ ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဆိုင်ရာ ကိစ္စရပ်များနှင့်စပ်လျဉ်း၍ သိရှိလိုသည်များကို စုံစမ်းမေးမြန်းရန်နှင့် သတင်းပို့တိုင်ကြားရန်တို့အတွက် တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးရှိ ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့များ၏ အောက်ပါဖုန်းနံပါတ်များသို့ ရုံးချိန်အတွင်း ဆက်သွယ်နိုင်ပါကြောင်း ထုတ်ပြန်အပ်ပါသည်-

(က) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဗဟိုအဖွဲ့ ဥက္ကဋ္ဌရုံး (နေပြည်တော်)
- (၁) ၀၆၇-၃၄၀၄၉၁၁၊ ၀၆၇-၃၄၀၄၉၂၂၊ ၀၆၇-၃၄၀၄၉၃၃၊ ၀၆၇-၃၄၀၄၉၄၄၊ ၀၆၇-၃၄၀၄၉၅၅
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၀၁

(ခ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (နေပြည်တော်ကောင်စီ)
- (၁) ၀၆၇-၄၅၅၀၄၈၈၊ ၀၆၇-၄၅၅၀၄၉၉
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၀၂

(ဂ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ကချင်ပြည်နယ်)
- (၁) ၀၉-၃၄၉၀၃၅၅၃၄၊ ၀၉-၃၄၉၀၃၈၃၇၆
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS) ပေးပို့ရန် ၀၉-၃၄၉၀၃၈၃၇၆

(ဃ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ကယားပြည်နယ်)
- (၁) ၀၉-၃၄၉၀၁၅၈၄၇၊ ၀၉-၃၄၉၀၁၄၄၈၆
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၁၀၀၆၆၃၈

(င) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ကရင်ပြည်နယ်)
- (၁) ၀၅၈-၂၀၂၄၅၃၀၊ ၀၅၈-၂၀၂၃၅၃၁
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၆၉၁၁၁၉၁၀

(စ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ချင်းပြည်နယ်)
- (၁) ၀၇၀-၂၀၂၂၃၆၈၊ ၀၇၀-၂၀၂၂၅၉၉
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၈၉၀၉၃၇၅၇၄

(ဆ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (စစ်ကိုင်းတိုင်းဒေသကြီး)
- (၁) ၀၇၁-၂၀၃၂၀၉၁၊ ၀၇၁-၂၀၃၂၀၉၂
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၀၇

(ဇ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (တနင်္သာရီတိုင်းဒေသကြီး)
- (၁) ၀၅၉-၂၀၂၄၀၃၇၊ ၀၅၉-၂၀၂၄၀၃၈
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၀၈

(ဈ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ပဲခူးတိုင်းဒေသကြီး)
- (၁) ၀၅၂-၂၂၀၁၉၃၉၊ ၀၅၂-၂၂၀၁၉၄၉
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၀၉

(ည) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (မကွေးတိုင်းဒေသကြီး)
- (၁) ၀၆၃-၂၀၂၈၈၇၈၊ ၀၆၃-၂၀၂၈၈၇၉
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၁၀

(ဋ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (မန္တလေးတိုင်းဒေသကြီး)
- (၁) ၀၂-၄၀၂၁၂၄၅၊ ၀၂-၄၀၂၁၂၄၆
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၁၁

(ဌ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (မွန်ပြည်နယ်)
- (၁) ၀၅၇-၂၀၂၇၉၃၅၊ ၀၅၇-၂၀၂၇၉၃၆
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၁၂

(ဍ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ရခိုင်ပြည်နယ်)
- (၁) ၀၉-၂၅၅၀၀၂၅၁၇၊ ၀၉- ၂၅၅၀၀၂၅၁၈
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၁၃

(ဎ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ရန်ကုန်တိုင်းဒေသကြီး)
- (၁) ၀၁-၈၃၀၀၀၁၆၊ ၀၁-၈၃၀၀၀၁၇
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၁၄

(ဏ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ရှမ်းပြည်နယ်)
- (၁) ၀၈၁-၂၁၂၄၅၄၀၊ ၀၈၁-၂၁၂၄၉၉၅
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၁၅

(တ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ဧရာဝတီတိုင်းဒေသကြီး)
- (၁) ၀၄၂-၂၀၂၅၉၉၃၊ ၀၄၂-၂၀၂၅၉၉၄
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၁၆

၂။ ပြည်သူ့စစ်မှုထမ်း ဆင့်ခေါ်ရေးဆိုင်ရာကိစ္စရပ်များနှင့် စပ်လျဉ်း၍ စုံစမ်းမေးမြန်းခြင်း၊မသမာမှုများနှင့်ပတ်သက်၍ တိုင်ကြားခြင်းများအား တိကျစွာ ဆက်သွယ်သတင်းပို့နိုင်ပါကြောင်းနှင့် မမှန်မကန် သတင်းပို့ခြင်း၊ တိုင်ကြားခြင်းများ ပြုလုပ်ပါက ဖော်ထုတ်၍ တည်ဆဲဥပဒေများနှင့်အညီ အရေးယူသွားမည်ဖြစ်ပါကြောင်း အသိပေးအပ်ပါသည်။

**ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဗဟိုအဖွဲ့**

**ယာဉ်များဆေးကြောလျှင် ရေပိုက်မသုံးပါနှင့်။ ရေဖြည့်ထားသော ပုံးဖြင့် ယာဉ်များကို ဆေးကြောပါ။**

# မြေငလျင်ကြီးမားစွာလှုပ်ခတ်မည်ဖြစ်ကြောင်း TikTok အကောင့်မှတစ်ဆင့် မဟုတ်မမှန် သတင်းအမှားဖြန့်ဝေခဲ့သူ John(Palmistry)အကောင့်ပိုင်ရှင် ဂျွန်မိုးသဲအား ဖမ်းဆီးရမိ

**နေပြည်တော် ဧပြီ ၂၃**

၂၀၂၅ ခုနှစ် ဧပြီ ၂၁ ရက်တွင် မြေငလျင်ကြီးမားစွာ လှုပ်ခတ်မည်ဟု TikTok အကောင့်မှတစ်ဆင့် မဟုတ်မမှန် သတင်းအမှား ဖြန့်ဝေနေကြောင်း သတင်းအရ ဧပြီ ၂၂ ရက် ၁၀ နာရီတွင် လုံခြုံရေးတပ်ဖွဲ့ဝင်များက မုံရွာမြို့ မြဝတီရပ်ကွက် တိုးချဲ့ကွက်သစ်ရပ် နယ်မြေ (၂၁) ရွှေညောင်ပင်လမ်းရှိ နေအိမ်သို့ သွားရောက်ရှာဖွေခဲ့ရာ တရားခံ John (Palmistry) အကောင့်ပိုင်ရှင် ဂျွန်မိုးသဲအား ဖမ်းဆီးရမိခဲ့သည်။



မဟုတ်မမှန် သတင်းအမှားများ ဖြန့်ဝေခဲ့သူ ဂျွန်မိုးသဲ၊ ၂၁ နှစ်

ဖမ်းဆီးရမိတရားခံအား စိစစ်ဖော်ထုတ်ချက်အရ ၎င်းသည် ၂၀၂၁ ခုနှစ် ဖေဖော်ဝါရီ ၁ ရက်နောက်ပိုင်း မုံရွာမြို့ပေါ်၌ ပြုလုပ်သည့် ဆန္ဒပြပွဲများတွင် အကြိမ် ၂၀ ခန့် လိုက်ပါဆောင်ရွက်ခဲ့သဖြင့် မုံရွာနယ်မြေရဲစခန်းမှ ရာဇသတ်ကြီး ဥပဒေပုဒ်မ ၅၀၅-က ဖြင့် အမှုဖွင့် အရေးယူခဲ့သော်လည်း အသက်မပြည့်သူကလေးသူငယ်ဖြစ်သဖြင့် မိဘအုပ်ထိန်းမှုအောက်တွင် ကောင်းမွန်စွာနေထိုင်ရန် မုံရွာခရိုင်တရားရုံးမှ အမိန့်ချမှတ်ခြင်း ခံခဲ့ရသူဖြစ်ကြောင်း သိရသည်။

ထို့အပြင် ၂၀၂၁ ခုနှစ် မေ ၂၈ ရက်တွင် ကော့ကရိတ်မြို့မှတစ်ဆင့် KNDO တပ်ရင်း(၆)သို့ သွားရောက်ခဲ့ပြီး အဆိုပါ KNDO တပ်ရင်း(၆)၌ ဖွင့်လှစ်သည့် အကြမ်းဖက်သင်တန်းအား သင်တန်းသား ၇၅ ဦးနှင့်အတူ တက်ရောက်ခဲ့ကြောင်း၊ ၎င်းနောက် အကြမ်းဖက်အဖွဲ့အစည်းများအတွက် အွန်လိုင်းမှတစ်ဆင့် အလှူငွေများ ကောက်ခံထောက်ပံ့ပေးခဲ့ကြောင်း သိရသည်။




JOHN(Palmistry) TikTok Account ၏ Profile ပုံနှင့် Account ပိုင်ရှင်၏ဓာတ်ပုံ




ထို့နောက် ၂၀၂၁ ခုနှစ် စက်တင်ဘာလ တတိယပတ်ခန့်တွင် မုံရွာမြို့သို့ ပြန်လည်ရောက်ရှိ နေထိုင်စဉ် အောက်တိုဘာ ၃၀ ရက်တွင် လုံခြုံရေးတပ်ဖွဲ့ဝင်များ၏ ဖမ်းဆီးထိန်းသိမ်းခြင်း ခံခဲ့ရကြောင်း၊ ၎င်းနောက် နိုဝင်ဘာ ၁၄ ရက်တွင် မုံရွာမြို့ အမှတ်(၁)ရဲစခန်း၌ အကြမ်းဖက်မှုတိုက်ဖျက်ရေး ဥပဒေပုဒ်မ-၅၀(ည)/၅၂(က)တို့ဖြင့် အမှုဖွင့်လှစ်ခဲ့ပြီး မုံရွာခရိုင်တရားရုံးမှ ၂၀၂၂ ခုနှစ် အောက်တိုဘာလတွင် ထောင်ဒဏ်နှစ်နှစ် ပြစ်ဒဏ်ချမှတ်ခဲ့သည့်အတွက် မန္တလေးမြို့ရှိ လူငယ်ထိန်းသိမ်းရေး သင်တန်းကျောင်း၌ ထိန်းသိမ်းစောင့်ရှောက်ခြင်းခံခဲ့ရကာ ၂၀၂၃ ခုနှစ် ဇွန်လတွင် ပြန်လည်လွတ်မြောက်လာခဲ့ကြောင်း သိရသည်။

ဂျွန်မိုးသဲအနေဖြင့် ထောင်မှ လွတ်မြောက်ပြီးနောက် ဗေဒင်လက္ခဏာပညာအား အသုံးချ၍ ပြည်သူလူထု ထင်ယောင်ထင်မှားဖြစ်စေရန် ရည်ရွယ်ချက်ဖြင့် ၂၀၂၄ ခုနှစ် ဖေဖော်ဝါရီလတွင် Johnmoe5.t အမည်ဖြင့် TikTok အကောင့်ဖွင့်လှစ်ကာ အကြမ်းဖက်အဖွဲ့အစည်းများနှင့် ပတ်သက်သည့် Post များအားလည်းကောင်း၊ မြေငလျင်နှင့်ပတ်သက်သည့် Post များအားလည်းကောင်း အများပြည်သူ အထိတ်တလန့်ဖြစ်စေရန်ရည်ရွယ်၍ မဟုတ်မမှန် ရေးသားဖော်ပြခဲ့ကြောင်း စိစစ်တွေ့ရှိရသဖြင့် ၎င်းအား ဥပဒေအရ ထိထိရောက်ရောက် အရေးယူသွားမည်ဖြစ်ပြီး နောင်အလားတူ မဟုတ်မမှန်သတင်းအမှားများ ရေးသားဖြန့်ဝေသူများကိုလည်း စိစစ်ဖော်ထုတ်၍ ထိထိရောက်ရောက် အရေးယူဆောင်ရွက်သွားမည်ဖြစ်ကြောင်း၊ မိဘပြည်သူများအနေဖြင့်လည်း သဘာဝဘေးအန္တရာယ်နှင့်ပတ်သက်၍ သတင်းအတု သတင်းအမှားများကို မသမာသူများမှ ဖြန့်ဝေရေးသားဖော်ပြလျက်ရှိသဖြင့် ယုံကြည်မှုမရှိရန်နှင့် သဘာဝဘေးအန္တရာယ်နှင့် ပတ်သက်သည့် သတင်းများအား သက်ဆိုင်ရာ မိုးလေဝသနှင့် ဇလဗေဒ ညွှန်ကြားမှုဦးစီးဌာနမှ အချိန်နှင့်တစ်ပြေးညီ တိကျစွာ ထုတ်ပြန်ပေးလျက်ရှိကြောင်း အသိပေးသတင်းထုတ်ပြန်အပ်ပါသည်။

သတင်းစဉ်




ဂျွန်မိုးသဲအသုံးပြုသည့် TikTok အကောင့်မှ မြေငလျင်နှင့်ပတ်သက်၍ Post တင်ထားမှု မှတ်တမ်းဓာတ်ပုံ။

# အကြမ်းဖက်အုပ်စုအဖြစ် ကြေညာထားသော CRPH၊ NUG နှင့် ၎င်းတို့၏ လက်ဝေခံများ၏ လှုံ့ဆော်၊ ဝါဒဖြန့်ခြင်းများ လိုက်ပါလုပ်ဆောင်ခြင်း၊ အားပေးကူညီခြင်းများ ပြုလုပ်ခဲ့သူများအား ဖော်ထုတ်အရေးယူ

**နေပြည်တော် ဧပြီ ၂၃**

အကြမ်းဖက်အုပ်စုအဖြစ် ကြေညာထားသည့် CRPH၊ NUG နှင့် ယင်းတို့၏ လက်ဝေခံအဖွဲ့အစည်းများ၊ ယင်းတို့နှင့် ဆက်နွှယ်နေသော အဖွဲ့အစည်းများ၊ လူပုဂ္ဂိုလ်များသည် နိုင်ငံတော် တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန်နှင့် အစိုးရယန္တရားများ ပျက်ပြားစေရန် ရည်ရွယ်လျက် လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်းများပြုလုပ်ခဲ့မှုအပေါ် ဥပဒေနှင့်အညီ ထိရောက်စွာ အရေးယူသွားမည်ဖြစ်ကြောင်းနှင့် ထိုသို့ လှုံ့ဆော်သူ၊ ဝါဒဖြန့်သူများအား ဆက်လက်ဖော်ထုတ် အရေးယူသွားမည်ဖြစ်ကြောင်း မိဘပြည်သူများ သိရှိနိုင်ရေး အသိပေးသတင်းထုတ်ပြန်ပြီးဖြစ်သည်။

ထိုကဲ့သို့ သတင်းထုတ်ပြန်ခဲ့ပြီးဖြစ်သော်လည်း ဧပြီ ၂၁ ရက်တွင် အသိပေးထုတ်ပြန်ချက်အပေါ် မျက်ကွယ်ပြု၍ နိုင်ငံတော် တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန် ရည်ရွယ်ကာ လူမှုကွန်ရက်စာမျက်နှာပေါ်၌ လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်းများ ပြုမူလုပ်ဆောင်ခဲ့သည့် “@mtkmobile29” TikTok အကောင့်ပိုင်ရှင်ဖြစ်သူ စစ်ကိုင်းတိုင်းဒေသကြီး ဝက်လက်မြို့နယ် သရက်ကြီးကျေးရွာနေ ချမ်းငြိမ်းအား ည ၉ နာရီ မိနစ်၂၀ တွင် ဘုရားကြီးနယ်မြေရဲစခန်း၌ တရားဥပဒေနှင့်အညီ ဖမ်းဆီးထိန်းသိမ်း အမှုဖွင့်လှစ်အရေးယူ ဆောင်ရွက်ခဲ့ကြောင်း သတင်းရရှိသည်။

သတင်းစဉ်

## ကွမ်းခြံကုန်းမြို့နယ်၌ မျိုးစေ့ချကိရိယာဖြင့် စိုက်ပျိုးထားသော ရက်(၉၀)မျိုး နွေစပါးစံကွက်ရိတ်သိမ်း



**ကွမ်းခြံကုန်း မေ ၂၃**

ရန်ကုန်တိုင်းဒေသကြီး ကွမ်းခြံကုန်းမြို့နယ်၌ မျိုးစေ့ချကိရိယာဖြင့် စိုက်ပျိုးထားသော ရက်(၉၀)မျိုး နွေစပါးစံကွက်ရိတ်သိမ်းပွဲကို ဝါးကောက်တောကျေးရွာ တောင်သူ ဦးခင်မောင်အေး နွေစပါးစံပြစိုက်ခင်း၌ မေ ၂၃ ရက်က ကျင်းပသည်။

စံကွက်ရိတ်သိမ်းပွဲသို့ ရန်ကုန်တိုင်းဒေသကြီး စိုက်ပျိုးရေးဦးစီးဌာန ဒုတိယတိုင်းဦးစီးမှူး ဦးတင့်နိုင်၊ တွံတေးခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးညွန့်နွယ်၊ ခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ အတွင်းရေးမှူး ခရိုင်ရဲတပ်ဖွဲ့မှူး ဒုတိယရဲမှူးကြီး မျိုးသန့်၊ ခရိုင်မြေစာရင်းဦးစီးမှူး ဦးခင်မောင်မြင့်၊ ခရိုင်အမျိုးသမီးရေးရာအဖွဲ့နှင့် မိခင်နှင့်ကလေးစောင့်ရှောက်မှု ကြီးကြပ်ရေး ကော်မတီဥက္ကဋ္ဌ ဒေါ်ဇာဇာယမင်းဦး၊ ကွမ်းခြံကုန်းမြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ အဖွဲ့ဝင်များ၊ မြို့နယ်စိုက်ပျိုးထုတ်လုပ်မှုတိုးတက်မြင့်မားရေး ကြီးကြပ်မှုကော်မတီဝင်များ၊ မြို့နယ်စိုက်ပျိုးရေးဦးစီးဌာန ဦးစီးမှူး ဦးကြည်စိန်နှင့် ဝန်ထမ်းများ၊ မြို့နယ်ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ ကျေးရွာအုပ်ချုပ်ရေးမှူးနှင့် ကျေးရွာတောင်သူများ တက်ရောက်သည်။

အဆိုပါ ရက်(၉၀)မျိုးနွေစပါး စံကွက်ရိတ်သိမ်းပွဲ တောင်သူ ဦးခင်မောင်အေး၏ လယ်မြေ၌ ကျင်းပရာ ရက်(၉၀)မျိုးစပါး စံကွက်ရိတ်သိမ်းရာ အထွက်နှုန်းမှာ စပါးတစ်ဧကလျှင် စပါးအစိုအထွက်နှုန်း ၁၄၀ ဒသမ ၁၉ နှုန်း ထွက်ရှိကြောင်း သိရသည်။

**ဆွေနွယ်(ပြန်/ဆက်)**

## ဒလမြို့နယ်၌ နွေစပါးစံပြစိုက်ခင်း စံကွက်ရိတ်သိမ်းပွဲကျင်းပ

**ရန်ကုန် မေ ၂၃**

ရန်ကုန်တိုင်းဒေသကြီး ဒလမြို့နယ်၌ နွေစပါးစိုက်ပျိုးရာသီတွင် အောင်နိုင်တိုးစပါး စံပြစိုက်ခင်းစံကွက်ရိတ်သိမ်းပွဲ အခမ်းအနားကို ယနေ့နံနက်ပိုင်းက ရခိုင်ချောင်(တောင်) ကျေးရွာအုပ်စု ကွင်းအမှတ် (၂၀၄-က) ဦးပိုင်အမှတ်(၆/၃)၊ ဧရိယာ ၅ ဒသမ ၀၀ ဧကရှိ တောင်သူ ဦးထွန်းထွန်းဝင်း၏ လယ်မြေ၌ စံကွက်ရိတ်သိမ်းပွဲ ကျင်းပသည်။



နွေစပါး စံကွက်ရိတ်သိမ်းပွဲသို့ တိုင်းဒေသကြီး စိုက်ပျိုးရေးဦးစီးဌာန တိုင်းဒေသကြီး ဒုတိယဦးစီးမှူးနှင့် အဖွဲ့ဝင်များ၊ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ၊ မြို့နယ်စိုက်ပျိုးရေးဦးစီးဌာန ဦးစီးမှူးနှင့် ဝန်ထမ်းများ၊ မြို့နယ်မြေစာရင်းဦးစီးဌာန ဦးစီးမှူးနှင့် ဝန်ထမ်းများ၊ မြို့နယ်စိုက်ပျိုးရေးကြီးကြပ်မှုအဖွဲ့နှင့် အဖွဲ့ဝင်များ၊ ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးများနှင့် တောင်သူများ တက်ရောက်ကြသည်။

ထို့နောက် တောင်သူ ဦးထွန်းထွန်းဝင်း၏ လယ်မြေဧက ၅ ဒသမ ၀၀ ဧက နွေစပါးစံပြစိုက်ခင်း စံကွက်ရိတ်သိမ်းခြင်း ဆောင်ရွက်ရာ တစ်ဧကအထွက်နှုန်း အခြောက်တင်း ၁၄၅ ဒသမ ၁၂ တင်းထွက်ရှိကြောင်း သိရသည်။

**ခင်စန္ဒာမြင့်(ပြန်/ဆက်)**

## ငါးသိုင်းချောင်းမြို့၌ သစ်စိမ်းမြေဩဇာ(ပိုက်ဆံလျှော်)မျိုးစေ့ပေးအပ်ပွဲနှင့် ကြဲပက်ခြင်းအခမ်းအနားကျင်းပ

**ငါးသိုင်းချောင်း မေ ၂၃**

ဧရာဝတီတိုင်းဒေသကြီး ငါးသိုင်းချောင်းမြို့၌ မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနမှ ၂၀၂၅-၂၀၂၆ ခုနှစ် မိုးရာသီမြေဆီလွှာဖွံ့ဖြိုးတိုးတက်ရေး၊ မြေဆီလွှာ ရေရှည်တည်တံ့ရေးအတွက် သစ်စိမ်းမြေဩဇာ(ပိုက်ဆံလျှော်) မျိုးစေ့ပေးအပ်ပွဲနှင့် စုပေါင်းကြဲပက်ခြင်းကို ယနေ့နံနက်ပိုင်းက မအူကုန်းကျေးရွာ ကွင်းအမှတ် (၉၀၃) ဦးပိုင် ၁၉/၁၊ တောင်သူ ဦးကုသိုလ်၏ လယ်မြေလေးဧက၌ ဆောင်ရွက်သည်။



အခမ်းအနားသို့ ခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးစောထွန်းဝင်း၊ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ခေတ္တမြို့နယ်အုပ်ချုပ်ရေးမှူး ဦးနေလင်းနိုင်နှင့် အဖွဲ့ဝင်များ၊ ရေကြည်မြို့နယ်စိုက်ပျိုးရေးဦးစီးဌာန ဦးစီးအရာရှိ ဦးကျော်ထွန်းလင်း၊ မြို့အုပ်ချုပ်ရေးမှူး ဦးရဲထက်အောင်နှင့် ဌာနဆိုင်ရာများ၊ မြို့စိုက်ပျိုးရေးဦးစီးဌာန မြို့ဦးစီးမှူး ဒေါ်လှမြင့်နှင့် ဝန်ထမ်းများ၊ ဒေသခံတောင်သူများ တက်ရောက်ကြပြီး လယ်ယာမြေများအတွင်း သစ်စိမ်းမြေဩဇာ(ပိုက်ဆံလျှော်) မျိုးစေ့များ စုပေါင်းကြဲပက်ခဲ့ကြောင်း သိရသည်။

**ငါးသိုင်းချောင်း(ပြန်/ဆက်)**

## ဝါးခယ်မမြို့နယ်၌ သစ်စိမ်းမြေဩဇာ(ပိုက်ဆံလျှော်) စုပေါင်းကြဲပက်

**ဝါးခယ်မ မေ ၂၃**

၂၀၂၅ - ၂၀၂၆ ခုနှစ် မိုးစပါးရာသီ၌ တောင်သူလယ်သမားများ၏ စိုက်ပျိုးသီးနှံများ အောင်မြင်ဖြစ်ထွန်းစေရေးနှင့် မြေဆီလွှာဖွံ့ဖြိုးတိုးတက်စေရေးအတွက် သစ်စိမ်းမြေဩဇာ (ပိုက်ဆံလျှော်) စုပေါင်းကြဲပက်ပွဲကို ဝါးခယ်မမြို့နယ် အူကျွန်းကျေးရွာ ကွင်းအမှတ်-၁၀၁၅၊ ဦးပိုင်အမှတ်၃၆/၄၊ တောင်သူ အောင်မျိုးသိုက်၏ လယ်မြေ ၃ ဒသမ ၈၁ ဧက၌ ပြုလုပ်သည်။



အဆိုပါ သစ်စိမ်းမြေဩဇာ(ပိုက်ဆံလျှော်) စုပေါင်းကြဲပက်ပွဲကို ခရိုင်စိုက်တိုးမြှင့်အဖွဲ့ဥက္ကဋ္ဌ ဦးစန်းဌေး၊ မြို့နယ်စိုက်တိုးမြှင့် အဖွဲ့ဝင်များ၊ ကျေးရွာအုပ်ချုပ်ရေးမှူးများနှင့် တောင်သူများက စုပေါင်းဆောင်ရွက်ပြီး ခရိုင်စိုက်တိုးမြှင့်အဖွဲ့ဥက္ကဋ္ဌက တောင်သူများနှင့် တွေ့ဆုံ၍ မိုးစပါး ပန်းတိုင်အထွက်နှုန်းရောက်ရှိရေး၊ မိုးစပါးမစိုက်ပျိုးမီ ပိုက်ဆံလျှော် မြေခံစိုက်ပျိုးခြင်းဖြင့် မြေဆီလွှာကောင်းမွန်ပြီး သွင်းအားစုဓာတ်မြေဩဇာများ လျှော့ချသုံးစွဲနိုင်မည်ဖြစ်ကြောင်း၊ သီးနှံအထွက်တိုးကာ တောင်သူများ ဝင်ငွေတိုးပွားစေမည်ဖြစ်ကြောင်း အသိပညာပေး ဆွေးနွေးမှုများ ဆောင်ရွက်ခဲ့ကြောင်း သိရသည်။

**လွှမ်းသီဟ(ပြန်/ဆက်)**



## စစ်ကိုင်းသီလရှင် စာသင်တိုက်များသို့ ဝတ္ထုငွေ၊ ဆန်နှင့် စားသောက်ဖွယ်များ လှူဒါန်း

**မုံရွာ မေ ၂၃**

စစ်ကိုင်းတိုင်းဒေသကြီး မိခင်နှင့်ကလေးစောင့်ရှောက်မှုကြီးကြပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဒေါ်သီသီစိုးနှင့် စစ်ကိုင်းခရိုင် မိခင်နှင့်ကလေးစောင့်ရှောက်မှု ကြီးကြပ်ရေးအဖွဲ့ အဖွဲ့ဝင်များသည် မေ ၂၂ ရက် နံနက်ပိုင်းက မန္တလေးငလျင်ကြီး လှုပ်ခတ်မှုကြောင့် ထိခိုက်ပျက်စီးခဲ့သည့် စစ်ကိုင်းမြို့ သီလရှင်စာသင်တိုက်နှင့် သီလရှင်ကျောင်း ခြောက်ကျောင်းသို့ သွားရောက်ကာ ပျက်စီးဆုံးရှုံးမှုများသည့် ကျောင်းတိုက် နှစ်တိုက်ကို တစ်ကျောင်းလျှင် ငွေကျပ်သုံးသိန်းနှုန်းဖြင့်လည်းကောင်း၊ ကျောင်းတိုက် လေးခုကို တစ်ကျောင်းလျှင် ငွေကျပ်နှစ်သိန်းနှုန်းဖြင့်လည်းကောင်း ဝတ္ထုငွေများ ဆက်ကပ်လှူဒါန်းပြီး အဆိုပါကျောင်းတိုက် ခြောက်ခုကို ကျောင်းတစ်ကျောင်းလျှင် ဆန်သုံးပြည်အိတ် သုံးအိတ်၊ ခေါက်ဆွဲခြောက်ထုပ် တစ်ဖာ၊ ဖယောင်းတိုင်၊ ခြင်ဆေးခွေနှစ်ဖာ (တန်ဖိုးငွေကျပ် တစ်သိန်းနှုန်း)တို့ဖြင့် လှူဖွယ်ပစ္စည်းများ လှူဒါန်းခဲ့ကြောင်း သိရသည်။

**ခရိုင်(ပြန်/ဆက်)**



## မှော်ဘီမြို့နယ်၌ မီးသတ်တပ်ဖွဲ့ဝင်များက စုပေါင်းသန့်ရှင်းရေး ဆောင်ရွက်

**မှော်ဘီ မေ ၂၃**

မေ ၅ ရက်တွင် ကျရောက်မည့် (၇၉) နှစ်မြောက် မြန်မာနိုင်ငံ မီးသတ်တပ်ဖွဲ့နေ့ကို ဂုဏ်ပြုကြိုဆိုသောအားဖြင့် ရန်ကုန်တိုင်းဒေသကြီး မီးသတ်ဦးစီးမှူး၏ ညွှန်ကြားချက်အရ ခရိုင်မီးသတ်ဦးစီးမှူး၏ စီမံကြီးကြပ်မှုဖြင့် စုပေါင်းသန့်ရှင်းရေးဆောင်ရွက်ခြင်းကို ယနေ့နံနက်ပိုင်းက မှော်ဘီမြို့နယ် ပြည်သူ့ဆေးရုံကြီးဝင်းအတွင်း၌ ဆောင်ရွက်သည်။

ထိုသို့ ဆောင်ရွက်ရာတွင် မှော်ဘီမြို့နယ် မီးသတ်ဦးစီးမှူး ဦးကျော်ခိုင်စိုး ဦးဆောင်သော မီးသတ်တပ်ဖွဲ့ဝင်များက ဆေးရုံဝင်းအတွင်းရှိ အမှိုက်များရှင်းလင်းခြင်း၊ ရေဆေးခြင်းနှင့် ရေမြောင်းများ ရေစီးရေလာကောင်းမွန်ရေးနှင့် သစ်ပင်၊ သစ်ကိုင်းများရှင်းလင်းခြင်း စသည့်လုပ်ငန်းများကို ဆောင်ရွက်ခဲ့ကြောင်း သိရသည်။ **ကောင်းမြတ်သူ(မှော်ဘီ)**



သန်လျင်ခရိုင်၏ ၂၀၂၅-၂၀၂၆ ဘဏ္ဍာနှစ် ဒေသန္တရစီမံကိန်း တာဝန်ပေးအပ်ပွဲကို မေ ၂၃ ရက်က သန်လျင်မြို့ရှိ ခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန ရှင်စောပုခန်းမ၌ကျင်းပရာ ခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ခရိုင်စီမံကိန်းရေးဆွဲအကောင်အထည်ဖော်ရေးကော်မတီဥက္ကဋ္ဌ ဦးအောင်သိုက်ဝင်းက ခရိုင်အဆင့်ဌာနဆိုင်ရာများနှင့် မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌများအား စီမံကိန်းတာဝန်ပေးအပ်လွှာများ ပေးအပ်စဉ်။ သန်းဝင်း(သန်လျင်)

# တရားမဝင် သစ်မျိုးစုံ၊ လူသုံးကုန်ပစ္စည်းများ၊ လုပ်ငန်းသုံးပစ္စည်းများ၊ စားသောက်ကုန်ပစ္စည်းများ၊ ရေနံစိမ်းများ၊ လိုင်စင်မဲ့မော်တော်ဆိုင်ကယ်များနှင့် မော်တော်ယာဉ်များ ဖမ်းဆီးရမိ

**နေပြည်တော် မေ ၂၃**

တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေး ဦးဆောင်ကော်မတီ၏ ကြီးကြပ်ကွပ်ကဲမှုဖြင့် တရားမဝင်ကုန်သွယ်မှုများကို ဥပဒေနှင့်အညီ ထိရောက်စွာ တားဆီးအရေးယူနိုင်ရေး ဆောင်ရွက်လျက်ရှိသည်။

ထိုသို့ ဆောင်ရွက်လျက်ရှိရာ မေ ၂၁ ရက်က အကောက်ခွန်ဦးစီးဌာန၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့များက စစ်ဆေးမှုများဆောင်ရွက်ခဲ့ရာ ညောင်ခါးရှည်ကျေးရွာ Famous ဆီဆိုင်အနီး၌ မော်လမြိုင်မြို့မှ ရန်ကုန်မြို့သို့ မောင်းနှင်လာသည့် မော်တော်ယာဉ် တစ်စီးပေါ်မှ တရားဝင်စာရွက်စာတမ်းအထောက်အထား တင်ပြနိုင်ခြင်းမရှိသည့် လူသုံးကုန်ပစ္စည်း နှစ်မျိုး၊ စားသောက်ကုန်ပစ္စည်း နှစ်မျိုး (ခန့်မှန်းတန်ဖိုးငွေကျပ် ၁၃၂၀၄၀၀၀)နှင့် အဆိုပါပစ္စည်းများ တင်ဆောင်လာသည့် Yutong Bus တစ်စီး (ခန့်မှန်းတန်ဖိုးငွေကျပ် ၁၁၀၀၀၀၀၀၀) ကိုလည်းကောင်း၊ ညောင်ခါးရှည်ကျေးရွာ အောင်စိုးမိုး ဆီဆိုင်အနီး၌ မြဝတီမြို့မှ ရန်ကုန်မြို့သို့ မောင်းနှင်လာသော မော်တော်ယာဉ်တစ်စီးပေါ်မှ တရားဝင်စာရွက်စာတမ်း အထောက်အထားတင်ပြနိုင်ခြင်းမရှိသည့် လုပ်ငန်းသုံးပစ္စည်း နှစ်မျိုး (ခန့်မှန်းတန်ဖိုးငွေကျပ် ၁၁၈၆၅၀၀၀)နှင့် အဆိုပါပစ္စည်းများ တင်ဆောင်လာသည့် Mitsubishi Fuso Truck တစ်စီး (ခန့်မှန်းတန်ဖိုးငွေကျပ် ၃၀၀၀၀၀၀၀)ကိုလည်းကောင်း၊ ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်၌ ခရီးသည်နှစ်ဦး၏ ဝန်စည်များအတွင်းမှ တရားဝင်စာရွက်စာတမ်း အထောက်အထားတင်ပြနိုင်ခြင်းမရှိသည့် လူသုံးကုန်ပစ္စည်း နှစ်မျိုး၊ လုပ်ငန်းသုံးပစ္စည်း နှစ်မျိုး (ခန့်မှန်းတန်ဖိုး ငွေကျပ် ၃၀၅၅၀၀၀)ကိုလည်းကောင်း၊ စုစုပေါင်း ခန့်မှန်းတန်ဖိုး ငွေကျပ် ၁၆၈၁၂၄၀၀၀ ကို ဖမ်းဆီးရမိခဲ့ပြီး အကောက်ခွန် လုပ်ထုံးလုပ်နည်းများနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။



မကွေးတိုင်းဒေသကြီး၌ ဖမ်းဆီးရမိမှု။

ထို့ပြင် မေ ၂၂ ရက်က မကွေးတိုင်းဒေသကြီး တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့များက စစ်ဆေးမှုများ ဆောင်ရွက်ခဲ့ရာ မင်းဘူးမြို့နယ် ဆင်ခေါင်းကျေးရွာအနီး၌ မော်တော်ယာဉ် တစ်စီးပေါ်မှ တရားမဝင် ရေနံစိမ်းဂါလန် ၃၅၀ (ခန့်မှန်းတန်ဖိုးငွေကျပ် ၁၂၂၅၀၀၀)နှင့် အဆိုပါပစ္စည်းများ တင်ဆောင်လာသည့် Dong Feng Truck တစ်စီး (ခန့်မှန်းတန်ဖိုးငွေကျပ် ၂၀၀၀၀၀၀၀)ကို ပြည်သူပိုင်ပစ္စည်း ကာကွယ်ရေးအက်ဥပဒေအရလည်းကောင်း၊ ပခုက္ကူမြို့ မြို့ရှောင်လမ်းနှင့် သီတာလမ်းဆုံ၌ လိုင်စင်မဲ့ မော်တော်ဆိုင်ကယ်တစ်စီး (ခန့်မှန်းတန်ဖိုးငွေကျပ် ၇၀၀၀၀၀)ကို ပို့ကုန်သွင်းကုန်ဥပဒေအရလည်းကောင်း စုစုပေါင်း ခန့်မှန်းတန်ဖိုး ငွေကျပ် ၂၁၂၉၅၀၀၀ ကို ဖမ်းဆီးအရေးယူ ဆောင်ရွက်လျက်ရှိသည်။

ထို့အတူ မွန်ပြည်နယ် တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့များက စစ်ဆေးမှုများ ဆောင်ရွက်ခဲ့ရာ သထုံခရိုင်နှင့် ကျိုက်ထိုခရိုင်တို့အတွင်း၌ တရားမဝင် အခြားသစ် ၃ ဒသမ ၃၆၇ တန် (ခန့်မှန်းတန်ဖိုးငွေကျပ် ၁၉၉၈၅၀)ကို သစ်တောဥပဒေအရလည်းကောင်း၊ မော်လမြိုင်မြို့နယ်နှင့် ပေါင်မြို့နယ်တို့အတွင်း၌ လိုင်စင်မဲ့ မော်တော်ယာဉ် နှစ်စီးနှင့် လိုင်စင်မဲ့မော်တော်ဆိုင်ကယ် သုံးစီး (ခန့်မှန်းတန်ဖိုးငွေကျပ် ၂၇၀၀၀၀၀၀)ကို ပို့ကုန်သွင်းကုန်ဥပဒေအရလည်းကောင်း၊ စုစုပေါင်း ခန့်မှန်းတန်ဖိုး ငွေကျပ် ၂၇၁၉၉၈၅၀ ကို ဖမ်းဆီးအရေးယူဆောင်ရွက်လျက်ရှိသည်။

မေ ၂၃ ရက်တွင် ပဲခူးတိုင်းဒေသကြီး တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့များက စစ်ဆေးမှုများ ဆောင်ရွက်ခဲ့ရာ တောင်ငူခရိုင်၌ တရားမဝင် အခြားသစ် ၁ ဒသမ ၁၃၄ တန် (ခန့်မှန်းတန်ဖိုးငွေကျပ် ၁၀၅၄၆၂)ကို ဖမ်းဆီးရမိခဲ့ပြီး သစ်တောဥပဒေနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

၂၀၂၅ ခုနှစ် မေ ၂၁ ရက်၊ ၂၂ ရက်နှင့် ၂၃ ရက်တို့တွင် ဖမ်းဆီးရမိမှု စုစုပေါင်းမှာ အမှုတွဲ ၁၇ မှု၊ (ခန့်မှန်းတန်ဖိုးငွေကျပ် ၂၁၆၇၂၄၃၁၂)ကို ဖမ်းဆီးရမိခဲ့သည်။ တရားမဝင်ကုန်သွယ်မှုများကြောင့် အသေးစား၊ အငယ်စားနှင့် အလတ်စား ပြည်တွင်းစီးပွားရေးလုပ်ငန်းများမှ ထုတ်လုပ်သည့် ကုန်ပစ္စည်းများ ဈေးကွက်အတွင်း မျှတစွာ ယှဉ်ပြိုင်နိုင်မှုမရှိခြင်းနှင့် ဈေးကွက်ပျောက်ဆုံးခြင်းတို့ ဖြစ်ပေါ်စေပြီး ပြည်တွင်းကုန်ထုတ်လုပ်ငန်းများ ရေရှည်ရပ်တည်နိုင်ရေးအတွက် ကြီးမားသည့် ခြိမ်းခြောက်မှုများကို ဖြစ်ပေါ်စေသည်။ သို့ဖြစ်၍ သက်ဆိုင်ရာတာဝန်ရှိသူများက ယခုထက်ပိုမို၍ တားဆီးစစ်ဆေးကြပ်မတ်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေး ဦးဆောင်ကော်မတီမှ သတင်းရရှိသည်။

**သတင်းစဉ်**

## မိုးညှင်းမြို့နယ်နှင့် မြောက်ဥက္ကလာပမြို့နယ်တို့၌ မူးယစ်ဆေးဝါးများနှင့် စိတ်ကြွရူးသွပ်ဆေးပြားများ ဖမ်းဆီးရမိ

**နေပြည်တော် မေ ၂၃**

မူးယစ်ဆေးဝါး တားဆီးနှိမ်နင်းရေးရဲတပ်ဖွဲ့မှ တပ်ဖွဲ့ဝင်များ ပါဝင်သော ပူးပေါင်းအဖွဲ့သည် မေ ၂၁ ရက် ညနေ ၆ နာရီတွင် မိုးညှင်းမြို့နယ် ပင်လုံကျေးရွာအုပ်စု နန့်စီးအောင်ကျေးရွာအနီးတွင် စောသာထူး မောင်းနှင်ပြီး စောနိုင် လိုက်ပါလာသည့် MITSUBISHI CANTER အမျိုးအစား မော်တော်ယာဉ်ကို ရပ်တန့်စစ်ဆေးရှာဖွေရာ ဘိန်းဆီခဲ ၄၃ ဒသမ ၅ ကီလို (တစ်ကီလိုလျှင် ငွေကျပ် ၁၄ သိန်းနှုန်းဖြင့် ၎င်းဒေသတန်ဖိုး ငွေကျပ် ၆၀၉ သိန်းနှင့် ဘိန်းစိမ်း ၃၅ ကီလို (တစ်ကီလိုလျှင်ငွေကျပ် ၁၂ သိန်းနှုန်းဖြင့် ၎င်းဒေသတန်ဖိုးငွေကျပ် သိန်း ၄၂၀)တို့ကို သိမ်းဆည်းရမိခဲ့သည်။




စောသာထူးနှင့် စောနိုင်တို့အား သိမ်းဆည်းရမိသည့် မူးယစ်ဆေးဝါးများနှင့်အတူ တွေ့ရစဉ်။

အလားတူ ပူးပေါင်းအဖွဲ့သည် မေ ၂၁ ရက် မွန်းလွဲ ၃ နာရီတွင် မြောက်ဥက္ကလာပမြို့နယ် (၈) ရပ်ကွက် သုဓမ္မာလမ်းရှိ ကားဂိတ်တွင် ပါဆယ်ပစ္စည်း လာရောက်ထုတ်ယူသူ မလှဲ့ဇာလီဌေးအား စစ်ဆေးရှာဖွေရာ ၎င်းထုတ်ယူသည့် စက္ကူဂျပ်ဖာများအတွင်းမှ စိတ်ကြွရူးသွပ်ဆေးပြား ၄၈၀၀၀ ပြား (တစ်ပြားလျှင်ငွေ ၁၀၀၀ ကျပ်နှုန်းဖြင့် ၎င်းဒေသတန်ဖိုး ငွေကျပ် သိန်း ၄၈၀) သိမ်းဆည်းရမိခဲ့သဖြင့် ၎င်းတို့အား မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများဆိုင်ရာ ဥပဒေအရ အရေးယူထားကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

## ကွမ်းခြံကုန်းမြို့နယ်၌ ယာဉ်တိုက်မှုဖြစ်ပွား၍ အမျိုးသားတစ်ဦးနှင့် အမျိုးသမီးတစ်ဦး ဒဏ်ရာရရှိ

**နေပြည်တော် မေ ၂၃**

ရန်ကုန်တိုင်းဒေသကြီး ကွမ်းခြံကုန်းမြို့နယ်၌ မေ ၂၁ ရက်က ယာဉ်တိုက်မှုဖြစ်ပွား၍ အမျိုးသားတစ်ဦးနှင့် အမျိုးသမီးတစ်ဦး ဒဏ်ရာရရှိခဲ့ကြောင်း သိရသည်။

ဖြစ်စဉ်မှာ မေ ၂၁ ရက် ညနေ ၆ နာရီ မိနစ် ၅၀ တွင် ကွမ်းခြံကုန်းမြို့နယ် ကော့မှူး-ကွမ်းခြံကုန်းသွားကားလမ်းပေါ်၌ ယာဉ်တိုက်မှုဖြစ်ပွားကြောင်း သတင်းအရ အမှတ်(၅၄) ယာဉ်ထိန်းရဲတပ်ဖွဲ့စုမှ တပ်ဖွဲ့ဝင်များက သွားရောက်စစ်ဆေးရာ အဆိုပါလမ်းအတိုင်း အနောက်မှအရှေ့သို့ ဒေးဒရဲမြို့ (၂)ရပ်ကွက်နေ ညွန့်မောင်(၅၉)နှစ် မောင်းနှင်လာသည့် AYY-5 GG-/---- NISSAN AD VY 12 TAXI ယာဉ်သည် မိုင်တိုင်အမှတ် ၂၅ မိုင် ၄ ဖာလုံနှင့် ၅ ဖာလုံကြားအရောက်၌ အရှိန်မထိန်းနိုင်ဘဲ မျက်နှာချင်းဆိုင်ဘက်မှ အောင်ကျော်လင်းဦး မောင်းနှင်လာသည့် YGN-22 HH-/---- BYD E2(EV) TAXI ယာဉ်အား ဝင်ရောက်တိုက်မိခဲ့သဖြင့် ညွန့်မောင် မောင်းနှင်သောယာဉ်ပေါ်၌ လိုက်ပါလာသည့် ဖျာပုံမြို့နယ် အမာမြို့ တည်ပင်ဆိပ်ကျေးရွာနေ ဦးစိုးမင်း(၅၂)နှစ်၊ ဖျာပုံမြို့နယ် ကြို့တိုကျေးရွာနေ မအေးသန္တာ(၂၉)နှစ်တို့တွင် ဒဏ်ရာများရရှိခဲ့သောကြောင့် ညွန့်မောင်အား ကွမ်းခြံကုန်း မြို့မရဲစခန်းက အမှုဖွင့်အရေးယူထားကြောင်း သိရသည်။

**ရဲပြန်ကြား**



## တိုက်ကြီးမြို့နယ်၌ ယာဉ်တိုက်မှုဖြစ်ပွား၍ အမျိုးသမီးတစ်ဦး သေဆုံး

**နေပြည်တော် မေ ၂၃**

ရန်ကုန်တိုင်းဒေသကြီး တိုက်ကြီးမြို့နယ်၌ မေ ၂၁ ရက်က ယာဉ်တိုက်မှုဖြစ်ပွား၍ အမျိုးသမီးတစ်ဦး သေဆုံးခဲ့ကြောင်း သိရသည်။

ဖြစ်စဉ်မှာ မေ ၂၁ ရက် ည ၉ နာရီ ၅ မိနစ်တွင် တိုက်ကြီးမြို့နယ် ဖလုံလမ်းဆုံ၌ ယာဉ်တိုက်မှုဖြစ်ပွားကြောင်းသတင်းအရ အမှတ်(၆၁) ယာဉ်ထိန်းရဲတပ်ဖွဲ့စုမှ တပ်ဖွဲ့ဝင်များက သွားရောက်စစ်ဆေးခဲ့ရာ ရန်ကုန်-ပြည်လမ်းအတိုင်း တောင်ဘက်မှ မြောက်ဘက်သို့ သာယာဝတီမြို့နယ် ဇေဒင်ကုန်းကျေးရွာနေ ဖြိုးဝေအောင်(၃၂)နှစ်မောင်းနှင်လာသော SHN-23 5D-/---- HINO PROBOX TRUCK ယာဉ်သည် မိုင်တိုင်အမှတ် ၆၁ မိုင် ၁ ဖာလုံနှင့် ၂ ဖာလုံကြားအရောက်၌ အရှိန်မထိန်းနိုင်ဘဲ လမ်းဖြတ်ကူးသူ ဖလုံဘူတာကျေးရွာနေ ဒေါ်ချိုမာ(၅၀)နှစ်နေသူအား အရှိန်မထိန်းနိုင်ဘဲ ဝင်ရောက်တိုက်မိခဲ့သဖြင့် ဒေါ်ချိုမာတွင် ဒဏ်ရာများရရှိကာ အခင်းဖြစ်နေရာ၌ သေဆုံးသွားသောကြောင့် ဖြိုးဝေအောင်အား တိုက်ကြီးမြို့မရဲစခန်းက အမှုဖွင့်အရေးယူထားကြောင်း သတင်းရရှိသည်။

**ရဲပြန်ကြား**

## မူပိုင်ခွင့်ဆိုင်ရာမေတ္တာရပ်ခံအသိပေးခြင်း

၁။ ပြန်ကြားရေးဝန်ကြီးဌာန၊ မြန်မာ့အသံနှင့်ရုပ်မြင်သံကြားသည် အကျိုးအမြတ်ရယူခြင်းမရှိသော နိုင်ငံပိုင်ပြည်သူ့ဝန်ဆောင်မှုမီဒီယာဖြစ်သည်နှင့်အညီ (Free to Air – FTA)ဖြင့် အခမဲ့ ထုတ်လွှင့်လျက်ရှိရာ (MRTV-HD Channel)မှ အများပြည်သူများ ပျော်ရွှင်မှုဖြစ်စေရန်၊ အပန်းပြေစေရန်နှင့် စိတ်ခွန်အားသစ်များ ရရှိနိုင်ရန်အတွက် အပတ်စဉ် သောကြာနေ့ညများတွင် Friday Night Live Show ဖျော်ဖြေရေးအစီအစဉ်များကို ဆန်းသစ်တင်ဆက်လျက်ရှိပါသည်။

၂။ ယခုအခါ ၂၀၂၅ ခုနှစ်၊ ဧပြီလ(၂၅)ရက် (သောကြာနေ့)ညတွင် အများပြည်သူ အပန်းပြေ/စိတ်ချမ်းမြေ့စေရန်နှင့် စိတ်ခွန်အားဖြစ်စေရန်အတွက် ခေတ်ဟောင်း/ခေတ်ပေါ်တေးသီချင်းများနှင့် ရေဒီယိုတေးသီချင်းများကို မြန်မာ့အသံခေတ်ပေါ်တေးဂီတအဖွဲ့၏ တီးခတ်မှုနှင့်အတူ ပြင်ပ/ဌာနအဆိုရှင်များဖြင့် စုပေါင်း၍ **"မေတ္တာရေစင်"** တေးဂီတဖျော်ဖြေပွဲ ခေါင်းစဉ်ဖြင့် ရိုက်ကူးထုတ်လွှင့်မည်ဖြစ်၍ အောက်ပါတေးသီချင်းများအား အခမဲ့ အသုံးပြုမည်ဖြစ်ပါကြောင်း မူပိုင်ခွင့်ရှိသူများအား လေးစားစွာဖြင့် မေတ္တာရပ်ခံအသိပေး အကြောင်းကြားပါသည်-

(၂၅-၄-၂၀၂၅)ရက်နေ့တွင် မြန်မာ့အသံနှင့်ရုပ်မြင်သံကြား အစီအစဉ်မှ
"မေတ္တာရေစင်" တေးဂီတဖျော်ဖြေပွဲ ခေါင်းစဉ်ဖြင့် ရိုက်ကူးထုတ်လွှင့်မည့်
တေးသီချင်း(၁၀)ပုဒ်

| စဉ် | သီချင်းအမည် | အဆိုရှင် |
|---|---|---|
| ၁။ | မေတ္တာဝေသ်ဆန်း | တူယှဉ်တွဲပျော် ဂီတပွဲတော် ဆုရအဆိုရှင် |
| ၂။ | ပြန်လည်ထူထောင်ရေး | ပြင်ပအဆိုရှင် |
| ၃။ | နဂါးနီ | ပြင်ပအဆိုရှင် |
| ၄။ | ဘယ်ပန်းသာလို့ယဉ် | ပြင်ပအဆိုရှင် |
| ၅။ | မေတ္တာရေစင် | ဌာနအဆိုရှင် |
| ၆။ | မေတ္တာလက်ဆောင် | တူယှဉ်တွဲပျော် ဂီတပွဲတော် ဆုရအဆိုရှင် |
| ၇။ | အဝေရာဟန္တု | တူယှဉ်တွဲပျော် ဂီတပွဲတော် ဆုရအဆိုရှင် |
| ၈။ | မင်္ဂလာရှိသောနေ့သစ်ဆီသို့ | ပြင်ပအဆိုရှင် |
| ၉။ | လက်ရည်တစ်ပြင်တည်း | တူယှဉ်တွဲပျော် ဂီတပွဲတော် ဆုရအဆိုရှင် |
| ၁၀။ | လာဘ်မိုးစည်းစိမ်တထိန်ထိန် | ပြင်ပအဆိုရှင် |

## ကန့်ကွက်နိုင်ပါကြောင်း

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၁၄၅)၊ မြေကွက်အမှတ်(၇၅၅)၊ အကျယ်အဝန်း (၄၀ပေ × ၆၀ပေ)ရှိ ဦးဉာဏ်ထွန်း (၁၂/ဗတထ(နိုင်)၀၀၄၂၈၂) အမည်ပေါက် ပါမစ်မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ အကျိုးခံစားခွင့် အရပ်ရပ်အားလုံးတို့ကို ရောင်းချပိုင်ခွင့်ရှိသူ ဒေါ်သီတာဝင်း (၁၂/ဥကမ (နိုင်) ၁၇၀၈၀၅) ထံမှ ကျွန်ုပ်တို့၏မိတ်ဆွေက ဝယ်ယူရန်အတွက် စရန်ငွေ ပေးချေထားပြီး ဖြစ်ပါသည်။ အရောင်းအဝယ်အား ကန့်ကွက်လိုပါက ကျွန်ုပ်တို့ထံသို့ စာရွက်စာတမ်း အထောက်အထားမူရင်းများဖြင့် ယနေ့မှစ၍(၇)ရက်အတွင်းလာရောက် ကန့်ကွက်နိုင်ပါသည်။ ထိုရက်ကျော်လွန်ပါက အရောင်းအဝယ်ကိစ္စကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက် သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ

**ဦးခင်မောင်ဦး**
**LL.B, D.B.L, D.I.L.,**
တရားလွှတ်တော်ရှေ့နေ(စဉ်-၈၈၅၂)

**ဒေါ်လင်းလင်းထက်**
**LL.B,**
အထက်တန်းရှေ့နေ(စဉ်-၄၈၃၃၈)

၀၉ ၅၅၀ ၆၁၄၆ ၊ ၀၉ ၄၅၅၅၀ ၆၁၄၆

## ကန့်ကွက်နိုင်ပါကြောင်း

ရန်ကုန်တိုင်းဒေသကြီး၊ သာကေတမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၇/အနောက်)၊ မြစွာညိုအိမ်ရာ(စီမံကိန်း)၊ နှင်းဆီလမ်း၊ မြေကွက်အမှတ်(၂/ဃ)၊ အကျယ်အဝန်း (၉၃ပေ × ၇၇ပေ၆လက်မ)ရှိ ဦးရွှေလှိုင်(၁၂/လမတ (နိုင်)၀၂၂၆၁၆) အမည်ပေါက် နှစ်(၆၀)ဂရန်မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ အကျိုးခံစားခွင့် အရပ်ရပ်အားလုံးတို့ကို ရောင်းချပိုင်ခွင့်ရှိသူ အမည်ပေါက်ပိုင်ရှင် ဦးရွှေလှိုင် (၁၂/လမတ (နိုင်)၀၂၂၆၁၆)ထံမှ ကျွန်ုပ်တို့၏မိတ်ဆွေက ဝယ်ယူရန်အတွက် စရန်ငွေ ပေးချေထားပြီး ဖြစ်ပါသည်။ အရောင်းအဝယ်အား ကန့်ကွက်လိုပါက ကျွန်ုပ်တို့ထံသို့ စာရွက်စာတမ်း အထောက်အထားမူရင်းများဖြင့် ယနေ့မှစ၍ (၇)ရက်အတွင်းလာရောက် ကန့်ကွက်နိုင်ပါသည်။ ထိုရက်ကျော်လွန်ပါက အရောင်းအဝယ် ကိစ္စကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက် သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ

**ဦးခင်မောင်ဦး**
**LL.B, D.B.L, D.I.L.,**
တရားလွှတ်တော်ရှေ့နေ(စဉ်-၈၈၅၂)

**ဦးကျော်စိုးဦး**
**LL.B,**
အထက်တန်းရှေ့နေ(စဉ်-၅၄၁၈၉)

၀၉ ၅၅၀ ၆၁ ၄၆ ၊ ၀၉ ၄၂၅ ၃၀၇ ၂၇၃

## ကန့်ကွက်နိုင်ပါကြောင်း

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၄၀)၊ စိန်ပန်းလမ်း၊ မြေကွက်အမှတ်(၃၈၄)၊ အကျယ်အဝန်း (၄၀ပေ × ၆၀ပေ)ရှိ ဦးအောင်ကျော်မင်း (၁၂/လမန (နိုင်) ၁၃၇၇၉၇) အမည်ပေါက် နှစ်(၆၀)ဂရန်မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ အကျိုးခံစားခွင့် အရပ်ရပ်အားလုံးတို့ကို ရောင်းချပိုင်ခွင့်ရှိသူ ဦးမျိုးသက် (၁၂/သဃက (နိုင်) ၀၃၉၂၇၂) ထံမှ ကျွန်ုပ်တို့၏မိတ်ဆွေက ဝယ်ယူရန်အတွက် စရန်ငွေ ပေးချေထားပြီး ဖြစ်ပါသည်။ အရောင်းအဝယ်အား ကန့်ကွက်လိုပါက ကျွန်ုပ်တို့ထံသို့ စာရွက်စာတမ်း အထောက်အထား မူရင်းများဖြင့် ယနေ့မှစ၍(၇)ရက်အတွင်းလာရောက် ကန့်ကွက်နိုင်ပါသည်။ ထိုရက်ကျော်လွန်ပါက အရောင်းအဝယ်ကိစ္စကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက် သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ

**ဦးခင်မောင်ဦး**
**LL.B, D.B.L, D.I.L.,**
တရားလွှတ်တော်ရှေ့နေ(စဉ်-၈၈၅၂)

**ဒေါ်လင်းလင်းထက်**
**LL.B,**
အထက်တန်းရှေ့နေ(စဉ်-၄၈၃၃၈)

၀၉ ၅၅၀ ၆၁၄၆ ၊ ၀၉ ၄၅၅၅၀ ၆၁၄၆


**သင့်စီးပွားရေးလုပ်ငန်းများ အောင်မြင်ဖို့**

**မြန်မာ့အလင်းသတင်းစာတွင်**

**ကြော်ငြာစို့**


## ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
## သမဝါယမနှင့်ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန
## ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာန
## ရန်ကုန်တိုင်းဒေသကြီး
## မှော်ဘီခရိုင် / လှည်းကူးခရိုင် / တိုက်ကြီးခရိုင်
## လုပ်ငန်းသုံးပစ္စည်းများအား အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ သမဝါယမနှင့်ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန၊ ရန်ကုန်တိုင်းဒေသကြီး ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာန မှော်ဘီခရိုင်/လှည်းကူးခရိုင်/တိုက်ကြီးခရိုင်အတွင်းရှိ မြို့နယ်များတွင် ၂၀၂၅-၂၀၂၆ ဘဏ္ဍာရေးနှစ် ပြည်ထောင်စုနှင့် တိုင်းဒေသကြီး ငွေလုံးငွေရင်းရန်ပုံငွေဖြင့် ဆောင်ရွက်မည့် ကျေးလက်လမ်း၊ တံတား၊ Box Culvertနှင့် မြေထိန်းနံရံလုပ်ငန်းများ ဆောင်ရွက်ရန် လိုအပ်သော လုပ်ငန်းသုံးပစ္စည်းများအား မြန်မာကျပ်ငွေဖြင့် ဝယ်ယူလိုပါ၍ အိတ်ဖွင့်တင်ဒါ တင်သွင်းရန် ဖိတ်ခေါ်အပ်ပါသည်။

၂။ အိတ်ဖွင့်တင်ဒါပုံစံနှင့် စည်းကမ်းချက်များကို ရန်ကုန်တိုင်းဒေသကြီး၊ ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူး(မြို့ပြ)ရုံး၊ မှော်ဘီခရိုင်တွင် အောက်ပါအစီအစဉ်အတိုင်း ရောင်းချသွားမည် ဖြစ်ပါသည်-

(က) **တင်ဒါလျှောက်လွှာ စတင်ရောင်းချမည့်ရက်** - (၂၅-၄-၂၀၂၅) ရက်(သောကြာနေ့ )

(ခ) **တင်ဒါနောက်ဆုံး တင်သွင်းရမည့်ရက်** - (၁၄-၅-၂၀၂၅) ရက်(ဗုဒ္ဓဟူးနေ့ ) ၁၂:၀၀ နာရီအထိ

(ဂ) **တင်ဒါစိစစ်ရွေးချယ် ဖွင့်ဖောက်မည့်ရက်နှင့်အချိန်** - (၁၆-၅-၂၀၂၅) ရက်(သောကြာနေ့) နံနက် (၁၀ : ၀၀) နာရီ

(ဃ) **တင်ဒါတင်သွင်းရမည့် နေရာနှင့်ဖွင့်ပွဲကျင်းပမည့် နေရာ** - လက်ထောက်ညွှန်ကြားရေးမှူး(မြို့ပြ)ရုံး၊ ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာန၊ မှော်ဘီခရိုင်၊ မင်္ဂလာဒုံမြို့နယ်။

၃။ အသေးစိတ် အချက်အလက်များနှင့် တင်ဒါလျှောက်လွှာများအား လက်ထောက်ညွှန်ကြားရေးမှူး(မြို့ပြ)ရုံး၊ ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာန၊ မှော်ဘီခရိုင်၊ အမှတ်-၂၅၃(ခ)၊ ပုလဲမြို့သစ်(ဘိုခြံလမ်း)၊ မင်္ဂလာဒုံမြို့နယ်တွင် လာရောက်ကြည့်ရှုခြင်းဖြင့်လည်းကောင်း ဖုန်း-၀၉-၄၄၂၀၇၄၈၉၂ သို့ ရုံးချိန်အတွင်း စုံစမ်းမေးမြန်းနိုင်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

**တင်ဒါလက်ခံရေးနှင့်စိစစ်ရေးကော်မတီ**

## ဖခင်အမည်မှန်

ပဲခူးတိုင်းဒေသကြီး၊ တောင်ငူမြို့၊ အထက(၄) Grade-9 (C)မှ နော်စမိုင်းလင်းဇူဇာနှင့် Grade-3(C)မှ နော်မော်နီကာလင်းတို့၏ ဖခင်အမည်မှာ စောဂလိုမူး ၇/တငန (နိုင်)၁၁၇၂၆၄ ဖြစ်ပါကြောင်း။

## ကန့်ကွက်နိုင်ပါသည်

ယာဉ်အမှတ် 3A/8546,NISSAN DIESEL CK31Pယာဉ် လက်ဝယ်ရှိသူ ဦးရှုမောင် ၁၄/ဟသတ (နိုင်)၀၅၇၉၄၀ က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်၊ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် (၃၀)အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ခရိုင်ရုံး**
**(ဟသ်္ာတ)**

## ဖခင်အမည်မှန်

တပ်ကုန်းမြို့၊ ငွေ့ကြီးအုပ်စု၊ ကြပ်ချောင်းရွာမှ ၂၀၂၁-၂၀၂၂ ပညာသင်နှစ် ခုံအမှတ် နတက ၉၂၄ ဖြင့် အောင်မြင်ခဲ့သည့် မခိုင်သက်မွန် ၉/တကန(နိုင်)၂၅၅၄၃၆၏ ဖခင်အမည်မှန်မှာ ဦးချစ်ကိုကို ၉/တကန (နိုင်)၁၄၈၃၆၄ ဖြစ်ပါကြောင်း။

**ဦးချစ်ကိုကို**

## စာအုပ်စာပေလှူ့မိတ်ဆွေ

## ကန့်ကွက်နိုင်ပါကြောင်း

ပဲခူးမြို့၊ နန်းတော်ရာရပ်၊ အကွက်အမှတ်(၁၇ အိုင်)၊ အကွက်အမည်-မြို့တွင်းအရှေ့ရပ်၊ ဦးပိုင်အမှတ်(၃၇(C))၊ ဧရိယာ(၀.၀၃၈)ဧကရှိ အရှေ့လားသော်-၃၈(က)၊ အနောက်လားသော်-မြင်တော်သာလမ်း၊ တောင်လားသော်-၃၇(ခ)၊ မြောက်လားသော်-သနပ်ပင်လမ်း မြေကိုဒေါ်မော်ထက်မော်မှ ဘိုးဘပိုင်အမည်ပြောင်းပေးရန် လျှောက်ထားမှုနှင့် ပတ်သက်၍ ကန့်ကွက်လိုပါက အထောက်အထားခိုင်လုံစွာဖြင့် ၈-၅-၂၀၂၅ ရက်နောက်ဆုံးထား ကန့်ကွက်နိုင်ပါကြောင်း ကြေညာအပ်ပါသည်။

**ပဲခူးမြို့နယ်မြေစာရင်းဦးစီးဌာန၊ ပဲခူးမြို့**

## မြေနှင့်အိမ်အရောင်းအဝယ်နှင့်ပတ်သက်၍ ကန့်ကွက်နိုင်ပါကြောင်းနှင့် အများသိစေရန် ကြော်ငြာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ (၃၂)ရပ်ကွက်၊ ဦးကြင်ဥ(၃)လမ်း၊ မြေကွက်အမှတ်(၁၃၇၇)၊ အကျယ်အဝန်းအလျား(၄၀) ပေ x အနံ(၆၀)ပေ၊ ဧရိယာ(၀ဒသမ၀၅၅)ဧက ဟုခေါ်တွင်သော မြေနှင့်အိမ် အပါအဝင် ရေ၊ မီးအစုံနှင့် အကျိုးခံစားခွင့်အရပ်ရပ်တို့အား ယခုရောင်းချသူ၏ ဇနီးဖြစ်သူ အမည်ပေါက် ဒေါ်မြင့်မြင့်ခင်က ကွယ်လွန်သွားပြီး ယခုအခါ အမွေဆက်ခံပိုင်ဆိုင်သူ ခင်ပွန်း ဦးတင်မောင်အေး ၅/ခတန(နိုင်)၀၀၈၉၈၉က ပိုင်ဆိုင်ပြီး ရောင်းချခွင့်ရှိကြောင်း ဝန်ခံပြောဆိုရောင်းချရာ ကျွန်ုပ်၏ မိတ်ဆွေဖြစ်သူ ဦးမျိုးမင်းဟိန်း ၁၂/ဥကတ(နိုင်)၁၅၃၃၃၈ကက ဝယ်ယူရန် ရောင်းဖိုးငွေ၏ တစ်စိတ်တစ်ဒေသအား ပေးချေထားပြီးဖြစ်ပါသည်။ အထက်ဖော်ပြပါ အိမ်မြေကွက်နှင့် ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ကျွန်ုပ်ထံသို့ တိကျခိုင်လုံသော တရားဝင်စာချုပ်စာတမ်းမူရင်း အထောက်အထားများနှင့်တကွ ယခုကြော်ငြာပါသည့်ရက်မှစ၍ ခုနစ်ရက်အတွင်း လာရောက်ပြသကန့်ကွက်နိုင်ပါသည်။ ယင်းသတ်မှတ်သည့်ရက်ကျော်လွန်ပါက ဤအိမ်နှင့်မြေကွက် အရောင်းအဝယ်ကို ဆက်လက်ဝယ်ယူရန်အတွက် တရားဥပဒေနှင့်အညီ ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာ အပ်ပါသည်။

**ကျွန်ုပ်၏မိတ်ဆွေ ဦးမျိုးမင်းဟိန်း၏ လွှဲအပ်ညွှန်ကြားချက်အရ-**

**ဒေါ်စုစုအောင်(LL.B)**
**(စဉ်-၁၃၄၉၈/၂၀၁၇)**
**တရားလွှတ်တော်ရှေ့နေ**

**ဒေါ်ဖွေးလဲ့ဖြူ(LL.B)**
**(စဉ်-၅၃၁၃၁/၂၀၂၀)**
**အထက်တန်းရှေ့နေ**

**ရုံးခန်း-အမှတ်(၄၃၈/က)၊ သစ္စာလမ်း၊ (၁၀)ရပ်ကွက်၊ တောင်ဥက္ကလာပမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး၊ ဖုန်း-၀၉-၇၇၈၉၄၀၂၀၆**

## ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
## သမဝါယမနှင့် ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန
## ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာန
## ရန်ကုန်တိုင်းဒေသကြီး
## အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း
## တင်ဒါအမှတ်စဉ်(၁ / ၂၀၂၅-၂၀၂၆)

၁။ သမဝါယမနှင့်ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန၊ ရန်ကုန်တိုင်းဒေသကြီး ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာနအောက်ရှိ မြို့နယ်များတွင် ၂၀၂၅-၂၀၂၆ ဘဏ္ဍာရေးနှစ် ပြည်ထောင်စုနှင့် တိုင်းဒေသကြီး ငွေလုံးငွေရင်း ရန်ပုံငွေဖြင့် ဆောင်ရွက်မည့် ကျေးလက် လမ်း၊ တံတားနှင့် Box Culvert လုပ်ငန်းများအား . အကောင်အထည်ဖော် ဆောင်ရွက်ရန် မြန်မာနိုင်ငံသား လုပ်ငန်းရှင်များထံမှ မြန်မာကျပ်ငွေဖြင့် အိတ်ဖွင့်တင်ဒါ တင်သွင်းရန် ဖိတ်ခေါ်အပ်ပါသည်။

၂။ အိတ်ဖွင့်တင်ဒါပုံစံနှင့် စည်းကမ်းချက်များကို ရန်ကုန်တိုင်းဒေသကြီး၊ ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာန၊ ညွှန်ကြားရေးမှူး(မြို့ပြ)ရုံးတွင် အောက်ပါအစီအစဉ်အတိုင်း ရောင်းချသွားမည်ဖြစ်ပါသည်-

(က) **တင်ဒါလျှောက်လွှာ စတင်ရောင်းချမည့်ရက်** - (၂၅-၄-၂၀၂၅)ရက်(သောကြာနေ့)

(ခ) **တင်ဒါနောက်ဆုံး တင်သွင်းရမည့်ရက်** - (၉-၅-၂၀၂၅)ရက်(သောကြာနေ့) ၁၆:၃၀နာရီအထိ

(ဂ) **တင်ဒါဖွင့်ဖောက်မည့် ရက်နှင့်အချိန်** - (၁၂-၅-၂၀၂၅)ရက်(တနင်္လာနေ့) နံနက်(၉:၀၀)နာရီ

(ဃ) **တင်ဒါတင်သွင်းရမည့်နေရာနှင့် ဖွင့်ပွဲကျင်းပမည့်နေရာ** - ညွှန်ကြားရေးမှူး(မြို့ပြ)(ရုံး)၊ ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာန၊ အမှတ်(၁၁+၁၂)(၉၁)ရပ်ကွက်၊ ဇလွန်မြစ်(၃)လမ်း၊ ဒဂုံမြို့သစ်(ဆိပ်ကမ်း)မြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး၊

၃။ အသေးစိတ် အချက်အလက်များနှင့် တင်ဒါလျှောက်လွှာများအား ညွှန်ကြားရေးမှူး(မြို့ပြ)ရုံး၊ ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာန၊ ဒဂုံမြို့သစ်(ဆိပ်ကမ်း)မြို့နယ်တွင် လာရောက်ကြည့်ရှုခြင်းဖြင့်လည်းကောင်း၊ ဖုန်း-၀၉-၄၂၅၀၀၀၁၇၉နှင့် ၀၉-၄၅၁၃၉၂၂၀၇ တို့သို့ ရုံးချိန်အတွင်း စုံစမ်းမေးမြန်းနိုင်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

**တင်ဒါလက်ခံရေးနှင့် စိစစ်ရေးကော်မတီ**

## ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
## သမဝါယမနှင့်ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန
## ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာန
## ရန်ကုန်တိုင်းဒေသကြီး၊
## သန်လျင်ခရိုင် / တွံတေးခရိုင်
## လုပ်ငန်းသုံးပစ္စည်းများအား အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ သမဝါယမနှင့်ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန၊ ရန်ကုန်တိုင်းဒေသကြီး ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာန၊ သန်လျင်ခရိုင်/တွံတေးခရိုင်အတွင်းရှိ မြို့နယ်များတွင် ၂၀၂၅-၂၀၂၆ ဘဏ္ဍာရေးနှစ် ပြည်ထောင်စုနှင့် တိုင်းဒေသကြီး ငွေလုံးငွေရင်း ရန်ပုံငွေဖြင့် ဆောင်ရွက်မည့် ကျေးလက်လမ်း၊ တံတားနှင့် Box Culvert လုပ်ငန်းများ ဆောင်ရွက်ရန် လိုအပ်သော လုပ်ငန်းသုံး ပစ္စည်းများအား မြန်မာကျပ်ငွေဖြင့် ဝယ်ယူလိုပါ၍ အိတ်ဖွင့်တင်ဒါ တင်သွင်းရန် ဖိတ်ခေါ်အပ်ပါသည်။

၂။ အိတ်ဖွင့်တင်ဒါပုံစံနှင့်စည်းကမ်းချက်များကို ရန်ကုန်တိုင်းဒေသကြီး၊ ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူး(မြို့ပြ)ရုံး၊ သန်လျင်ခရိုင်တွင် အောက်ပါအစီအစဉ်အတိုင်း ရောင်းချသွားမည် ဖြစ်ပါသည်-

(က) **တင်ဒါလျှောက်လွှာ စတင်ရောင်းချမည့်ရက်** - (၂၅-၄-၂၀၂၅)ရက် ( သောကြာနေ့ )

(ခ) **တင်ဒါနောက်ဆုံး တင်သွင်းရမည့်ရက်** - (၁၄-၅-၂၀၂၅)ရက်(ဗုဒ္ဓဟူးနေ့ ) ၁၂:၀၀ နာရီအထိ

(ဂ) **တင်ဒါစိစစ်ရွေးချယ် ဖွင့်ဖောက်မည့်ရက်နှင့်အချိန်** - (၁၅-၅-၂၀၂၅)ရက် (ကြာသပတေးနေ့) နံနက် (၁၀ : ၀၀) နာရီ

(ဃ) **တင်ဒါတင်သွင်းရမည့် နေရာနှင့် ဖွင့်ပွဲကျင်းပမည့် နေရာ** - လက်ထောက်ညွှန်ကြားရေးမှူး(မြို့ပြ)ရုံး၊ ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာန သန်လျင်ခရိုင်၊ သန်လျင်မြို့နယ်။

၃။ အသေးစိတ်အချက်အလက်များနှင့် တင်ဒါလျှောက်လွှာများအား လက်ထောက်ညွှန်ကြားရေးမှူး(မြို့ပြ)ရုံး၊ ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာန၊ သန်လျင်ခရိုင်၊ အမှတ်- ၁၁၃၆/၁၊ ပိတောက်လမ်း၊ ဘုရားကုန်း အဆင့်-၁၊ ဘုရားကုန်းကျေးရွာ၊ စစ်စီးတော၊ သန်လျင်မြို့နယ်တွင် လာရောက် ကြည့်ရှုခြင်းဖြင့်လည်းကောင်း ဖုန်း- ၀၉-၄၂၉၂၀၇၆၉၀၊ ၀၉- ၄၄၉၅၃၉၅၆၆ သို့ ရုံးချိန်အတွင်း စုံစမ်းမေးမြန်းနိုင်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

**တင်ဒါလက်ခံရေးနှင့်စိစစ်ရေးကော်မတီ**

## ကန့်ကွက်နိုင်ပါကြောင်း

ပဲခူးမြို့၊ မြို့တွင်းကြီးရပ်၊ အကွက်အမှတ်(၁၇ ဒီ)၊ အကွက်အမည်-ပန်းခြံကုန်း၊ ဦးပိုင်အမှတ်(၉(ယ))၊ ဧရိယာ(၀.၀၄၄)ဧကရှိ အရှေ့လားသော်-နောက်ဖေးလမ်း၊ အနောက်လားသော်-စန္ဒာမရလမ်း၊ တောင်လားသော်-၉(က)၊ မြောက်လားသော်-၉(က) မြေကိုဒေါ်မော်ထက်မော်မှ ဘိုးဘပိုင်အမည်ပြောင်းပေးရန် လျှောက်ထားမှုနှင့် ပတ်သက်၍ ကန့်ကွက်လိုပါက အထောက်အထားခိုင်လုံစွာဖြင့် ၈-၅-၂၀၂၅ ရက်နောက်ဆုံးထား ကန့်ကွက်နိုင်ပါကြောင်း ကြေညာအပ်ပါသည်။

**ပဲခူးမြို့နယ်မြေစာရင်းဦးစီးဌာန၊ ပဲခူးမြို့**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် ၇၇ယ/၃၂၆၆၇, Honda Click 125 M/C ယာဉ်လက်ဝယ်ရှိသူ ဦးစိုးပြည့်ဟိန်း ၆/မမန(နိုင်) ၁၈၄၂၃၀ က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညနမှ၊ခရိုင်ရုံး(မြိတ်)**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် ၆စယ/၅၂၁၄၃, Honda Wave 100 M/C ယာဉ်လက်ဝယ်ရှိသူ ဦးဟိန်းဇင်စိုး ၆/မမန(နိုင်) ၁၉၃၈၂၄က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညနမှ၊ခရိုင်ရုံး(မြိတ်)**

## ဖောင်းကြွပျောက် လျှောက်ထားခြင်း

ယာဉ်အမှတ် 4L/5972 ၏ ဖောင်းကြွနံပါတ်ပြား ပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြား အဟောင်းသည် ပျက်ပြယ်ကြောင်း အများသိစေရန် ကြော်ငြာအပ်ပါသည်။

**ကညနမှ၊ခရိုင်ရုံး(မြိတ်)**

## အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ မန္တလေးတိုင်းဒေသကြီး၊ ညောင်ဦးမြို့နယ်၊ ပုဂံမြို့ဟောင်းရှိ အာနန္ဒာမြတ်စွာဘုရားကြီး၏ အထွဋ်စေတီ၊ ကွမ်းထောင်တော်၊ မုခ်ကပ်ဆင်းတုတော်များနှင့် နတ်ရုပ်ကြီးများ၏ ရွှေမိုက်ချတ်လုပ်ငန်းကို အိတ်ဖွင့်တင်ဒါခေါ်ယူ ပြုလုပ်မည်ဖြစ်ပါသည်။

၂။ လုပ်ငန်းလုပ်ကိုင်လိုသူများ တင်ဒါတင်သွင်းနိုင်ရန် ဖိတ်ခေါ်အပ်ပါသည်။

၃။ လျှောက်လွှာပုံစံနှင့် တင်ဒါစည်းကမ်းများကို အာနန္ဒာဘုရားဂေါပကအဖွဲ့ထံ မှ ရယူနိုင်ပါသည်။

(၁) **တင်ဒါလျှောက်လွှာစတင်လက်ခံမည့်ရက်** - ၂၈-၄-၂၀၂၅ရက်

(၂) **တင်ဒါလျှောက်လွှာပိတ်မည့်ရက်** - ၅-၅-၂၀၂၅ရက် ညနေ ၄နာရီ

(၃) တင်ဒါဖွင့်မည့်ရက်နှင့်အချိန်ကို ကြိုတင်အကြောင်းကြားပါမည်။

**အာနန္ဒာဘုရားဂေါပကအဖွဲ့**
**ပုဂံမြို့**

ဆက်သွယ်ရန်ဖုန်း - ၀၉-၂၀၄၂၉၇၅၊ ၀၉-၄၄၁၁၃၀၈၉၅၊ ၀၉-၇၅၀၅၆၀၈၇၄

## ငြင်းချက်ထုတ်ရန်သမ္မန်စာ

**(တရားမကျင့်ထုံးဥပဒေအမိန့်-၅၊နည်းဥပဒေ-၂၀)**
**ရွှေတောင်မြို့နယ်တရားရုံးတော်**
**၂၀၂၅ခုနှစ်၊ တရားမကြီးမှုအမှတ်-၈**

၁။ ဦးသက်နောင်ငွေး **နှင့်** ဦးမြင့်ဆွေ
၂။ ဦးငြိမ်းချမ်းကျော်
**(တရားလိုများ)** **(တရားပြိုင်)**

ပဲခူးတိုင်းဒေသကြီး၊ ပြည်ခရိုင်၊ ရွှေတောင်မြို့၊ ယွန်းတန်းရပ်ကွက်၊ လမ်းမတော်လမ်းနေ တရားပြိုင် ဦးမြင့်ဆွေ(ဘ)ဦးဆွေ(ယခုနေရပ်လိပ်စာ မသိ) သိစေရမည်။

သင့်အပေါ်တွင် တရားလို ဦးသက်နောင်ငွေးနှင့် ဦးငြိမ်းချမ်းကျော်တို့က ကတိပဋိညာဉ်အတိုင်း အရောင်းအဝယ်စာချုပ်အား မှတ်ပုံတင်ပေးစေလိုမှု လျှောက်ထားစွဲဆိုချက်ရှိသည်ဖြစ်၍ သင်ကိုယ်တိုင်ဖြစ်စေ၊ သို့တည်းမဟုတ် ၎င်းအမှုနှင့်စပ်လျဉ်း၍ အရေးကြီးသည့် စကားအရပ်ရပ်တို့ကို ချေပပြောဆိုနိုင်သူ သင့်ကိုယ်စားလှယ် ရုံးတော်အခွင့်အမိန့်ရ ရှေ့နေဖြစ်စေ၊ သို့တည်းမဟုတ် ၎င်းအမှုနှင့် စပ်ဆိုင်သည့်အချက်များကို ချေပပြောဆိုနိုင်သူ တစ်ဦးတစ်ယောက် ၎င်းရှေ့နေနှင့်ပါစေ၍ဖြစ်စေ ၂၀၂၅ခုနှစ်၊ မေလ ၁၂ရက်(၁၃၈၇ခုနှစ်၊ ကဆုန်လဆုတ် ၁ရက်) မွန်းမတည့်မီ ၁၀နာရီတွင် အထက်ကအမည်ရေးသားပါရှိသူသည် တရားလိုများ၏ စွဲဆိုချက်ကို ထုချေရှင်းလင်းရန် ဤရုံးသို့ လာရောက်ရမည်။ ၎င်းအပြင် သင်သိစေရမည်မှာ အထက်ကဆိုခဲ့သည့်ရက်တွင် သင်မလာရောက် ပျက်ကွက်ခဲ့လျှင် သင့် ကွယ်ရာတွင် ငြင်းချက်များကို ထုတ်ပေးလိမ့်မည်။ ၎င်းအပြင် တရားလိုများက ကြည့်ရှုလိုသည့်စာချုပ်စာတမ်းနှင့် သင်က ထုချေတင်ပြအမှီပြုလိုသည့် စာချုပ်စာတမ်း အစရှိသည်တို့ကို သင့်ကိုယ်စားလှယ် ရှေ့နေလက်တွင် ထည့်အပ်ပို့လိုက် ရမည်။ သင်က ထုချေလွှာ တင်သွင်းလိုလျှင် အမှုမဆိုင်မီ လေးရက်က တင်သွင်းရမည်။

၂၀၂၅ခုနှစ်၊ ဧပြီလ ၁၁ ရက်တွင် ဤရုံးတော်တံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုးထုတ်ပေးလိုက်သည်။

**(ထက်ယုယုအောင်)**
**မြို့နယ်တရားသူကြီး**
**ရွှေတောင်မြို့နယ်တရားရုံး**

## ကန့်ကွက်နိုင်ကြောင်းကြော်ငြာခြင်း

မုံရွာမြို့၊ စက်မှုဇုန်ရပ်ကွက်၊ အကွက်အမှတ်နှင့် အမည်( ၃/၄၅၊ နန္ဒဝန် (စက်မှုဇုန်)၊ (စန္ဒကူးလမ်း-၂၁ )၊ ဧရိယာ (၀.၁၁၀)ဧကရှိမြေအား မြို့မြေအမှုတွဲအမှတ် ၃၂၄၆/ ၁၉၉၄-၁၉၉၅ အရ (၁၉- ၈-၁၉၉၄)မှ (၁၈-၈-၂၀၂၄)ထိ ဗိုလ်မှူးကြီးနေဝင်း အမည်ဖြင့် နှစ်(၃၀) မြေငှားစာချုပ်ချထားပေးသောမြေ ဖြစ်ပြီး မြို့မြေအမှုတွဲအမှတ် ၂၉ V ၄၊ ၂၀၁၆-၂၀၁၇ အရ ဗိုလ်မှူးကြီးနေဝင်း အမည်မှ ဦးခင်မောင်ကျော် အမည်သို့ ( ၉-၉-၂၀၁၆ )ရက်နေ့မှစ၍ မူလသက်တမ်းအတိုင်း အမည်ပြောင်းချထားပေးသောမြေအား ဦးခင်မောင်ကျော်မှ မြေငှားစာချုပ်( သက်တမ်းတိုး ) လျှောက်ထားရာ ကျိုးကြောင်းဖော်ပြချက်ခိုင်လုံစွာဖြင့် ကန့်ကွက်တင်ပြနိုင်သူမည်သူမဆို ယခုလျှောက်ထားခြင်းကို ဆောင်ရွက်မပေးသင့်ကြောင်း အထောက်အထားခိုင်လုံစွာဖြင့် ကန့်ကွက်လွှာများကို ဤရုံးသို့ကြော်ငြာသည့် ရက်မှစ၍ရက်ပေါင်း(၁၅)ရက်အတွင်း ကန့်ကွက်နိုင်ကြောင်းနှင့် ကန့်ကွက်မှုမရှိပါက လျှောက်ထားသူအား အထက်မြန်မာပြည်မြေနှင့် အခွန်စည်းမျဉ်း ဥပဒေပါ ပြဋ္ဌာန်းချက်များနှင့် အညီ မြေငှားစာချုပ်(သက်တမ်းတိုး) ခွင့်ပြုမည်ဖြစ်ကြောင်း အသိပေးကြေညာအပ်ပါသည်။ **ကော်လိတ္တော်အရာရှိ**
**မုံရွာခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန**

## ကန့်ကွက်နိုင်ပါသည်

မော်လမြိုင်မြို့၊ ဈေးကြိုရပ်ကွက်၊ ကင်းမွန်ခြံလမ်း၊ ကွင်းအမှတ်နှင့် အမည် ၉၃/ဈေးချိုအရှေ့၊ ဦးပိုင်အမှတ် ၉၅/ဍ၊ ဧရိယာ (၀.၄၅)ဧကရှိမြေကို ဒေါ်ကြည်ဝင်းသည် မှတ်ပုံတင်စာချုပ်အမှတ်-၂၂/၁၉၈၄အရ တရားဝင်ဝယ်ယူပိုင်ဆိုင်ထားပြီး၊ မော်လမြိုင်မြို့နယ်မြေစာရင်းဦးစီးဌာန(၁-က)စာရင်းတွင်လည်း ဒေါ်ကြည်ဝင်းအမည်ဖြင့် မှတ်သားတည်ရှိပါသည်။ ဒေါ်ကြည်ဝင်းသည် အထက်ဖော်ပြပါမြေဧရိယာအနက်မှ (၀.၂၉)ဧကရှိမြေကို မော်လမြိုင်မြို့စာချုပ်စာတမ်းမှတ်ပုံတင်ရုံး၌ မှတ်ပုံတင်စာချုပ်အမှတ်-၅၅၀/၂၀၂၄အရ ဦးစိုးမြင့်ဦးနှင့် ဒေါ်မိုမိုနောင်တို့အား မှတ်ပုံတင်စာချုပ်ချုပ်ဆို၍ ရောင်းချပေးပေးခဲ့ပြီးဖြစ်ပါသည်။ ဦးစိုးမြင့်ဦးနှင့် ဒေါ်မိုမိုနောင်တို့သည် ၎င်းတို့ဝယ်ယူထားသော အိမ်နှင့်မြေကွက်ကို ဦးပိုင်ခွဲစိတ်ခွင့်ရရှိရေးလျှောက်ထားခဲ့ရာ ဦးပိုင်အမှတ် ၉၅/လ၊ ဧရိယာ (၀.၂၉)ဧကဖြင့် ဦးပိုင်ခွဲစိတ်ခွင့်ရရှိခဲ့ပြီးဖြစ်ပါသည်။ ယခုအခါ ဦးစိုးမြင့်ဦးနှင့် ဒေါ်မိုမိုနောင်တို့သည် ၎င်းတို့တရားဝင် ဝယ်ယူပိုင်ဆိုင်ခဲ့သော အထက်ဖော်ပြပါမြေကွက်ကို ၎င်းတို့၏အမည်ဖြင့် အမည်ပြောင်းလဲပေးရန် လျှောက်ထားလာသဖြင့် တစ်စုံတစ်ရာကန့်ကွက်လိုပါက ဤကြော်ငြာပါသည့်ရက်မှစ၍ ရက်ပေါင်း (၃၀)အတွင်း ခိုင်လုံသောပိုင်ဆိုင်မှုအထောက်အထားမူရင်းများနှင့်တကွ မော်လမြိုင်မြို့နယ် မြေစာရင်းဦးစီးဌာနရုံးသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း တစ်စုံတစ်ရာကန့်ကွက်မှုမရှိပါက ဦးစိုးမြင့်ဦးနှင့် ဒေါ်မိုမိုနောင်တို့မှ အမည်ပြောင်းလဲပေးရန် လျှောက်ထားလာခြင်းအပေါ် နည်းဥပဒေညွှန်ကြားချက်များနှင့်အညီ ဆက်လက်ဆောင်ရွက်ပေးသွားမည်ဖြစ်ပါသည်။

**မော်လမြိုင်မြို့နယ်မြေစာရင်းဦးစီးဌာန၊ မော်လမြိုင်မြို့**

# ကန့်ကွက်နိုင်ပါကြောင်း

ပြည်ခရိုင်၊ ပြည်မြို့နယ်နှင့်ပန်းတောင်းမြို့နယ်ရှိ အောက်ဖော်ပြပါ နေရာများတွင် မြေငှားဂရန် (အမည်ပြောင်း/သက်တမ်းတိုး) လျှောက်ထားလာပါသဖြင့် ကန့်ကွက်လိုပါက ခိုင်လုံသော မှတ်ပုံတင်စာချုပ်စာတမ်းများ၊ အထောက်အထားများဖြင့် ဤကြော်ငြာပါသည့်ရက်မှစ၍ (၁၅)ရက်အတွင်း ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်ရန်မရှိပါက လုပ်ထုံးလုပ်နည်းနှင့်အညီ မြေငှားဂရန်(အမည်ပြောင်း/သက်တမ်းတိုး)ခွင့်ပြုချထားပေးသွားမည်ဖြစ်ပါကြောင်း ကြေညာအပ်ပါသည်-

| စဉ် | လျှောက်ထားသူ အမည် | မူလ အမည်ပေါက်သူ | ကွင်းအမှတ်/ အမည် | ဦးပိုင် အမှတ် | ဧရိယာ | ရပ်ကွက် | မှတ်ချက် |
|---|---|---|---|---|---|---|---|
| ၁ | ဒေါ်တင်မာအေး | ဦးကြီးမြင့် | ၁၆/ဂန္ဓမာ စက်မှုကွက် | က-၇ | ၀.၀၅၂ | ရွာဘဲ | ပြောင်း |
| ၂ | ဒေါ်တင်မာအေး | ဦးကြီးမြင့် | ၁၆/ဂန္ဓမာ စက်မှုကွက် | A-၁၀ | ၀.၁၃၀ | ရွာဘဲ | ပြောင်း |
| ၃ | ဒေါ်ခင်ချိုဦး | - | ၄၃/ ဆည်မြောင်းကွက် | ၂၂ | ၀.၁၂၈ | ရတနာပုံ | သစ် |
| ၄ | ဒေါ်ခင်မျိုးဦး | - | ၄၂/ လမ်းဆုံကွက် | ၆၀ | ၀.၅၄၀ | ရတနာပုံ | သစ် |

**ကော်လိတ္တော်အရာရှိ**
**ပြည်ခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန**
**ပြည်မြို့**

## မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ၊ ပြည်သူ့ဆက်ဆံရေးနှင့် ပြန်ကြားရေးဌာန၊ (၂၀၂၅-၂၀၂၆)ခု ဘဏ္ဍာရေးနှစ် (၄/၂၀၂၅လမှ ၃/၂၀၂၆)လအထိ မန္တလေးနေ့စဉ်သတင်းစာများပုံနှိပ်ထုတ်ဝေနိုင်ရန်အတွက် သတင်းစာစက္ကူ (News Print Paper Brite 48.8gsm 30" size)အမျိုးအစား (၁၁၇)တန် ဝယ်ယူခြင်းကို အောက်ပါအစီအစဉ်အတိုင်း အိတ်ဖွင့်တင်ဒါခေါ်ယူမည်ဖြစ်ပါသည်-

(က) **တင်ဒါပုံစံစတင်ရောင်းချမည့်ရက်** - ၂၈ - ၄-၂၀၂၅ ရက်

(ခ) **တင်ဒါပုံစံရောင်းချမည့်နေရာ** - မန္တလေးနေ့စဉ်သတင်းစာတိုက် ၃၅လမ်းနှင့် ၃၆လမ်းကြား လမ်း၇၀နှင့် ၇၁လမ်းကြား

(ဂ) **တင်ဒါနောက်ဆုံးတင်သွင်းရန် နေ့ရက်နှင့်အချိန်** - ၁၉- ၅-၂၀၂၅ ရက် ညနေ(၄:၃၀)နာရီ

(ဃ) **တင်ဒါတင်သွင်းရမည့်နေရာ** - မန္တလေးနေ့စဉ်သတင်းစာတိုက် ၃၅လမ်းနှင့် ၃၆လမ်းကြား လမ်း၇၀နှင့် ၇၁လမ်းကြား

(င) **တင်ဒါရွေးချယ်မည့် နေ့ရက်နှင့် အချိန်** - ၂၂-၅-၂၀၂၅ နံနက်(၀၉:၃၀)နာရီ

(စ) **တင်ဒါရွေးချယ်မည့်နေရာ** - မန္တလေးမြို့တော်စည်ပင် သာယာရေးကော်မတီရုံး၊ အစည်းအဝေးခန်းမ

(ဆ) **တင်ဒါလျှောက်လွှာတစ်စုံ ရောင်းချဈေးနှုန်း** - ၁၀၀၀၀ ကျပ်

၂။ အသေးစိတ်အချက်အလက်များကို သိရှိလိုပါက ဖုန်း-၀၉-၂၀၅၁၇၅၂၊ ၀၂-၂၈၄၇၃၉၈၊ ၀၉-၇၉၇၅၇၅၂၇၄ တို့ကို ရုံးချိန်အတွင်း ဆက်သွယ်မေးမြန်းစုံစမ်းနိုင်ပါသည်။

**ပြည်သူ့ဆက်ဆံရေးနှင့် ပြန်ကြားရေးဌာန**

## ငြင်းချက်ထုတ်ရန်ဆင့်စာ

**တရားမကျင့်ထုံးဥပဒေအမိန့် ၅၊ နည်းဥပဒေ ၁နှင့် ၅)**
**မြိတ်မြို့နယ်တရားရုံး**
**၂၀၂၅ခုနှစ်၊ တရားမကြီးမှုအမှတ်-၈**

ဦးမောင်မောင်ကြီး **နှင့်** ၁။ ဦးမင်းဇော်ဦး
၂။ ဒေါ်ရွှေမြင့်
**(တရားလို)** **(တရားပြိုင်များ)**

တနင်္သာရီတိုင်းဒေသကြီး၊ မြိတ်ခရိုင်၊ မြိတ်မြို့၊ ကလွင်ကျေးရွာအုပ်စု၊ တောင်ပြိုရပ်၊ မြို့ပတ်(၁)လမ်းနေသူ (၁)ဦးမင်းဇော်ဦး(၂)ဒေါ်ရွှေမြင့် (အတူနေလင်မယား)(ယခုနေရပ်လိပ်စာမသိသူ)သိစေရမည်။

သင့်အပေါ်တွင် တရားလို ဦးမောင်မောင်ကြီးက (ရောင်းကြေးကျန်ငွေသိန်း(၅၀)ကျပ်ကိုလက်ခံ၍ မှတ်ပုံတင်အရောင်းအဝယ်စာချုပ်ချုပ်ဆိုပေးပြီး နေအိမ်နှင့်မြေကိုလက်ရောက်ပေးအပ်စေလိုမှု(သို့မဟုတ်)ရယူထားသော စရန်ငွေ၏ (၂)ဆဖြစ်သောသိန်း(၄၀၀)ကျပ်ရလိုမှု) လျှောက်ထားစွဲဆိုချက်ရှိသည်ဖြစ်၍ သင်ကိုယ်တိုင်ဖြစ်စေ၊ သို့တည်းမဟုတ် ၎င်းအမှုနှင့်စပ်လျဉ်း၍ အရေးကြီးသည့် စကားအရပ်ရပ်တို့ကို ချေပပြောဆိုနိုင်သူ ကိုယ်စားလှယ်နှင့်ဖြစ်စေ၊ သို့တည်းမဟုတ် ရှေ့နေနှင့်ဖြစ်စေ၊ ၂၀၂၅ ခုနှစ်၊ မေလ (၂၂)ရက် (၁၃၈၇ ခုနှစ်၊ ကဆုန်လဆုတ် ၁၁)ရက် နံနက်(၁၀)နာရီတွင် အထက် အမည်ပါသူများအနေဖြင့် တရားလို၏အဆိုလွှာကို ထုချေရှင်းလင်းရန် ဤရုံးတော်သို့ လာရောက်ရမည်။ ထို့ပြင် သင်တို့သိစေရမည်မှာ အထက်ကဆိုခဲ့သည့်ရက်တွင် သင်တို့မလာရောက် ပျက်ကွက်ခဲ့လျှင် သင်တို့ကွယ်ရာတွင် ငြင်းချက်များကို ထုတ်ပေးလိမ့်မည်။ ၎င်းပြင် တရားလိုကကြည့်ရှုလိုသည့် စာရွက်စာတမ်းများနှင့် သင်တို့ကထုချေတင်ပြအမှီပြုလိုသည့် စာရွက်စာတမ်း အစရှိသည်တို့ကို သင်တို့နှင့်အတူ ယူဆောင်လာရမည်။ သို့မဟုတ် သင်တို့ကိုယ်စားလှယ်ရှေ့နေလက်ဝယ်တွင် ထည့်အပ်လိုက်ရမည်။ သင်တို့က ထုချေလွှာတင်သွင်းလိုလျှင် အမှုမဆိုင်မီ လေးရက်က တင်သွင်းရမည်။

၂၀၂၅ခုနှစ်၊ ဧပြီလ ၂၂ ရက်တွင် ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုးထုတ်ပေးလိုက်သည်။

**(မေကဗျာအေးကြည်)**
**တွဲဖက်မြို့နယ်တရားသူကြီး**
**မြိတ်မြို့နယ်တရားရုံး**

## အများသိစေရန် ကန့်ကွက်နိုင်ကြောင်းကြော်ငြာခြင်း

ဖျာပုံခရိုင်၊ ဒေးဒရဲမြို့၊ ပြည်တော်သာလမ်း၊ အမှတ်(၁)ရပ်ကွက်၊ အကွက်အမှတ်(B-3/ဒေးဒရဲအထက်)၊ ဦးပိုင်အမှတ်(၄)၊ ဧရိယာ(၀ဒသမ၀၄၀)ဧကရှိ မြေကွက်အား ဦးဇော်နိုင်(ခ)ရာမီစလေသူ ၁၄/ဒဒရ(ဧည့်) ၀၀၀၂၉၈ အမည် ဖြင့် မြေငှားဂရန်လျှောက်ထားမှုအပေါ် ကျိုးကြောင်းဖော်ပြချက် ခိုင်လုံစွာဖြင့် ကန့်ကွက်တင်ပြသူမည်သူမဆို ယခုကြော်ငြာစာပါသည့်ရက်မှစ၍ (၁၅)ရက်ပြည့်မြောက်သည့်ရက်အထိ ကန့်ကွက်နိုင်ကြောင်းနှင့် ကန့်ကွက်သူမရှိပါက လျှောက်ထားမှုအား လုပ်ထုံးလုပ်နည်း၊ ညွှန်ကြားချက်များနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန် ကြော်ငြာအပ်ပါသည်။

**ကော်လိတ္တော်အရာရှိ၊ ခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ ဖျာပုံမြို့**

## ကန့်ကွက်နိုင်ကြောင်း အများသိစေရန် အသိပေးကြေညာခြင်း

ရန်ကုန်မြို့၊ စမ်းချောင်းလမ်း၊ အမှတ် (၄၅)နေ ဦးဝင်းလှိုင်မျိုးထွန်း (၁၂/စခန(နိုင်)၀၆၂၁၀၆) ၏ လွှဲအပ်ညွှန်ကြားချက်အရ သိစေအပ်သည်မှာ-

ပြင်ဦးလွင်မြို့၊ အင်းထိပ်ဦးကျေးရွာ၊ ကွင်းအမှတ်(ပြင်)၊ ဦးပိုင်အမှတ် (၅၀)၊ ဧရိယာ (၁.၁၆၁)ဧကရှိ မြေကို ဦးဝင်းလှိုင်မျိုးထွန်းမှ ဝယ်ယူပိုင်ဆိုင်ပြီး လက်ရှိထားရှိပါသည်။ အဆိုပါမြေနှင့် ပတ်သက်ပြီး ကန့်ကွက်လိုသူရှိပါက (၇) ရက်အတွင်း အထောက်အထားအပြည့်အစုံဖြင့် လာရောက်ကန့်ကွက်နိုင်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။ ကြေညာသည့်ရက်မှစ၍ (၇)ရက်အတွင်း အထောက်အထားအပြည့်အစုံဖြင့် လာရောက်ကန့်ကွက်သူမရှိပါက ဥပဒေနှင့်အညီ ဆောင်ရွက်ရန်ရှိသည့် ကိစ္စအရပ်ရပ်ကို ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ**
**ဦးနေလင်းအောင် (LL.B) တရားလွှတ်တော်ရှေ့နေ စဉ်-၈၉၆၆**
**အမှတ် (၁၀၀)၊ ပြည်တော်သာ (၃) လမ်း၊ ရပ်ကွက်ကြီး (၅)၊**
**ပြင်ဦးလွင်မြို့၊ ဖုန်း-၀၉-၂၀၄၆၇၃၉၊ ၀၉-၇၈၂၀၄၆၇၃၉**

## ငြင်းချက်ထုတ်ရန်ဆင့်စာ

**(တရားမကျင့်ထုံးဥပဒေအမိန့်-၅၊ နည်းဥပဒေ- ၂၀)**
**ချမ်းမြသာစည်မြို့နယ်တရားရုံး**
**၂၀၂၅ ခုနှစ်၊ တရားမကြီးမှုအမှတ်- ၈၄**

ဒေါ်သန်းသန်းငွေး **နှင့်** ဒေါ်ခင်ဆွေဦး
(၎င်း၏အထူးကိုယ်စားလှယ်စာရသူ ဒေါ်တင်နွယ်)
**တရားလို** **တရားပြိုင်**

မန္တလေးမြို့၊ အကွက်အမှတ် (၈၅၈)၊ ဦးပိုင် (၂-လ)၊ ချမ်း/တောင်ရပ်ကွက်၊ ချမ်းမြသာစည်မြို့နယ်နေ ဒေါ်ခင်ဆွေဦး(ဘ)ဦးမြင့်မောင် (၎င်း၏အထူးကိုယ်စားလှယ်စာရသူ ဒေါ်တင်နွယ်) (ဘ)ဦးအောင်မြတ်စံ သိစေရမည်။

သင့်အပေါ်၌ တရားလို ဒေါ်သန်းသန်းငွေးက မန္တလေးမြို့၊ ချမ်းမြသာစည်မြို့နယ်၊ ထွန်တုံးရပ်ကွက်၊ အကွက်အမှတ် (၁၀-၅)၊ ဦးပိုင် (၅)၊ ဧရိယာ (၀.၀၅၅၁)ဧက အကျယ်အဝန်းရှိ ဂရန်မြေကွက်အား ကတိပဋိညာဉ်ပါအတိုင်း မှတ်ပုံတင်အရောင်းအဝယ်စာချုပ်ချုပ်ဆိုပေးစေလိုမှု ရလိုကြောင်းနှင့် လျှောက်ထားစွဲဆိုသည်ဖြစ်၍ သင်ကိုယ်တိုင်ဖြစ်စေ၊ ၎င်းအမှုနှင့်စပ်လျဉ်း၍အရေးကြီးသည့် စကားအရပ်ရပ်တို့ကို ချေပပြောဆိုနိုင်သူ ကိုယ်စားလှယ်နှင့်ဖြစ်စေ၊ ရှေ့နေနှင့်ဖြစ်စေ ၂၀၂၅ခုနှစ်၊ မေလ (၇)ရက်၊ (၁၃၈၇ ခုနှစ်၊ ကဆုန်လဆန်း ၁၁ရက်) မွန်းမတည့်မီ ၁၀နာရီတွင် အထက်အမည်ပါသူ တရားလို၏အဆိုလွှာကို ထုချေရှင်းလင်းရန် ရုံးတော်သို့လာရောက်ရမည်။ ၎င်းပြင် အထက်ပါနေ့ရက်တွင် သင်မလာမရောက် ပျက်ကွက်ခဲ့လျှင် သင့်မျက်ကွယ်တွင် ငြင်းချက်များကို ထုတ်ပေးလိမ့်မည်။ ၎င်းပြင် တရားလိုကကြည့်ရှုလိုသည့် စာရွက်စာတမ်းများနှင့် သင်ကထုချေတင်ပြအမှီပြုလိုသည့် စာချုပ်စာတမ်းအစရှိသည်တို့ကို သင့်နှင့်အတူ ယူဆောင်လာရမည်။ သို့မဟုတ် သင်၏ကိုယ်စားလှယ်ရှေ့နေလက်တွင် ထည့်အပ်လိုက်ရမည်။ သင်ကထုချေလွှာတင်သွင်းလိုလျှင် အမှုမဆိုင်မီ လေးရက်က တင်သွင်းရမည်။

၂၀၂၅ခုနှစ်၊ မတ်လ(၂၆)ရက် ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုးထုတ်ပေးလိုက်သည်။

**(ကောင်းမြတ်နေခြည်ထူး)**
**ဒုတိယမြို့နယ်တရားသူကြီး (၂)**
**ချမ်းမြသာစည်မြို့နယ်တရားရုံး**

## ကန့်ကွက်နိုင်ပါကြောင်း

ပဲခူးမြို့၊ ရှင်စောပုရပ်၊ အကွက်အမှတ်(၁၆ ဘီ)၊ အကွက်အမည်-မြို့တွင်းအနောက်ရပ်၊ ဦးပိုင်အမှတ်(၆၅(က)$^{၃}$)၊ ဧရိယာ(၀.၀၁၂)ဧကရှိ အရှေ့လားသော်-ရှင်စောပုလမ်း၊ အနောက်လားသော်-၆၈၊ တောင်လားသော်-၆၅(က)$^{၂}$၊ မြောက်လားသော်-၆၅(က)$^{၁}$ မြေကို ဦးဝင်းထိုက်မှ ဘိုးဘပိုင်အမည်ပြောင်းပေးရန် လျှောက်ထားမှုနှင့် ပတ်သက်၍ ကန့်ကွက်လိုပါက အထောက်အထားခိုင်လုံစွာဖြင့် ၉-၅-၂၀၂၅ ရက် နောက်ဆုံးထား ကန့်ကွက်နိုင်ပါကြောင်း ကြေညာအပ်ပါသည်။

**ပဲခူးမြို့နယ်မြေစာရင်းဦးစီးဌာန၊ ပဲခူးမြို့**

## ကန့်ကွက်နိုင်ပါကြောင်း

ပဲခူးမြို့၊ ရှင်စောပုရပ်၊ အကွက်အမှတ်(၁၆ ဘီ)၊ အကွက်အမည်-မြို့တွင်းအနောက်ရပ်၊ ဦးပိုင်အမှတ်(၆၅(က)$^{၂}$)၊ ဧရိယာ(၀.၀၃၈)ဧကရှိ အရှေ့လားသော်-ရှင်စောပုလမ်း၊ အနောက်လားသော်-၆၈၊ တောင်လားသော်-၆၅$^{(၁)}$၊၆၆$^{(ခ)}$၊မြောက်လားသော်-၆၅(က)$^{၃}$ မြေကိုဦးဝင်းထိုက်မှ ဘိုးဘပိုင်အမည်ပြောင်းပေးရန် လျှောက်ထားမှုနှင့် ပတ်သက်၍ ကန့်ကွက်လိုပါက အထောက်အထားခိုင်လုံစွာဖြင့် ၉-၅-၂၀၂၅ ရက် နောက်ဆုံးထား ကန့်ကွက်နိုင်ပါကြောင်း ကြေညာအပ်ပါသည်။

**ပဲခူးမြို့နယ်မြေစာရင်းဦးစီးဌာန၊ ပဲခူးမြို့**

## အများသိစေရန် ကြေညာခြင်း

မန္တလေးတိုင်းဒေသကြီး၊ ပြင်ဦးလွင်မြို့နယ်၊ ရပ်ကွက်ကြီး(၇)နေ ဒေါ်လွင်မီမီသက်(ဘ)ဦးစိန်လှိုင် ၉/မကန(နိုင်) ၀၇၉၅၁၈သည် မန္တလေးတိုင်းဒေသကြီး၊ ပြင်ဦးလွင်မြို့နယ်၊ ကျွဲနွားထောက်ကျေးရွာရှိ ကွင်းအမှတ်(၇၀၆)၊ မြေဧရိယာ (၀ဒသမ၈၉)ဧကမှခွဲ၍ အကွက်အမှတ်(E)၊ မြေအကျယ်အဝန်း(၄၀x၄၁x၆၀x၆၀)ပေရှိ မြေကွက်နှင့် မန္တလေးတိုင်းဒေသကြီး၊ ပြင်ဦးလွင်မြို့နယ်၊ကျွဲနွားထောက်ကျေးရွာရှိ ကွင်းအမှတ်(၇၀၆)၊ မြေဧရိယာ(၃ဒသမ၄၃)ဧကမှခွဲ၍ အကွက်အမှတ်(D-1)၊မြေအကျယ်အဝန်း(၃၈x၄၆x၆၀x၆၀)ပေရှိမြေကွက်နှစ်ကွက်အား ဒေါ်လွင်မီမီသက် မှ တရားဝင်ဝယ်ယူလက်ရှိထား ပိုင်ဆိုင်ပြီး ရောင်းချပိုင်ခွင့်ရှိကြောင်း ဝန်ခံကတိပြု၍ ကျွန်ုပ်၏မိတ်ဆွေ ဒေါ်ဆုအိနိုင်(ဘ)ဦးတင်ဦး ၁၂/ပဘတ (နိုင်) ၀၂၉၉၉၀မှ (၉-၄-၂၀၂၄)ရက်တွင် အကွက်အမှတ်(E)အားလည်းကောင်း၊ (၁၄-၃-၂၀၂၅)ရက်တွင် အကွက်အမှတ်(D-1)အားလည်းကောင်း ဥပဒေနှင့်အညီ အပြီးသတ်ငွေပေးချေ၍ လက်ရောက်ရယူပိုင်ဆိုင်ထားပြီးဖြစ်ပါသည်။

သို့ဖြစ်ပါ၍ အဆိုပါမြေကွက်နှစ်ကွက်နှင့်ပတ်သက်သည့် မြေပေါ်မြေအောက် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့သည် ကျွန်ုပ်မိတ်ဆွေ ဒေါ်ဆုအိနိုင်တစ်ဦးတည်းကသာလျှင် ပိုင်ဆိုင်အကျိုးခံစားခွင့်ရှိသူဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

| | |
|---|---|
| **လွှဲအပ်ညွှန်ကြားသူ** | **လွှဲအပ်ညွှန်ကြားချက်အရ-** |
| **ဒေါ်ဆုအိနိုင်** | **ဒေါ်နှင်းသန္တာဖြူ(LL.B)** |
| ၁၂/ပဘတ(နိုင်)၀၂၉၉၉၀ | တရားလွှတ်တော်ရှေ့နေ(စဉ်-၁၁၆၇၆) |
| တိုက်(၄)၊ အခန်း(၂၀၂) | အမှတ်(၂၅၀)၊ပြည်တော်သာ(၅)လမ်း၊ ရပ်ကွက် |
| သာယာရွှေပြည်အိမ်ရာ၊ | ကြီး(၅)၊ ပြင်ဦးလွင်မြို့၊ |
| (၁၆)ရပ်ကွက်၊ | ဖုန်း-၀၉-၄၀၂၆၁၇၂၂၁၊ ၀၉-၄၃၁၇၂၀၄၅ |
| ဘောက်ထော်၊ ရန်ကုန်မြို့ | |

## သားအဖြစ်မှ မသက်ဆိုင်တော့ပါကြောင်း အများသိစေရန် ကြေညာခြင်း

နေပြည်တော်၊ လယ်ဝေးမြို့၊ အမှတ်(၂)ရပ်ကွက်၊ ကန်သာယာ(၂) လမ်း၊ အိမ်အမှတ်(၂/၁၉၈)နေ (ဦးအောင်ကြည်)- ဒေါ်သန်းသန်းမူ ၉/လဝန(နိုင်) ၀၃၂၄၆၈တို့၏သား မောင်ဟိန်းထက်စိုး ၉/လဝန(နိုင်) ၂၄၈၂၅၅သည် မိခင်၏ပြောဆိုဆုံးမမှုကို မနာခံဘဲ ခွင့်မလွှတ်နိုင်သောအပြုအမူများ ပြုလုပ်နေပြီး (၁၄-၄-၂၀၂၅)ရက်တွင်လည်း မိမိသဘောဆန္ဒအလျောက် နေအိမ်မှဆင်းသွားပါသဖြင့် ဤကြော်ငြာပါသည့်ရက်မှစ၍ အမွေစားအမွေခံသားအဖြစ်မှ စွန့်လွှတ်လိုက်ပြီဖြစ်ကြောင်း၊ မောင်ဟိန်းထက်စိုးနှင့် ပတ်သက်သည့်ကိစ္စအဝဝကို လုံးဝ(လုံးဝ) တာဝန်ယူမည်မဟုတ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဒေါ်သန်းသန်းမူ ၉/လဝန(နိုင်) ၀၃၂၄၆၈**




## ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ ရန်ကုန်လျှပ်စစ်ဓာတ်အားပေးရေးကော်ပိုရေးရှင်း (အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း)

၁။ စီမံရေးဌာနမှဓာတ်အားခွဲရုံကြီးများ တည်ဆောက်ရေးဌာနစိတ်၊ မြေအောက်ဓာတ်ကြိုးဌာနစိတ်တို့မှ ဆောင်ရွက်မည့် လုပ်ငန်းများအတွက် လိုအပ်သောပစ္စည်းများအား မြန်မာကျပ်ငွေဖြင့်ဝယ်ယူလိုပါသည်။

၂။ တင်ဒါပုံစံများနှင့် အချက်အလက်များကို ဌာနမှ သတ်မှတ်နှုန်းထားအတိုင်း (၂၄-၄-၂၀၂၅)ရက်နေ့မှစတင်ဝယ်ယူ၍ သတ်မှတ်ရက်အတွင်း လျှောက်ထားရမည်။

၃။ တင်ဒါပိတ်ရက်မှာ (၈.၅.၂၀၂၅) ရက်နေ့၊ (၁၄:၀၀) နာရီဖြစ်ပြီး အသေးစိတ်အချက်အလက်များသိရှိလိုပါက ဌာနသို့ရုံးချိန်အတွင်းလာရောက်စုံစမ်းနိုင်ပါသည်။

**တင်ဒါကော်မတီ**

## တင်ဒါခေါ်ယူခြင်း

၁။ စစ်ကိုင်းတိုင်းဒေသကြီး မီးသတ်ဦးစီးမှူးရုံး ၂၀၂၅-၂၀၂၆ ဘဏ္ဍာရေးနှစ်တွင် ဆောင်ရွက်မည့် အောက်ပါလုပ်ငန်းများနှင့်စပ်လျဉ်း၍ တင်ဒါတင်သွင်းရန် ဖိတ်ခေါ်အပ်ပါသည်-

